The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 25 တနင်္လာနေ့တိုင်းထုတ်ဝေသည် July 11 , 2016

ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အရေးပါသော ထောက်ပံ့ပို့ဆောင်မှု (Logistics for Trade Promotion)

|pmrsuES- 8|

မူဆယ်တွင် သကြားတစ်အိတ် ယွမ် ၁၃၀ ခန့်ရရှိ

|pmrsuES- 20|

Hitachi နှင့် JP Media Direct တို့ ပူးပေါင်း၍ မြန်မာ့စာတိုက်လုပ်ငန်း၏ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းကို အီလက်ထရောနစ်စနစ်သို့ ပြောင်းလဲမည်

|Supplement - C|

# တစ်ဖက်နိုင်ငံမှာ အဝယ်လိုက်နေတဲ့ မြန်မာ့ကြက်သွန်နီ များများတင်ပို့နိုင်ဖို့



မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့်တရုတ်နိုင်ငံသို့ဇွန်လအတွင်း နေ့စဉ် ကြက်သွန်နီ ကားအစီးရေငါးစီးမှ ၂၀ စီး အထိ တင်ပို့လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိ ကန်ဒေါ်လာ ၃ ဒသမ ၇၈၂ သန်း တန်ဖိုးရှိ ကြက်သွန်နီ တန်ချိန် ၁၆၁၂၉ ဒသမ ၂၄၀ တန်၊ တင်ပို့ နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီလ ကနေ ဇွန်လကုန်ထိ အမေရိကန်ဒေါ်လာ

|Supplement - A|



## ရှမ်းမြောက်ဒေသထွက် နာနတ်သီးများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးတင်ပို့ရေးမှသည် တိုးချဲ့စိုက်ပျိုးတင်ပို့ရေးဆီသို့

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံ သို့ ဇွန်လဆန်းမှစ၍ နာနတ်သီးများ နေ့စဉ်ကားစီးရေသုံးစီးမှ ၁၂ စီးအထိ တင်ပို့လျက်ရှိကြောင်း၊ ဇွန်လအတွင်း နာနတ်သီး

|pmrsuES- 17|

## အန္တရာယ်ရှိ နိုင်ငံခြားမုန့်မျိုးစုံ နေရာမှာ မြန်မာ့ရိုးရာစားစရာများ ဝင်ရောက်နေရာယူနိုင်ဖို့

ကျွန်တော်တို့ စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောဆွေးနွေးတဲ့အခါမှာ နိုင်ငံခြားတိုင်းပြည်က မုန့်တွေရဲ့ အန္တရာယ်အကြောင်းကို မပြောမဖြစ်ပြောခဲ့ရပါတယ်။ ဒါကြောင့်လည်း ကလေးတွေက နိုင်ငံခြားက မုန့်တွေမစားရင် ဘာမုန့်တွေ စားရမလဲလို့ မေးခွန်းမေးစရာ ဖြစ်လာပါတယ်။

|pmrsuES- 12|



# China Shipping(Myanmar) Co.,Ltd

## A BETTER ONE

*Bigger*

*Further*

*Faster*

**AS AGENT FOR**

- -COSCO CONTAINER LINES LTD.
- -COSCO CONTAINER SOUTHEAST ASIA,
- -GOLDEN SEA SHIPPING
- -CHINA SHIPPING CONTAINER LINES




**Address:**

**Room 1001/1002 10th Floor & Room 904 9th Floor,Tower B**
**Myawaddy Bank Luxury Complex,Coner of Bogyoke Aung San Street,**
**Wardan Street,Lanmadaw Tsp,Yangon.**

**Tel : +95-1-2301329,2300157,2300158,2301357,2301358@ 10th Floor**
**+95-1-2301336,2302226,2302227 temporaily @ 9th Floor for operation**

**Email : marketing Dept -marketing@cnshipping.com.mm**
**Booking Dept - booking@cnshipping.com.mm**
**Export Doc - expdoc@cnshipping.com.mm**
**import Doc - impdoc@cnshipping.com.mm**



# ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပက်ဂွင်ဟေးအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ်အဖြစ်သွားရောက်ခဲ့ရာ ဆိုးလ်မြို့ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၄ ရက် နံနက် ၇:၁၅ အချိန်တွင် ရောက်ရှိခဲ့ပါသည်။

ဇူလိုင် ၄ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Korea International Trade Association (KITA) သို့ သွားရောက်ခဲ့ပြီး KITA ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြသည်။ ထို့နောက် KITA ၏လုပ်ငန်းများကို လေ့လာခဲ့ကြပြီး နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ သွားရောက်၍ ဝန်ကြီး H.E. Mr. Joo Hyung Hwan အားတွေ့ဆုံနှုတ်ဆက်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများအား ဆွေးနွေးခဲ့ပါသည်။

မွန်းလွဲ ၃ နာရီအချိန်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမ္မတအိမ်တော်သို့ သွားရောက်၍ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပက်ဂွင်ဟေးအား ဂါရဝပြုတွေ့ဆုံပြီး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ တည်ထောင်နိုင်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး ပင်မစီမံကိန်းတစ်ရပ်

စာမျက်နှာ ၁၅ သို့ ➲

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သတ္တမအကြိမ်မြောက် မြန်မာ–ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြား



သတ္တမအကြိမ်မြောက် မြန်မာ-ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို ဇူလိုင် ၈ ရက်တွင် နေပြည်တော်ရှိ Grand Amara ဟိုတယ် Ballroom ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနား မစတင်မီ Grand Amara ဟိုတယ် Ballroom ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်အား ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး H. E. Mrs. Apiradi Tantraporn နှင့်အဖွဲ့က လာရောက်တွေ့ဆုံကာ နှစ်နိုင်ငံစီးပွားရေး ကုန်သွယ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၁၅ သို့ ➲

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးစင်တာအား ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး၏ဖိတ်ကြားချက်အရ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့သွားရောက်စဉ် ဆိုးလ်မြို့ ဂမ်းနမ်းရပ်တွင် ဖွင့်လှစ်ထားသော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးစင်တာကို ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. JooHyung Hwan ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်တို့နှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကုန်သွယ်မှုမြှင့်တင်ရေးစင်တာကို မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေးကို ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကုန်သွယ်ရေး ကိုယ်စားလှယ် Mr. Hosub In က တာဝန်ယူကြီးကြပ်မည်ဖြစ်သည်။ စင်တာတွင် မြန်မာ့ပို့ကုန်များကို ခင်းကျင်းပြသထားကာ မြန်မာနိုင်ငံဆိုင်ရာ ကုန်သွယ်မှုနှင့် စီးပွားရေးသတင်းအချက်အလက်များ၊ မြန်မာ့ဈေးကွက်အခြေအနေ၊ တင်သွင်းနိုင်မည့် ကုန်စည်များ၊ အလားအလာရှိသည့် မိတ်ဖက်ကုမ္ပဏီများအကြောင်းတို့ကိုလည်း မေးမြန်းစုံစမ်းနိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **အောင်စိုး**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မှူ
ဝင်းဝင်းစမ်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.25 Monday July 11 2016

# ဆန်ချောဈေး အနည်းငယ် မြင့်တက်ပြီး အရောင်းအဝယ်အေးလျက်ရှိ

ရန်ကုန်မြို့ ဆန်စပါးဈေးကွက် မှာဝါးတန်းကုန်စည်ဒိုင်ရဲ့ ဇူလိုင် ၇ ရက် လက်ကားဆန်ဈေးနှုန်းအရ ဖျာပုံပေါ်ဆန်း တစ်အိတ် ထိပ်စ ၃၅၀၀၀ ကျပ်၊ လတ်စဆန်တစ်အိတ် ၃၂၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေပြီး မြောင်းမြပေါ်ဆန်း တစ်အိတ် ထိပ်စ ၃၆၅၀၀ ကျပ် ဖြစ်တဲ့ အတွက် ယခင်တစ်ပတ်ဈေးထက် တစ်အိတ်ကို ၅၀၀ ကျပ်ဈေးတက်လာပါ တယ်။ မြောင်းမြပေါ် ဆန်းကတော့ တစ်အိတ်ကို ၃၄၅၀၀ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။

နယ်စုံပေါ်ဆန်းဆန်ကတော့ တစ်အိတ်ကို ထိပ်စ ကျပ် ၃၄၀၀၀ လတ်စ ၃၂၀၀၀ ကျပ်ဖြစ်တဲ့အတွက် ယခင်တစ်ပတ်ထက် ထိပ်စ တစ်အိတ်ကို ၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၅၀၀ ကျပ်သို့ ဈေးမြင့်တက် လာ ခဲ့ပါတယ်။ ကုန်စည်ဒိုင်သို့ ဆန်ချော အဝင်ပုံမှန်ရှိပြီး အရောင်း အဝယ် အေးနေကြောင်း ဝါးတန်း ဆန်စပါးကုန်စည်ဒိုင်မှ သိရပါတယ်။

ဆန်ချော အနည်းငယ် မြင့်တက် ပေမယ့် ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ကတော့ လက်ကားဈေး ထိပ်စတစ် အိတ် ၂၃၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၂၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။ နှွေသီးထပ် (ရှယ်) တစ်အိတ် ၁၉၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ဖြစ်တဲ့အတွက် တစ်အိတ်ကို ၃၀၀ ကျပ် ဈေးကျလာပါတယ်။ နှွေဆန် ရက် ၉၀ တစ်အိတ် ၁၉၅၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်ဖြစ်ပြီး ယခင်တစ်ပတ်ထက် ၁၅၀၀ ကျပ်မှ ၅၀၀ ကျပ် ဈေးကျလာပါတယ်။ မနောသုခကတော့ တစ်အိတ်ကို ၂၆၀၀၀ ကျပ်မှ ၂၇၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။ ပြည်ပပို့တဲ့ ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ် ကျပ် ၁၇၂၀၀ မှ ကျပ် ၁၇၅၀၀ ဖြစ်ပြီး တစ်အိတ်ကျပ် ၂၀၀ မှ ၃၀၀ ထိ ဈေးတက်လာကြောင်း သိရပါတယ်။ ဆန်ကြမ်းဒိုင်သို့ အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း ရန်ကုန် ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဇူလိုင် ၈ ရက် ဈေးနှုန်းအရ ဧည့်မထဆန် ၅ မှတ် မော်ဘီတစ်အိတ် ၁၄၃ မှ ၁၄၆ ယွမ် ဈေးရှိပြီး ၃ ယွမ် ဈေးတက်လာပါ တယ်။ ဧည့်မထ ၅ မှတ် စူပါတစ်အိတ် ၁၄၆ မှ ၁၄၉ ယွမ်နဲ့ ဈေးငြိမ်နေပါတယ်။ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ၁၄၄ မှ ၁၄၅ ယွမ် နဲ့ဈေးငြိမ်နေပါတယ်။ မနောသုခ ၂၅ မှတ် တစ်အိတ် ၁၃၀ မှ ၁၃၄ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၀ မှ ၁၄၃ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၃၆ မှ ၁၃၈ ယွမ်နဲ့ ဈေးငြိမ်နေပါတယ်။

ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ မူဆယ်ကုန်စည်ဒိုင်သို့ နယ်စုံမှ ပြည်တွင်းဆန် နေ့စဉ်ပျမ်းမျှ တန်ချိန် ၁၂၄၇ တန်ခန့် အဝင်ရှိပြီး ရက်သတ္တပတ်အတွင်း ၈၇၃၀ တန်ခန့် ဝင်ရောက်ပါတယ်။ ဇူလိုင် ၈ ရက်နေ့ရဲ့ ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၇၁ ဒသမ ၆၇ ကျပ် ဈေးပေါက်ပြီး ယခုတစ်ပတ်အတွင်း ကုန်သည်အဝင်နည်းတယ်လို့ မူဆယ် ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇွန်လအတွင်း ဆန်ရော ဆန်ကွဲပါ အနီးစပ်ဆုံးကာလထက်ပိုမိုတင်ပို့

ဇွန်လ နောက်ဆုံးပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၅ ဒသမ ၅၂၃ သန်းတန်ဖိုးရှိ ဆန် ၁၅၀၆၆ တန်ကျော်ကို မြန်မာ-တရုတ် နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန် ၆၇၈၀၊ ဧည့်မထဆန် တန် ၂၄၀၀ နဲ့ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၁၃၅ တန်ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေး စခန်းမှ ၅၇၅၁ တန် တင်ပို့ခဲ့ပါတယ်။ ဇွန်လတစ်လလုံးမှာ ကုန်သွယ်ရေးစခန်း များမှ ကန်ဒေါ်လာ ၂၁ ဒသမ ၄၄၇ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၅၈၅၁၃ တန် တင်ပို့ပြီး အနီးစပ်ဆုံးမေလတင်ပို့မှုထက် ၁၄၆၇၆ တန် လျော့နည်းခဲ့ပါတယ်။ ဇွန်လ နောက်ဆုံးပတ်မှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၈၂၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၅၂၇ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုညဒသမ ၁၁၅ သန်းတန်ဖိုးရှိဆန်ကွဲ ၃၅၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဇွန်တစ်လလုံးမှာ ကန်ဒေါ်လာ ၃ ဒသမ ၇၃၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၁၄၆၃ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးမေလထက် ၃၆၇၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇွန်လနောက်ဆုံးပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၃၄၃ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် တန် ၉၀၀ တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၅၀၊ ယူအေအီးနိုင်ငံသို့ ဧည့်မထ ဆန်တန် ၁၀၀၊ အိန္ဒိယ နိုင်ငံသို့ ၁၂၅ တန်၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် တန် ၂၅၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၂၅ တန် နဲ့ ဧည့်မထဆန် တန် ၃၅၀ အသီးသီးတင်ပို့ခဲ့ပါတယ်။ ဇွန်တစ်လလုံးမှာ ကန်ဒေါ်လာ ၈ ဒသမ ၉၁၄ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၇၈၂၇ တန် ကျော် တင်ပို့ပြီး အနီးစပ်ဆုံး မေလထက် ၁၅၄၈၀ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ ဇွန်တစ်လလုံး တန်ချိန် ၂၅၀၉၆ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၆ ဒသမ ၈၉၅ သန်းဖိုးတင်ပို့ပြီး အနီးစပ်ဆုံးကာလထက် ၁၈၉၉၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခု ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၁ ရက်အထိ ဆန်တင်ပို့မှုမှာ ကန်ဒေါ်လာ ၆၇ ဒသမ ၄၈၃ သန်း၊ တန်ချိန် ၁၈၈၆၂၀ တန်ကျော်၊ ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးကန်ဒေါ်လာ ၁၉ ဒသမ ၄၇၃ သန်းနဲ့ တန်ချိန် ၆၅၅၆၄ တန်ကျော် ဖြစ် ပါတယ်။ ယမန်နှစ်ကာလတူထက် ဆန်တင်ပို့မှု ၁၆၂၄၅၇ တန်နဲ့ ဆန်ကွဲတင် ပို့မှု ၁၀၄၄၂၅ တန်ကျော် လျော့နည်းနေကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ကြို့ပင်ကောက်နှွေစပါးထက် တောင်တွင်းနှွေစပါးကို လူကြိုက်များ

သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နှင့် မကွေးတိုင်းတောင်တွင်းဒေသတို့တွင် နှွေစပါးများလှိုင်လှိုင်ထွက်ရှိနေပြီဖြစ်သော်လည်း ကြို့ပင်ကောက် နှွေစပါးထက် တောင်တွင်းဒေသမှ ထွက်ရှိသည့် နှွေစပါး များကို လူကြိုက်များလျက်ရှိကြောင်း သိရှိရပါသည်။

ကြို့ပင်ကောက်မှထွက်သော နှွေစပါးများမှာ အစိုဓာတ်များခြင်း၊ အကျိုးအကျေများ၍ စပါးအရည်အသွေးညံ့သဖြင့် အစိုဓာတ် ၂၅ ရာခိုင်နှုန်းရှိသဖြင့် ပေါင် ၅၀ စပါးတင်း ၁၀၀ လျှင် ကျပ် ၄၆၀၀၀၀ ရှိပြီး ဝယ်သူအကြိုက်နည်းကြောင်း သိရသည်။

တောင်တွင်းဒေသထွက် နှွေစပါးများသည် အစိုဓာတ်နည်းခြင်း၊ အကျိုးအကျေသက်သာခြင်း၊ စပါးအရည်အသွေးကောင်းခြင်းကြောင့် အစိုဓာတ် ၂၀ ရာခိုင်နှုန်းသာရှိသဖြင့် ပေါင် ၅၀စပါးတင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀၀ ဈေးရှိပြီး ဝယ်သူအကြိုက်များကြောင်း ဆန်စပါးရောင်းဝယ်သူများထံမှ သိရှိရပါသည်။ **ထွန်းမင်းထွန်း-ပြည်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၇-၇-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၆ | ၄၅၆ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၁ | ၄၄၁ | □ | ၃၇၅ | ၃၇၅ | □ | ၃၀၅ | ၃၀၅ | □ | ၄၀၀ | ၄၀၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - | ၃၉၀ | ၃၉၀ | □ |
| ဆန်ဖြူ ၂၅% | ၄၂၂ | ၄၂၃ | △ | ၃၄၀ | ၃၄၀ | □ | ၃၆၅ | ၃၆၅ | □ | ၃၇၀ | ၃၇၀ | □ |
| ပေါင်းဆန် | ၄၅၆ | ၄၅၆ | □ | - | - | - | ၃၀၅ | ၃၀၅ | □ | ၄၂၅ | ၄၂၅ | □ |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၈-၇-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | △ | ၂၂၀၀၀ | △ | ၈၇၄၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၆၂၆၀ | △ | ၂၃၅၀၀ | □ | ၇၇၉၀ | △ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | △ | ၂၀၅၀၀ | □ | ၇၀၀၀ | □ | ၃၁၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၂၁၀၀၀ | □ | ၁၁၉၀၀ | □ | ၃၇၅၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၇၈၀ | □ | ၂၁၅၀၀ | ▽ | - | - | ၃၂၅၀၀ | △ |
| မန္တလေး | ၇၆၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၇၀၀ | ▽ | ၂၇၀၀၀ | □ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၂၉၅၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၆၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၄-၇-၂၀၁၆ မှ ၈-၇-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 266 | 14,491,,584.530 |
| 2 | Form D | 42 | 2,382,756.460 |
| 3 | Form E | 86 | 1,280,650.500 |
| 4 | Korea GSP | 4 | 106,271.350 |
| 5 | Form AK | 47 | 2,715,944.300 |
| 6 | Form AJ | 8 | 329,592.800 |
| 7 | Form AI | 77 | 3,553,119.070 |
| 8 | Form AANZ | 3 | 15,167.100 |
| 9 | Form DFTP | - | - |
| **Grand Total** | | **533** | **24,875,086.110** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၈-၇-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁/၇ | ၈/၇ | ပြောင်းလဲမှု | ၁/၇ | ၈/၇ | ပြောင်းလဲမှု | ၁/၇ | ၈/၇ | ပြောင်းလဲမှု | ၁/၇ | ၈/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၉၃၉ | ၂၉၄၉ | ▲ | ၂၆၅၀ | ၂၅၅၀ | ▼ | ၂၇၅၀ | ၂၈၀၀ | ▲ | ၂၇၅၀ | ၂၈၂၅ | ▲ |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | - | ၂၃၉၀ | - | ၂၄၂၅ | ၂၃၇၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၄၁၅ | ■ | ၁၆၀၀ | ၁၃၈၇ | ▼ | ၁၆၅၈ | ၁၅၀၀ | ▼ | ၁၄၂၀ | ၁၄၂၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၄၅၀ | ၂၅၀၀ | ▲ | - | - | - | - | - | - | ၁၉၇၅ | ၁၉၅၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၃၀ | ▲ | - | - | - | ၇၀၀ | - | - | ၁၂၉၀ | ၁၂၆၅ | ▼ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၈၀၀ | ၈၃၈ | ▲ | ၆၀၅ | ၆၀၅ | ■ | ၅၉၀ | ၅၈၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၈-၇-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၃၀/၆ | ၇/၇ | ပြောင်းလဲမှု | ၃၀/၆ | ၇/၇ | ပြောင်းလဲမှု | ၃၀/၆ | ၇/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၁၅၅၃ | ၁၅၄၁ | ▼ | ၁၆၂၇ | - | - |
| ၂ | ပဲစင်းငုံ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၃၉ | ၁၃၂၆ | ▼ | ၁၃၅၃ | ၁၃၄၁ | ▼ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၈၂၈ | ၈၁၅ | ▼ | ၈၅၈ | - | - |
| ၄ | ကုလားပဲဖြူလုံးကြီး | ၈၀၀ | ၁၁၅၀ | ▲ | ၁၁၈၃ | ၁၁၇၈ | ▼ | ၁၁၉၈ | ၁၁၈၂ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၅.၆.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂.၇.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂.၇.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၂၅၅၄၅ | ၁၁၉၀၈ | ၃၅၂၆၉၈ |
| ပဲတီစိမ်း | ၃၈၇၉ | ၁၃၉၉ | ၁၂၉၂၁၀ |
| ပဲစင်းငုံ | ၃၀၄၉ | ၆၀၇၅ | ၁၅၅၄၀၀ |
| ကုလားပဲ | ၉၁၇ | ၇၄၆ | ၁၆၈၉၄ |
| ပဲလွန်းဖြူ | ၃၉၇ | ၃၃၅ | ၁၂၆၂၂ |
| မြေထောက်ပဲ | ၃၆၄ | ၆၃၉ | ၇၂၈၉ |

## ရေစကြိုမြို့နယ်မှ ပဲတီစိမ်းတောင်သူများ တက်ဈေးမျှော်

ယခုနှစ် ပဲတီစိမ်းရာသီတွင် ရေစကြိုမြို့နယ်မှ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများသည် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်း နည်းသော်လည်း ဈေးကောင်းမရသဖြင့် မရောင်းသေးဘဲ တက်ဈေးကို မျှော်လျက်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ရေစကြိုမြို့နယ်သည် ပဲတီစိမ်း သီးနှံကို ရေသွင်း၍နွေသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း သိရှိရပါသည်။ သို့သော် ရေစကြိုမြို့နယ်သည် ဆည်ရေသောက်နယ်မဟုတ်သဖြင့် မြေအောက်ရေကို စုပ်ယူ၍ အသုံးပြုကြရကြောင်း သိရသည်။ ယင်းကဲ့သို့ ရေကိုစုပ်ယူ၍စိုက်ပျိုးရာတွင် မြေအနိမ့်အမြင့်ကိုလိုက်၍ စိုက်ခင်းအတွင်း ရေဝင်နေစေရန် ကန်သင်းဘောင်ကွက်များဖော်ကာ စိုက်ပျိုးကြကြောင်း သိရှိရသည်။

ရေစကြိုမြို့နယ်တွင် ယခုနှစ်ပဲတီစိမ်းသီးနှံစိုက်ပျိုးချိန်၌ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများအထွက်နှုန်း နည်းခဲ့ကြောင်း သိရသည်။ ယခင်နှစ်များက သုံးသီး ဆွတ်ခူးနိုင်သော်လည်း ယခုနှစ်တွင်မူ နှစ်သီးသာ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ရာသီဥတုကောင်းပါက တစ်ဧကလျှင် တစ်ကြိမ်ဆွတ်ခူးပါက ရှစ်တင်းမှ ၁၀တင်းအထိ ထွက်ရှိသော်လည်း ယခုနှစ်တွင်မူ တစ်ဧကလျှင် နှစ်ကြိမ်ဆွတ်ခူးပါက ရှစ်တင်းမှ ၁၀ တင်းသာ ထွက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းတစ်ဧကကို မျိုးစေ့၊ လုပ်သားခ၊ ရေသွင်းစရိတ်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းအားဆေး၊ အသီးအပွင့်အားဆေး စသည့် ကုန်ကျစရိတ်စုစုပေါင်းမှာ ကျန်သုံးသိန်းကျော်ခန့်ရှိကြောင်း၊ သို့သော် ရေစကြိုပွဲရုံများ၌ ပဲတီစိမ်း တစ်တင်းကို ကျပ် ၂၇၀၀၀မှ ကျပ် ၃၀၀၀၀ နှုန်းဖြင့်သာ ဝယ်ယူလျက်ရှိသဖြင့် အရှုံးပေါ်နေကြောင်း၊ တောင်သူများအနေနဲ့ မရောင်းချသေးဘဲ တက်ဈေးကို မျှော်ကာ စောင့်မျှော်လျက်ရှိကြောင်း ရွှေလှံ့ကျေးရွာမှ တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

**အောင်မြိုင် (DOT, MDY)**

# ဇွန်လအတွင်း ပြည်ပမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇွန်လအတွင်း နှစ်အလိုက်ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းများကို လေ့လာကြည့်ပါက ပဲဈေးအားလုံးလိုလို ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ ၂၀၁၅ ခုနှစ်မှစ၍ ဈေးကောင်းရခဲ့သလို ၂၀၁၆ မှာလည်း ဆက်လက် ဈေးကောင်းရနေပြီး ကုလားပဲသီးနှံကလည်း ပြည်ပဝယ်လက်ပဲများနည်းတူ ၂၀၁၆ခုနှစ်အတွင်း ယခင်နှစ်များကထက် ဈေးပိုရရှိလာခဲ့ပါတယ်။ ပဲကြီးနဲ့ ပဲပုပ် သီးနှံများကတော့ သုံးနှစ်စာ နှိုင်းယှဉ်မှုအရ ဈေးအတက်အကျ သိပ်မဖြစ်ခဲ့ဘူးဆိုတာ အောက်ဖော်ပြပါဇယားအတိုင်း လေ့လာတွေ့ရှိရ ပါတယ်။

| ပဲအမျိုးအစား | ၂၀၁၄ ဇွန်လ နိမ့် | ၂၀၁၄ ဇွန်လ မြင့် | ၂၀၁၅ ဇွန်လ နိမ့် | ၂၀၁၅ ဇွန်လ မြင့် | ၂၀၁၆ ဇွန်လ နိမ့် | ၂၀၁၆ ဇွန်လ မြင့် |
|---|---|---|---|---|---|---|
| မတ်ပဲ | ၂၄၁၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၄၄၅၀၀ | ၅၂၀၀၀ | ၅၇၅၀၀ |
| ပဲစင်းငုံ | ၁၈၄၀၀ | ၁၉၀၀၀ | ၃၉၀၀၀ | ၄၀၅၀၀ | ၄၇၅၀၀ | ၄၉၃၀၀ |
| ကုလားပဲ | ၁၄၇၀၀ | ၁၅၂၀၀ | ၂၃၅၀၀ | ၂၅၉၀၀ | ၃၉၅၀၀ | ၄၀၇၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၅၅၀၀ | ၂၆၀၀၀ | ၂၄၅၀၀ | ၂၇၀၀၀ | ၂၈၀၀၀ | ၂၈၅၀၀ |
| ပဲကြီး(ကမ်းနား) | ၂၂၅၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ |
| ပဲပုပ် | ၁၉၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၆၅၀၀ | ၂၀၅၀၀ | ၂၁၀၀၀ |

မတ်ပဲသီးနှံ ဈေးနှုန်းများကိုကြည့်ပါက ၂၀၁၄ခုနှစ်တွင် တစ်တင်း ၂၄၁၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်အတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယင်းနှစ်များတွင် ပြည်ပဝယ်လိုအားရှိတဲ့ ပဲစင်းငုံသီးနှံထက်လည်း ဈေးပိုရခဲ့ပါတယ်။ ယခုလို ဇွန်လအတွင်းတွင် ပဲဈေးကွက်မှာ ပဲလက်ကျန်အနေဖြင့် ပဲစဉ်းငုံထက် မတ်ပဲသီးနှံက လက်ကျန်ပိုများသလို ပဲဝင်ရောက်မှုလည်း ထပ်မံရှိနေခဲ့တဲ့အတွက် ပဲစင်းငုံထက် မတ်ပဲသီးနှံ ပိုအရောင်းသွက်သလို ဈေးလည်းပိုရနေခဲ့ပါတယ်။ ၂၀၁၅ ဇွန်လမှာတော့ မတ်ပဲဈေးဟာ ၂၀၁၄ခုနှစ်ထက် ကျပ် နှစ်သောင်းနီးပါးအထိ မြင့်တက်လာပြီး တစ်တင်း (နိမ့်) ဈေး ၄၀၀၀၀ကျပ်၊ (မြင့်) တစ်တင်း ၄၄၅၀၀ ကျပ်နဲ့ ပြည်ပဝယ်လိုအားပေါ် မူတည်ပြီး ဈေးမြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၆ ဇွန်လအတွင်းမှာလည်း ၂၀၁၅ ခုနှစ်ကထက် ဈေးဆက်မြင့်ကာ တစ်တင်း ၅၂၀၀၀ ကျပ်မှ ၅၇၅၀၀ ကျပ်အထိ ရရှိခဲ့လို့ ပဲစိုက်သူတိုင်းလိုလို ယခုနှစ်မှာ အကျိုးအမြတ်ရရှိခဲ့ပါတယ်။ ယခုချိန်ထိ ဈေးကောင်းဆက်မျှော်ပြီး လက်ဝယ်ဆက်လက်သိုလှောင်ထားရှိနေတဲ့ တောင်သူတချို့ရှိနေတယ်လို့လည်း သိရပါတယ်။

ပဲစင်းငုံသီးနှံကလည်း မတ်ပဲကဲ့သို့ပင် သုံးနှစ်စာနှိုင်းယှဉ်မှုအရ ၂၀၁၄ ခုနှစ် ဇွန်လမှလွဲ၍ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် ဈေးကောင်းခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း တစ်တင်း ၁၈၄၀၀ကျပ်မှ ၁၉၀၀၀ကျပ်အတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်ပဲဈေးအောက် လျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကာ အဲဒီနှစ်က ဈေးအေးခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ မတ်ပဲနဲ့ ပဲစင်းငုံသီးနှံ နှစ်မျိုးစလုံး ပြည်ပဝယ်လိုအားလည်း ကောင်းခဲ့တဲ့အတွက် ဈေးပြိုင်မြင့်တက်ခဲ့ပါတယ်။ ပဲတစ်တင်းလျှင် ကျပ် လေးသောင်းအထိရရှိခဲ့လို့ ၂၀၁၄ ခုနှစ်ထက် နှစ်ဆ မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ်မှာလည်း ဈေးဆက်မြင့်တက်ခဲ့ကာ ကျပ်ငါးသောင်းအထိ ရရှိတာကြောင့် တစ်တင်း ၄၇၅၀၀ ကျပ်မှ ၄၉၃၀၀ ကျပ်အထိရရှိနေသလို ပြည်ပဝယ်လိုအားရှိသော်လည်း ပဲလက်ကျန်နည်းနေတဲ့အတွက် နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံကလည်း ၂၀၁၄ ခုနှစ်မှလွဲ၍ ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် ဈေးနှုန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာခဲ့တာ တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်တွင် ကုလားပဲ တစ်တင်း ၁၄၇၀၀ကျပ်မှ ၁၅၂၀၀ကျပ်သာရရှိလို့ ဈေးအေးခဲ့တဲ့နှစ်ဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှစ၍ ပဲဈေးနှုန်းမြင့်တက်ခဲ့လို့ တစ်တင်း ၂၃၅၀၀ ကျပ်မှ ၂၅၉၀၀ ကျပ်ထိ ရရှိပါတယ်။ ဝယ်လက်ကတော့ ဒေသတွင်းဝယ်လက်များဖြစ်တဲ့ ပဲခွဲစက်သမားများ ပုံမှန်ဝယ်ယူနေကြပြီး တစ်ခါတစ်ရံ ရခိုင်ဘက်သို့လည်း တင်ပို့ရောင်းချခဲ့ကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ်ဇွန်လမှာတော့ တစ်တင်း ၃၉၅၀၀ ကျပ်မှ ၄၀၇၀၀ ကျပ်အထိ ဈေးနှုန်းများသိသိသာသာ မြင့်တက်ခဲ့လို့ ပြည်တွင်းဝယ်လက် ပဲများထဲမှာတော့ ဈေးအမြင့်ဆုံးရနေတဲ့ ပဲသီးနှံဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံကတော့ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲစတဲ့ သီးနှံများကဲ့သို့ ဈေးနှုန်းများ တစ်နှစ်ထက်တစ်နှစ် မြင့်တက်ခဲ့ခြင်း မရှိဘဲ နှစ်စဉ် ကျပ်သုံးသောင်းအောက်ဖြင့်သာ လျော့နည်း အရောင်းအဝယ်ဖြစ်တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း ပဲကြီး(ရွှေကျွန်း) တစ်တင်း ၂၅၅၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ (ကမ်းနား) ပဲကြီးတစ်တင်း ၂၂၅၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့လို့ ယင်းနှစ်တွင် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုရသလို ပြည်တွင်းဝယ်လက်ပဲဖြစ်တဲ့ ကုလားပဲသီးနှံထက်လည်း ဈေးမြင့်တက်ခဲ့ပါတယ်။

၂၀၁၄ ဇွန်လ ပဲဈေးနှုန်းများအရ ပဲဈေးကွက်ထဲမှာ ပဲကြီးက ဈေးအမြင့်ဆုံးရခဲ့သော်လည်း ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များမှာ ပဲကြီးဈေးက ယခင်နှစ်တွေကဈေးနှင့် သိပ် မကွာခြားဘဲ ဈေးငြိမ်သလို ဖြစ်ခဲ့ပါတယ်။ ကျန်ပဲများကတော့ ပဲကြီးသီးနှံကဲ့သို့မဟုတ်ဘဲ မတ်ပဲ၊ ပဲစင်းငုံရော ကုလားပဲသီးနှံများအားလုံး ဈေးကောင်းလာခဲ့ပါတယ်။ မတ်ပဲသီးနှံဆိုလျှင် ပဲကြီးသီးနှံ၏ ယခုပေါက်ဈေးထက် နှစ်ဆနီးပါး ဈေးပိုလာခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၆ ဇွန်လအတွင်း ပဲကြီးဈေးနှုန်းများမှာ (ရွှေကျွန်း)တစ်တင်း ၂၈၀၀၀ကျပ်မှ ၂၈၅၀၀ကျပ်၊ (ကမ်းနား) တစ်တင်း ၂၅၀၀၀ ကျပ်မှ ၂၆၀၀၀ကျပ်ခန့်သာ ရရှိခဲ့ကြပါတယ်။

ပဲပုပ်သီးနှံကတော့ သုံးနှစ်ဆက်တိုက် နှစ်စဉ်ဈေးအေးခဲ့လို့ တစ်တင်း ၁၉၀၀၀ ကျပ်မှ ၂၀၀၀၀ တစ်ပတ်လည်သာ ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်မှာတော့ တစ်တင်း ၁၆၀၀၀ ကျပ်မှ ၁၆၅၀၀ ကျပ်သာ ရရှိခဲ့တဲ့အတွက် ပဲဈေးကွက်အတွင်းမှာလည်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့သလို အရောင်းအဝယ်လည်း အေးခဲ့တဲ့ပဲ ဖြစ်ခဲ့ပါတယ်။ ဇွန်လအတွင်း ပဲပုပ်သီးနှံသည် ပဲအဝင်မရှိဘဲ လက်ကျန်ပဲအနည်းငယ်သာ ရှိတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဈေးကွက်တွင် မိုးမြေပဲအသစ်များ ဝင်ရောက်လာသဖြင့် ဈေးအနည်းငယ် ကျလာ

ပြည်ဈေးကွက်သို့ မင်းတုန်း၊ ပုသိမ်နဲ့ ရခိုင်ပြည်နယ်ဘက်မှ မြေပဲဆန်အိတ်တစ်နေ့လျှင် အိတ်၅၀၀ခန့်သာ အဝင်ရှိပေမယ့် အရောင်းအဝယ် မဖြစ်တာ တွေ့ရပါတယ်။ မိုးမြေပဲအသစ်များ အနည်းငယ်ဝင်ရောက်လာသဖြင့် မြေပဲဆန်ဈေးလည်း အနည်းငယ်ကျလာတာ တွေ့ရပါတယ်။

ယခုအချိန်မှာ ဆီစက်များနဲ့ ဝယ်လက်များက အဝယ်ပျောက်နေသဖြင့် ဈေးမှာ ယခင်တစ်ပတ်ထက်စာလျှင် ဈေးကျနေတာ တွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်၊ လုံးဆန် တစ်ပိဿာလျှင် ၂၂၅၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျလာတာကို တွေ့ရပါတယ်။ မြေပဲဆီဈေးကတော့ တစ်ပိဿာလျှင် ၅၂၀၀ ကျပ်ဖြင့် ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

# မုံရွာကုန်စည်ဒိုင် ဇူလိုင် ပထမပတ် ပဲဈေးကွက် ဝယ်လက်အေးလို့ ဈေးကျလာ

မုံရွာကုန်စည်ဒိုင် ဇူလိုင်ပထမပတ် ပဲဈေးကွက်မှာ ပြည်တွင်း ပြည်ပ ဝယ်လိုအား ကျဆင်းခဲ့လို့ ပဲမျိုးစုံ ဈေးအေးသွားခဲ့တာ တွေ့ရပါတယ်။ အထူးသဖြင့် ငုံနီဈေးကွက်မှာ ယခုတစ်ပတ်အတွင်း တစ်တင်း ၄၈၆၀၀ ကျပ် အထိ အမြင့်ဈေးဖြစ်ခဲ့ပြီး ၄၇၈၀၀ ကျပ် အထိ ကျဈေး ဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ ပြည်ပတင်ပို့မယ့် ဝယ်လက်တွေ အဝယ်အေးခဲ့ရာ တစ်ရက်လျှင် အနည်းဆုံး အိတ် ၃၀၀ မှ အများဆုံး ၁၀၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ယခုနှစ် မိုးရာသီ မုံရွာမြို့နယ်အတွင်း ငုံနီစိုက်ပျိုးစီးမှုအနေနဲ့ လျာထားစိုက်ဧက ၁၇၁၄၀ ဧကထက် များစွာကျော်လွန်ကာ ယခုနှစ်မှာ ဧက ၂၀၀၀၀ ကျော်အထိ ပိုမိုစိုက်ပျိုးပြီးစီးပြီလို့ လေ့လာသိရှိရပါတယ်။

ပဲတီစိမ်းဈေးကွက်အနေနဲ့ ယခုတစ်ပတ်အတွင်း စိမ်းကြီးတစ်တင်း ၃၀၇၀၀ ကျပ်အထိသာ အမြင့်ဆုံး ပေါက်ဈေးဖြစ်ခဲ့ပြီး နောက်ပိုင်းရက်တွေမှာ ဆက်လက်ဈေးကျလာရာ တစ်တင်း ၂၆၅၀၀ ကျပ် အထိ ပေါက် ဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ စိမ်းလေးကတော့ တစ်တင်း ၂၇၀၀၀ ကျပ်အထိ အမြင့်ဈေးရခဲ့ပြီး အရောင်း အဝယ်အားဖြင့် တစ်ရက်အနည်းဆုံး အိတ် ၃၀၀ မှ အများဆုံး အိတ် ၅၀၀ အထိ ရှိခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် မတ်ပဲဈေးကွက်ကလည်း အဝယ်အေးကာ ကျဈေးဖြစ်ခဲ့ရာ တစ်တင်း ၅၆၀၀၀ ကျပ်အထိ အနိမ့်ဆုံး ဈေးကျဆင်းခဲ့ကာ တစ်ရက် အိတ် ၂၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ကုလားပဲမျိုးစုံဈေးကတော့ အနည်းငယ်သာ အပြောင်းအလဲဖြစ်ကာ ယခုတစ်ပတ်မှာ V2 တစ်တင်း ၃၉၅၀၀ ကျပ်မှ ၃၈၈၀၀ ကျပ်၊ ထိုင်ဝမ်နဲ့ 929 တစ်တင်း ၃၇၅၀၀ ကျပ်မှ ၃၇၂၀၀ ထိ အသီးသီး ဈေးအေးခဲ့ပြီး အရောင်းအဝယ်အားဖြင့် ဒေသတွင်း ဝယ်လက်များက တစ်ရက် အနည်းဆုံး အိတ် ၃၀၀ မှ အများဆုံး အိတ်၁၂၀၀ အထိ ဝယ်ယူခဲ့ကြတယ်လို့ ဆိုပါတယ်။

အခြားပဲမျိုးစုံ ဈေးကွက်မှာလည်း ဝယ်လိုအား အေးသလို ဈေးအသီးသီး အေးလာခဲ့ရာ ယခုတစ်ပတ်မှာ ထောပတ်ပဲတစ်တင်း ၁၁၅၀၀ ကျပ်၊ စွန်တာနီ တစ်တင်း ၁၄၅၀၀ ကျပ်၊ ပဲကြီး တစ်တင်း ၂၆၅၀၀-၂၅၀၀၀၊ ပဲပုပ်တစ်တင်း ၁၈၀၀၀ ကျပ်၊ ပုဂံပဲတစ်တင်း ၁၇၀၀၀ ကျပ်၊ ပဲယင်းတစ်တင်း ၁၄၈၀၀ ကျပ်၊ လွန်းပြာတစ်တင်း ၂၀၅၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အနေနဲ့ အိတ် ၂၀၀ ဝန်းကျင်ခန့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။ **ထွန်းလှိုင်၊ မုံရွာ**

## ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် မတ်ပဲဈေးကွက် ယခင်နှစ်ထက်ဈေးကောင်းရ၍ လက်ရှိမှာလည်း ဈေးကွက်ခိုင်မာ လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ပြည်ပပို့ကုန်သီးနှံဖြစ်တဲ့ မတ်ပဲသီးနှံရဲ့ ယခုနှစ်ဈေးနှုန်းမှာ ယခင်နှစ်က ရရှိတဲ့ဈေးနှုန်းထက် ဈေးကောင်းရရှိနေကာ ဈေးကွက်ခိုင်မာလျက်ရှိကြောင်းသိရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် မတ်ပဲစိုက်ဧက ၁၁၄၇၁၇၄ ဧကစိုက်ပျိုးခဲ့သဖြင့် ယခင် ၂၀၁၅ ခုနှစ်ကထက် စိုက်ဧက ၁၃၁၁၁ ဧက ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရပါတယ်။

ဟင်္သာတခရိုင်မှာ ပဲဈေးကွက်ကြီးမား၍ ပဲကုန်စည်ဒိုင်၊ ပဲပွဲရုံနှင့် ပဲကုန်သည်များ အများအပြားရှိပြီး ပြည်၊ အညာဒေသများနှင့် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဟင်္သာတ ခရိုင်ပတ်ဝန်းကျင်မြို့နယ်များတွင် ပဲမျိုးစုံကို အဓိကစိုက်ပျိုးလျက်ရှိပြီး တိုင်းအတွင်း အခြားမြို့နယ်များတွင်လည်း ပဲကိုစိုက်ပျိုးလျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။

မတ်ပဲစိုက်ပျိုးထုတ်လုပ်ရာတွင် နေရာဒေသကိုလိုက်ပြီး အထွက်နှုန်းကွာခြားမှုရှိသော်လည်း အနိမ့်ဆုံး ၁၀တင်း ၁၂ တင်းမှ ၁၇ တင်း ၁၈တင်း ကျော်အထိ ထွက်ရှိတယ်လို့ ဈေးကွက်မှသိရပါတယ်။ ယခင်နှစ် ပဲရာသီမှာ မတ်ပဲတစ်တင်းကို ကျပ် ၃၆၀၀၀ ဝန်းကျင် ဈေးသာရှိသော်လည်း ယခုနှစ် ပဲရာသီမှာ ယခင်က မရခဲ့ဖူးသော ကျပ် ၅၀၀၀၀ ဝန်းကျင်ဈေးနှုန်းရရှိသဖြင့် အမြတ်အစွန်း ပိုမိုရရှိခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်မှာ နှစ်သိန်းဝန်းကျင်ခန့် ကုန်ကျစရိတ်ရှိပြီး အနိမ့်ဆုံးပဲ ၁၀ တင်းခန့်ထွက်လျှင်ပင် နှစ်သိန်းခွဲဝန်းကျင်အမြတ်ရရှိကြောင်း၊ သွင်းအားစုများထည့်သွင်း၍ ရေသွင်းစိုက်ပျိုးသော တောင်သူများမှာ ပိုမို၍တွက်ခြေကိုက်ကြောင်း၊ ကန်ကြီးထောင့်မြို့နယ်၊ မာလာကွင်းကျေး ရွာရှိ မတ်ပဲ ၁၇ ဧက စိုက်ပျိုးတဲ့တောင်သူ ဦးမောင်မောင်စိုးက ပြောပါတယ်။

၂၀၁၆ မတ်ပဲရာသီဈေးကွက်မှာ ပဲစတင်ပေါ်ချိန်၊ ပဲလှိုင်လှိုင်ထွက်ချိန် ရာသီကုန်ခါနီး ပဲလှောင်ချိန်တို့တွင် ဈေးနှုန်းအနိမ့်အမြင့် ပြောင်းလဲမှုရှိသော်လည်း ယခုနှစ်ဈေးနှုန်းမှာ မတ်ပဲတစ်တင်းကို ငါးသောင်းဝန်းကျင်၊ လေးသောင်းခွဲဝန်းကျင်ဈေးမှာပင် တောင်သူများ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်နှစ်ထက် ဈေးကောင်းရ၍ ပဲဈေးကွက်မှာ အချိန်နှင့်အမျှ နေ့စဉ်ပြောင်းလဲမှုရှိကြောင်း ပဲကုန်သည်အသိုင်းအဝိုင်းမှ သိရပါတယ်။

ယခုအချိန် တောင်သူလက်ကြီးသမားများ ငွေကြေးမလိုအပ်သေး၍ တက်ဈေးကိုမျှော်ပြီး ကုန်သည်များထံ အပ်နှံထားတဲ့ တောင်သူများနဲ့ ကုန်သည်လှောင်ပဲများလည်းရှိကြောင်း၊ လက်ရှိဈေးနှုန်းမှာလည်း တစ်တင်းကို ယခင်ဈေး ငါးသောင်းဝန်းကျင်မှ ယခုမတ်ပဲတစ်တင်းကို ကျပ် ၅၇၀၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်၍ ဈေးကွက်ခိုင်မာလျက် ရှိပြီး တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းမှုသာ မိမိတို့တိုင်းဒေသကြီး၏ စီးပွားရေးလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ကန်ကြီးထောင့်မြို့နယ် ဒေသထွက်ပဲမျိုးစုံရောင်းဝယ်လျက်ရှိသော ပဲကုန်သည် ဦးစိုးစိုးကပြောပါတယ်။

**ခင်ဆွေဦး၊ မင်းမင်းဦး(ပုသိမ်)**

## ဈေးနှုန်းရောအရောင်းအဝယ်ပါအေးတဲ့ မန်းကုန်စည်ဒိုင်မှ ပဲမျိုးစုံနဲ့ နှမ်းရောင်စုံများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များမဟာကထိန်တော်အသင်း)မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) အသင်းသားနှင့်ကိုယ်စားလှယ်များလာရောက်ပြီး လယ်ယာထွက်ကုန်သီးနှံများအား အရောင်းအဝယ်ပြုလုပ်လျက်ရှိ ရာ ယခု ၂၀၁၆ ခုနှစ် ဇူလိုင်လပထမပတ်တွင် အရောင်းအဝယ်ဖြစ်သည့် သီးနှံများ၏ ဈေးနှုန်းများအား အခြားလ ကာလတူတွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

**တစ်ပိဿာ-ကျပ်**

| သီးနှံအမည် | ၁/၂၀၁၆ | ၂/၂၀၁၆ | ၃/၂၀၁၆ | ၄/၂၀၁၆ | ၅/၂၀၁၆ | ၆/၂၀၁၆ | ၇/၂၀၁၆ |
|---|---|---|---|---|---|---|---|
| ပဲတီစိမ်းရွှေဝါ | ၂၀၀၀ | ၂၀၈၀ | ၂၀၆၂ | ၁၈၈၄ | ၁၇၆၀ | ၁၈၆၇ | ၁၄၇၆ |
| ပဲတီစိမ်းအညာ | | ၁၈၆၇ | ၁၈၆၇ | | ၁၈၃၁ | ၁၇၇၈ | ၁၄၅၄ |
| ပဲလွန်းဖြူ | ၁၄၆၇ | ၁၄၃၃ | ၁၃၆၇ | ၁၂၅၀ | ၁၀၈၃ | ၁၀၈၃ | ၁၀၁၇ |
| ပဲကြီး | ၁၇၁၉ | ၁၈၁၀ | ၁၁၇၆ | ၁၃၅၇ | ၁၄၂၁ | ၁၄၈၄ | ၁၅၃၈ |
| ပဲနီပြား | ၁၃၅၇ | ၁၈၁၀ | ၁၀၈၆ | ၁၂၆၇ | ၁၁၇၆ | ၁၂၄၉ | ၁၂၆၇ |
| ပဲပုပ်(ရှမ်း) | ၁၀၀၅ | ၁၀၃၃ | ၁၀၅၂ | | ၉၅၈ | ၉၉၅ | ၁၀၃၃ |
| ပဲပုပ်(ဗမာ) | ၉၂၀ | ၉၅၈ | ၈၇၃ | ၉၉၅ | ၈၁၄ | ၉၇၇ | ၉၇၇ |
| ပဲယင်း | ၈၀၀ | ၈၈၃ | ၇၄၂ | ၇၀၈ | ၇၁၇ | ၇၄၂ | ၇၃၃ |
| ထောပတ်ပဲ | - | ၁၃၈၇ | ၈၀၀ | ၁၀၁၃ | ၈၈၉ | ၈၀၀ | ၈၃၆ |
| နိုင်လွန်ပဲ | - | ၁၃၁၆ | ၉၇၉ | ၈၄၄ | ၈၇၈ | ၈၄၄ | ၇၇၈ |
| မြေထောက်ပဲ | - | ၁၂၅၉ | ၁၁၁၁ | ၁၀၅၆ | ၁၁၄၈ | ၁၁၆၇ | ၁၂၉၆ |
| မတ်ပဲ | - | ၂၅၀၀ | ၂၀၅၀ | ၂၄၆၇ | ၂၇၀၀ | ၂၆၁၇ | ၂၈၅၇ |
| ပဲစင်းငုံနီ | | ၂၁၃၃ | ၂၀၇၅ | ၂၃၅၀ | | ၂၄၈၈ | |
| ကုလားပဲဖြူကြီး | | ၁၆၅၉ | ၁၃၂၈ | ၁၆၇၇ | ၂၀၉၆ | ၂၀၈၇ | ၂၀၆၀ |
| ကုလားပဲထိုင်ဝမ် | | | ၁၄၇၆ | ၁၆၅၃ | ၂၀၂၇ | ၂၀၀၈ | ၁၉၉၈ |
| ပြောင်းဖူးစေ့(ရှမ်း) | ၄၀၇ | ၄၆၃ | ၄၅၀ | ၄၃၅ | ၄၃၅ | ၄၄၄ | ၄၃၅ |
| ပြောင်းဖူးစေ့(ဗမာ) | ၃၈၉ | ၄၄၄ | ၄၄၁ | | ၄၂၆ | ၄၂၆ | ၄၁၅ |
| ပြောင်းဖူးစေ့ (စီပီ) | ၄၁၇ | ၄၉၁ | ၄၆၃ | ၄၄၁ | ၄၃၉ | ၄၄၈ | ၄၄၈ |
| အထွက်တိုးပြောင်း | ၅၅၇ | ၅၄၇ | ၅၀၉ | ၅၄၇ | ၅၃၈ | ၅၂၈ | ၅၂၈ |
| ဆန်ပြောင်း | - | ၅၀၆ | ၅၄၀ | ၅၄၀ | ၅၄၀ | ၅၂၃ | ၅၆၄ |
| နှမ်းဖြူ | ၂၀၂၂ | ၂၁၃၃ | ၂၀၂၂ | ၂၁၇၈ | ၂၂၆၇ | ၂၁၂၂ | ၂၀၈၈ |
| နှမ်းညို | ၁၆၆၇ | ၁၈၆၇ | ၁၇၇၈ | ၁၇၃၃ | ၁၈၀၈ | ၁၇၇၈ | ၁၆၂၂ |
| နှမ်းနက် | ၃၄၄၄ | ၃၆၆၇ | ၃၅၅၆ | ၂၇၃၃ | ၂၇၇၈ | ၂၄၄၄ | ၂၀၈၀ |
| နှမ်းနက် (စမုံ) | ၃၈၈၉ | ၄၂၂၂ | ၃၈၈၉ | ၄၂၂၂ | ၄၂၂၂ | ၃၃၃၃ | ၃၁၅၇ |
| ပန်းနှမ်း | ၁၆၆၇ | ၂၀၀၀ | ၂၂၆၇ | ၁၈၈၉ | ၂၁၃၃ | ၂၂၂၂ | ၂၀၄၄ |
| မြေပဲ ( S1လုံးဆန်) | ၂၆၇၅ | ၂၆၇၅ | ၂၇၀၀ | ၂၇၅၀ | ၂၅၅၀ | ၃၀၅၀ | ၂၇၅၀ |

ဇူလိုင်လအတွင်းပြည်ပ(တရုတ်) ဝယ်လက်မှ ဝယ်ယူမှုကျဆင်းတာကြောင့် ပဲတီစိမ်းအရောင်းအဝယ်အေးသလို ဈေးအေးလျက်ရှိပါတယ်။ ယခုနှစ်(၂၀၁၆ခုနှစ်) အတွင်းဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်ဖြစ်တဲ့ ဖေဖော်ဝါရီလဈေးနှုန်းအောက် ပဲတီစိမ်းရွှေဝါ တစ်ပိဿာ ကျပ် ၆၀၀(တစ်တန် ၃၇၅၃၉၅ ကျပ်)၊ ပဲတီစိမ်းအညာတစ်ပိဿာ ၂၁၄ ကျပ်(တစ်တန် ကျပ် ၁၃၁၀၅၀) ဈေးကျသွားလို့ ယခုတစ်ပတ်မှာ ပဲတီစိမ်းရွှေဝါ တစ်ပိဿာ ၁၄၇၆ ကျပ်နဲ့ နေ့စဉ်သုံးတင်းအိတ် ၈၀၀ ကျော်၊ ပဲတီစိမ်းအညာတစ်ပိဿာ ၁၆၅၃ ကျပ်နဲ့ နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်မှာ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၁၇ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအောက် တစ်ပိဿာ ၆၆ ကျပ်(တစ်တန် ၄၀၄၁၈ ကျပ်) ဈေးကျသွားကာ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၅၃၈ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၅၄ ကျပ်၊ (တစ်တန် ၃၃၀၆၉ ကျပ်)မြင့်တက်ပြီး နေ့စဉ် သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲနီပြားတစ်ပိဿာ ၁၂၆၇ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၁၈ ကျပ်၊ (တစ်တန် ၁၁၀၂၃ ကျပ်)ဈေးမာပြီး ဈေးနှုန်းကွာဟမှုကျဉ်းမြောင်းစွာနဲ့ နေ့စဉ်သုံးတင်း အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲပုပ်(ရှမ်း) မှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မာပြီး ပဲပုပ်(ဗမာ) မှာ ယခင်တစ်ပတ်နဲ့ဈေးနှုန်းတူ နေ့စဉ်သုံးတင်း အိတ် ၅၀၀ ခန့်၊ ပဲယင်းမှာ ယခင်တစ်ပတ်ဈေးအောက် အနည်းငယ်ရောက်ရှိပြီး ထောပတ်ပဲနဲ့ နိုင်လွန်ပဲမှာ ယခင်တစ် ပတ်ရဲ့ ဈေးနှုန်းအထက်နဲ့ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မြေထောက်ပဲနဲ့ မတ်ပဲမှာ ယခုနှစ် (၂၀၁၆ ခုနှစ်) အရောင်းအဝယ်ဖြစ်တဲ့ ပေါက်ဈေးရဲ့ အမြင့်ဆုံးအနေအထားမှာ အရောင်းအဝယ်ဖြစ်ပြီး နေ့စဉ်မြေထောက်ပဲသုံးတင်းအိတ် ၂၀၀ ခန့် မတ်ပဲ သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်ရဲ့ ယခုတစ်ပတ်ဖြစ်ပေါ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းမှာ ယခုနှစ် (၂၀၁၆ ခုနှစ်) ရဲ့ အမြင့်ဆုံးအရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းအောက် အနည်းငယ်ရောက်ရှိပေမယ့် တစ်ပိဿာ ၃၅ ကျပ် (တစ်တန် ၂၁၄၃၄ ကျပ်) သာကွာဟမှုကျဉ်းမြောင်းစွာနဲ့ နေ့စဉ်သုံးတင်း အိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ပြောင်းဖူးစေ့ဈေးနှုန်းများမှာ ယခုလပိုင်းအတွင်း အပြောင်းအလဲအနည်းငယ်သာရှိလို့ ဈေးငြိမ်တယ်လို့ဆိုရပါမယ်။ ဈေးငြိမ်လျက်ရှိသလို အရောင်းအဝယ်လည်းငြိမ်သက်လျက်ရှိလို့ နေ့စဉ်ပြောင်းဖူးစေ့မျိုးစုံ သုံးတင်းအိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ပါတယ်။

ယခုတစ်ပတ် နှမ်းရောင်စုံများ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအောက်သို့ ရောက်ရှိပြီး ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ နှမ်းဖြူရဲ့ ဈေးနှုန်းမှာယခင်တစ်ပတ်ဈေးအောက် တစ်ပိဿာ ၁၂၂ ကျပ် (တစ်တန် ၇၄၇၁၂ ကျပ်) နှမ်းညိုတစ်ပိဿာ ၁၅၆ ကျပ်(တစ်တန် ၉၅၅၃၃ ကျပ်) နှမ်းနက် (စမုံ) တစ်ပိဿာ ၅၇၇ ကျပ်(တစ်တန် ၃၅၃၃၄၉ ကျပ်) ပန်းနှမ်းတစ်ပိဿာ ၁၇၈ ကျပ်၊ (တစ်တန် ၁၀၉၀၀၅ ကျပ်) ဈေးအေးနဲ့ နှမ်းရောင်စုံများနေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး၊ မြေပဲဆန် (S1 လုံးဆန်) မှာ ယခင်တစ်ပတ်ဈေးအောက် တစ်ပိဿာ ကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်) ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ၊ မဟာကထိန်တော်အသင်း) မှာ အရောင်းအဝယ်ပြုလုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံများရဲ့ ၆၀ ရာခိုင်နှုန်းကျော်မှာ ပြည်ပ (တရုတ်) ဝယ်လက်ကိုမှီခိုနေရတဲ့အတွက် တရုတ်ဝယ်လက်ရဲ့ ဝယ်လိုအားအပေါ် မူတည်ပြီး ဈေးနှုန်းအတက်အကျနဲ့ အရောင်းအဝယ်ဖြစ်မှုပမာဏ အနည်းအများဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခုတစ်ပတ်မှာ အရင်ကဝယ်လိုအား လွန်စွာကောင်းမွန်တဲ့ ပဲတီစိမ်း၊ နှမ်းရောင်စုံနဲ့ မြေပဲဆန်များဟာ ဈေးကွက်ရဲ့ ရိုက်ခတ်မှုကြောင့် ဈေးနှုန်းသိသိသာသာအေးသလို အရောင်းအဝယ်လည်း အေးလျက်ရှိကြောင်း၊ ဝယ်လိုအား ထက်ဝက်နီးပါးလျော့ကျကြောင်း၊ ဒေသတွင်းဝယ်လက်များ၊ ပဲခွဲစက်များမှ ဝယ်ယူမှုရှိတဲ့ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲထိုင်ဝမ်မှာ ယခုနှစ်ရဲ့ အမြင့်ဆုံးဈေးကို ရောက်ရှိကြောင်း၊ ပြောင်းဖူးစေ့ များကို မန္တလေးမှ ပြည်ပသို့တင်ပို့မှုမှာ လွန်စွာနည်းပါးကြောင်း၊ ပဲစားသုံးမှုနှင့်နှမ်းဆီစားသုံးမှုလိုအပ်ချက်များတဲ့ တရုတ် စားသုံးသူများကြောင့် မကြာခင်အချိန်အတွင်း ဝယ်လိုအား ပြန်လည်မြင့်တက်လာဖွယ်ရှိကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားပါတယ်။ **စိုးအောင်-မန္တလေး**

## ချင်း

### ဟိုပုံးဈေးကွက်မှာ ချင်း(ဥမ)အသစ်တွေ ဝင်လာပေမယ့် ပြည်တွင်းဝယ်လက်သာရှိနေ

ဟိုပုံးဈေးကွက်မှာ ချင်း(ဥမ)တွေစပြီးတော့ ဝင်လာပါပြီ။ အဝင်ကတော့ နည်းနေပါသေးတယ်။ မိုးကလည်းဆက်တိုက် ရွာနေတာကြောင့် ဖော်လို့မရသေးဘူးလို့လည်း သိရပါတယ်။ အဟောင်းကတော့ လက်ကျန်မရှိတော့ပါဘူး။ အခု(ဥမ)မှစပြီး ဈေးဖွင့်မှာဖြစ်ပါတယ်။ ချင်းစိုက် တောင်သူတွေကလည်း ဈေးကွက်အခြေအနေကိုစုံစမ်းပြီး ဈေးကွက်မှာ ဈေးကောင်းရင် ဖော်ကြမှာဖြစ်ပြီး၊ ဈေးမကောင်းရင်တော့ မဖော်တော့ဘဲ ဒီအတိုင်းထားသွားမယ်လို့လည်း သိရပါတယ်။ အရင်နှစ်ကချင်းတက်တွေလည်း အထွက်နှုန်းနည်းတာကြောင့် ဈေးကွက်မှာလည်း အကုန်မြန်ပါတယ်။ အခု အသစ်ပေါ်တဲ့ ချင်း(ဥမ)တွေကိုလည်း ပြည်တွင်းသုံးအတွက်သာ အဝယ်ရှိနေပြီး၊ ပြည်ပဝယ်လက်ကတော့ မရှိသေးပါဘူး။ ဟိုပုံးချင်း(ဥမ)တွေကတော့ တစ်ပိဿာကို ၃၀၀ကျပ် ပတ်ချာလည်ဈေးနဲ့ ဈေးဖွင့်တယ်လို့လည်း သိရပါတယ်။ ချင်းခြောက်က လက်ကျန်နည်းနေပြီး တစ် ပိဿာကို ၁၈၀၀ ကျပ်မှ ၁၉၀၀ကျပ်ဈေး ရှိတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ချင်း(ဥမ)က တစ်ပိဿာ ၃၅၀ကျပ် ဈေးရှိတယ်လို့ ဈေးကွက်က သိရှိရပါတယ်။

**ဓနခိုင်(တောင်ကြီး)**

### ဇွန်လအတွင်း ချင်း တန် ၁၀၀ ကျော်တင်ပို့

ဇွန်လ ၁ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ချင်း ၁၆၂ ဒသမ ၆၈၂ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများမှာ စင်ကာပူနဲ့ ဘရူနိုင်းနိုင်ငံတို့ ဖြစ်ပါတယ်။ မေလအတွင်း ချင်းတင်ပို့မှုမှာ ၅၆ တန်သာရှိခဲ့တာကြောင့် ဇွန်လမှာ ချင်း၁၀၆ တန်ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ ဇွန်လအတွင်း ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၂၅၅၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## နနွင်း



### ဟိုပုံးနနွင်းနဲ့ အင်းလေးနနွင်းတွေ အရောင်းအဝယ်ဖြစ်နေ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းပုံမှန်ဝင်နေပါတယ်။ ရန်ကုန်ဝယ်လက်တွေက အဝယ်ရှိနေတယ်လို့လည်း သိရပါတယ်။ နနွင်းအသစ်တွေကတော့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလပိုင်းမှာမှ ပြန်ပြီးဈေးကွက်ဝင်လာမှာ ဖြစ်ပါတယ်။ ရှမ်းနနွင်းကို ဒီနှစ် ပြည်ပဝယ်လက်တွေက အတော်များများ ဝယ်ယူလာတာကြောင့် အရင်နှစ်တွေထက် ပိုပြီးရောင်းကောင်းတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာလည်း ဟိုပုံးနနွင်းကို ရန်ကုန်ဝယ်လက်တွေက အဓိကဝယ်ယူပါတယ်။ အင်းလေးစတွေကိုလည်း အနည်းအကျဉ်း ဝယ်ယူနေပြီးတော့ အမှုန့်ကြိတ်ဖို့ရယ် ခြင်ဆေးခွေပြုလုပ်ဖို့အတွက် ဝယ်ယူတယ်လို့သိရပြီး၊ ရန်ကုန်မှတစ်ဆင့် ပင်လယ်ရေကြောင်းကသွားတဲ့ နနွင်းတွေကိုတော့ ဝယ်ယူနေတဲ့နိုင်ငံတွေက ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုဖို့ ဝယ်ယူကြတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်ဟိုပုံးဈေးကွက်မှာ ဟိုပုံးနနွင်းနဲ့ အင်းလေးနနွင်းတွေ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဟိုပုံးစ ကတော့ တစ်ပိဿာ ၁၇၀၀ကျပ်နဲ့ ပိဿာချိန်ခြောက်သောင်း၊ ခုနှစ်သောင်းခန့်နဲ့ အင်းလေးစကတော့ တစ်ပိဿာ ၁၇၀၀ကျပ်နဲ့ ပိဿာချိန် ခြောက်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

**ဓနခိုင် (တောင်ကြီး)**

### နနွင်းတန်ချိန် ၅၀၀ ကျော် တင်ပို့

ဇွန် ၂၆ ရက်မှ ဇူလိုင်၂ ရက်သီတင်းပတ်အတွင်း နနွင်း ၅၃၁ ဒသမ ၄၅၇ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်သို့ ၅၆ တန်၊ ဂျပန်သို့ ၁၈ တန်၊ မလေးရှားသို့ ၃၉၂ ဒသမ ၄၅၇ တန်နဲ့ စင်ကာပူသို့ ၆၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတန်ချိန် ၄၃၀ ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၉၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၅၀၅၀၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလအတွင်း နနွင်းတင်ပို့မှု တန်ချိန်မှာ ၆၅၅ တန်ကျော်ရှိခဲ့ပြီး ဇွန်လမှာ တန်ချိန်၁၃၁၀ ကျော်ရှိခဲ့တာကြောင့် ဇွန်လမှာ နနွင်းတန်ချိန် ၆၆၀ ကျော်တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မန်ကျည်း

### ဇွန်လအတွင်း မန်ကျည်း တန်ချိန် ၄၀၀ ကျော် တင်ပို့

ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက် သီတင်းပတ်အတွင်း မန်ကျည်းတင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။ ဇွန်လအတွင်း သုံးပတ်သာတင်ပို့မှုရှိခဲ့ပြီး တင်ပို့တန်ချိန်မှာ ၄၅၇ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ မေလအတွင်း မန်ကျည်းတင်ပို့မှုမှာ တန်ချိန် ၈၄၀ ရှိခဲ့တာကြောင့် ဇွန်လမှာ တန်ချိန် ၃၈၀ ကျော် တင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။ ဇွန်လ မန်ကျည်းတင်ပို့မှုမှကန်ဒေါ်လာ ၁၄၀၁၆၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### လွိုင်ကော်မြို့တွင် မန်ကျည်းမှည့် ဈေးအနည်းငယ်မြင့်တက်

ယခု ရက်သတ္တပတ်အတွင်း ကယားပြည်နယ် လွိုင်ကော်မြို့တွင် မန်ကျည်းမှည့်ဈေး အနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မန်ကျည်းမှည့်ဈေး တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မန်ကျည်းမှည့်ဈေး တစ်ပိဿာလျှင် ကျပ် ၂၈၀၀ သို့ အနည်းငယ်မြင့်တက်သွားပါတယ်။ ယင်းကဲ့သို့ မန်ကျည်းမှည့်ဈေးတက်လာရခြင်းမှာ သီးနှံထွက်ရှိသည့် ရာသီမဟုတ်သည့်အပြင် ပစ္စည်းလက်ကျန် နည်းပါးခြင်းတို့ကြောင့်ဖြစ်ကြောင်း ဒေသခံကုန်သည်များရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

**ဗညားထက်-လွိုင်ကော်**

### ဒေသတွင်းလက်ကျန် မန်ကျည်းမှည့်များ ဈေးမြင့်တက်လျက်ရှိ

ပြည်ပွဲရုံများတွင် စားဖိုဆောင်သီးနှံ မန်ကျည်းမှည့်ဈေးတွေ မြင့်တက်လာပါတယ်။ လက်ကျန်နည်းပြီး အဝင်လုံးဝမရှိတော့တာကြောင့် ဇူလိုင်(ဒုတိယပတ်)တွင် တဖြည်းဖြည်း ဈေးမြင့်တက်လာတာ တွေ့ရပါတယ်။ဒေသတွင်းသုံးစွဲမှုမှာ ပုံမှန်ရှိနေရာမှ ယခုကဲ့သို့ ဈေးနှုန်းမြင့်မားလာခြင်းကြောင့် လျှောင်ကုန်မရှိတဲ့ သုံးစွဲသူများမှာ ဈေးအမြင့်ဖြင့် ဝယ်ယူရသလို ပြန်လည်ရောင်းချမယ့် စီးပွားရေးသမားများမှာလည်း တွက်ခြေမကိုက်ဖြစ်နေပါတယ်။ မန်ကျည်းမှည့်(ပွဲရုံ) ပေါက်ဈေးမှာ တစ်ပိဿာလျှင် ၂၈၀၀ ကျပ်မှ ၃၀၀၀ ကျပ်အထိဖြစ်ပြီး ဒေသတွင်း(လက်လီ) တစ်ပိဿာဈေးကတော့ ၃၅၀၀ ကျပ်ဈေးဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ ဒေသတွင်း ထွက်ရှိတဲ့ မန်ကျည်းမှည့်ဟာ လက်ကျန်နည်းပါးခြင်းကြောင့် မန်ကျည်းသီး အသစ်မပေါ်ခင်အထိ ဈေးအတက်မှာရှိနေမှာဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားပါတယ်။

**နီနီဝင်း**

## ကြက်သွန်

### တာချီလိတ်၊မူဆယ်၊မြဝတီ ကုန်သွယ်ရေးဇုန်တို့မှ ကြက်သွန်နီ၊ ကြက်သွန်ဖြူတင်ပို့

ဇွန်နောက်ဆုံးပတ်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၈၇၃၉၅ တန်ဖိုးရှိတဲ့ ကြက်သွန်နီ တန် ၁၁၀၀ ကျော်တင်ပို့နိုင်ခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၁၁၇၆၂ တန်ဖိုးရှိ ကြက်သွန်နီ ၆၃၆ တန်ခွဲနဲ့ အမေရိကန်ဒေါ်လာ ၅၈၈၂၉ တန်ဖိုးရှိ ကြက်သွန်ဖြူ တန်၄၀၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ပုံမှန်တင်ပို့နေကျ အမေရိကန်ဒေါ်လာ ၆၃၇၇၁ တန်ဖိုးရှိ ကြက်သွန်ဖြူ ၄၆ တန်ကိုတင်ပို့ခဲ့ပါတယ်။

မူဆယ်မှကြက်သွန်နီတင်ပို့မှုတွင် ရုံးချုပ်အပြင် နယ်စပ်စခန်းတွေမှ တိုက်ရိုက် လျှောက်ထားခွင့်ပြုခဲ့ပြီး တစ်နေ့လျှင် ကားအစီးရေ ၁၀စီးခန့် ဝင်ရောက်ခဲ့ကြောင်း၊ စခန်းခွင့်ပြုလိုင်စင်တစ်စောင်ကို တန် ၁၀၀ ခွင့်ပြုလျက်ရှိပြီး ကုမ္ပဏီတစ်ခုလျှင် လိုင်စင်တစ်စောင်ကို တန် ၁၀၀ နှုန်းနဲ့ လိုအပ်သလောက် လိုင်စင် လျှောက်ထားခွင့်ပြုသဖြင့် ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ ကုန်သွယ်မှုတွင် ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စွာတင်ပို့နိုင်ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။

ဇွန်အတွင်း မူဆယ်မှ ကြက်သွန်နီ ၅၇၅၅ တန်၊ မြဝတီမှ ကြက်သွန်နီ ၁၅၆၀ တန်၊ တာချီလိတ်မှ ကြက်သွန်နီ တန်၁၀၀ နဲ့ ကြက်သွန်ဖြူကို တာချီလိတ်မှ ၅၁၁ တန်ခွဲ၊ မြဝတီမှ တန် ၄၀ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**



### ပြည်ကြက်သွန်ဖြူဈေးကွက်မှာ တရုတ်စနှင့် ရှမ်းစ ဈေးမငြိမ်

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်လျက်ရှိနေတာ တွေ့ရပါတယ်။ ဝင်လာတဲ့ကြက်သွန်ဖြူအိတ်တွေဟာ တရုတ်မှဝင်ရောက်လာတဲ့ ကြူကုတ်စနှင့် ရှမ်းပြည်တောင်ပိုင်းမှ ဝင်ရောက်တဲ့(ရှမ်းစ)တွေ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်အတွင်း ကြက်သွန်ဖြူဈေးကွက်မှာ ဒေသတွင်းအရောင်းအဝယ်မှာ ပုံမှန်ရောင်းဝယ်မှုဖြစ်နေပေမယ့် ဈေးနှုန်း အတော်ကလေး မငြိမ်တာ တွေ့နေရပါတယ်။ ဇူလိုင်လ (ဒုတိယပတ်)မှာ ကြက်သွန်ဖြူဈေးဟာ တစ်ပိဿာလျှင် (ပွဲရုံဈေး) ရှမ်းစ ၃၈၀၀ ကျပ် (လက်လီ) ၅၀၀၀ ကျပ်အထိဖြစ်ပြီး ကြူကုတ်စ တစ်ပိဿာလျှင် (ပွဲရုံဈေး) ၃၂၀၀ ကျပ်နှင့် (လက်လီ) ၃၅၀၀ ကျပ်ဈေးတို့ ဖြစ်ပါတယ်။ ကြူကုတ်စတွေ ဈေးကျလာတာကြောင့် အရောင်းအဝယ်လည်း ကြူကုတ်က ပိုမိုထွက်လာတာတွေ့ရပါတယ်။

**နီနီဝင်း**

# ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အရေးပါသော ထောက်ပံ့ပို့ဆောင်မှု (Logistics for Trade Promotion)

|သိန်းမြင့်ဝေ|

**(ယခင်တစ်ပတ်မှ အဆက်)**

ပြီးခဲ့သည့်တစ်ပတ်က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဆောင်ရွက်မှုများနှင့်အတူ ကုန်သွယ်မှုအဟန့်အတားများ လျော့ကျလာပုံ၊ စီးပွားရေးပေါင်းစည်းမှု အစီအစဉ်များနှင့် ကုန်သွယ်ရေးဖြေလျော့မှုများကြောင့် စီးပွားရေးတိုးတက်လာပုံတို့ကို ဖော်ပြခဲ့သည်။ ထို့ပြင် ထောက်ပံ့ပို့ဆောင်ရေး၏ အရေးပါပုံ၊ ထောက်ပံ့ပို့ဆောင်ရေးတွင် အကျိုးဝင်သော အချက်များ၊ Logistics အကောင်းမွန်ဆုံး ကမ္ဘာ့ထိပ်တန်းနိုင်ငံများနှင့် Logistics အဆိုးဆုံးနိုင်ငံများ၊ အာရှ-ပစိဖိတ်ဒေသ၏ ကမ္ဘာ့ကုန်သွယ်ရေးတွင် အရေးပါလာပုံ၊ အာရှ-ပစိဖိတ်ဒေသတွင် Logistics အကောင်းဆုံးနှင့် အညံ့ဆုံးနိုင်ငံများ၊ အာရှ-ပစိဖိတ်ဒေသတွင် Logistics အညံ့ဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံ ပါဝင်လာပုံ စသည်တို့ကိုလည်း ဖော်ပြခဲ့ပါသည်။

**Logistics ကောင်းမွန်ရေးအတွက် တာဝန်ရှိသူများ**

ယေဘုယျအားဖြင့် ဆင်းရဲသောနိုင်ငံများတွင် ထောက်ပံ့ပို့ဆောင်မှုစနစ် အားနည်းကြောင်း တွေ့မြင်နိုင်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ချမ်းသာသည့် စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများက ဆင်းရဲသော နိုင်ငံများ၏ Logistics ခေတ်မီတိုးတက်ရေးအတွက် စီမံကိန်းကြီးများ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ သို့သော်လည်း အဆိုပါနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုစွမ်းအား (Productivity) သိသိသာသာ မတိုးတက်ခဲ့ပေ။ ထို့ကြောင့်ထိရောက်သော Logistics စနစ် ဖြစ်ပေါ်လာရေးအတွက် မည်သူ့တွင် တာဝန်ရှိပါသနည်း ဟူသော မေးခွန်းထွက်ပေါ်လာသည်။

ထောက်ပံ့ပို့ဆောင်မှုစနစ်၏ အရေးကြီးသော လုပ်ငန်းအတော်များများသည် ပုဂ္ဂလိက ကဏ္ဍ၏လက်ထဲတွင် ရှိကြောင်း တွေ့ရသည်။ Important parts of logistics system are in the hands of private sector ဟူ၍ သုံးသပ်ထားသည်။ သို့သော်လည်း မူဝါဒပိုင်းဆိုင်ရာ ထိန်းကျောင်းမှုများအတွက် အစိုးရတွင်တာဝန်ရှိပါသည်။ ထောက်ပံ့ပို့ဆောင်မှု စွမ်းရည်နိမ့်ကျသော နိုင်ငံများတွင် တွေ့ရလေ့ရှိသော အကြီးမားဆုံးငြင်းခုံပွဲ (အဆင်မပြေမှု) မှာ ဆိပ်ကမ်းမှ ကုန်ပစ္စည်းများ ထုတ်ယူသည့်ကိစ္စဖြစ်သည်။



**ဖြေရှင်းရန်နည်းလမ်းများ**

ထောက်ပံ့ပို့ဆောင်မှု ကောင်းမွန်ရေးအတွက် အဓိကကျသော နည်းလမ်းနှစ်သွယ်ကို တွေ့ရသည်။ ပထမနည်းလမ်းမှာ ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းဈေးကွက်ကို လွတ်လပ်ခွင့်ပြုခြင်း (Liberalizing logistics services market) ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ထောက်ပံ့ပို့ဆောင်မှု အခြေခံအဆောက်အအုံတွင် အစိုးရ၏ ရင်းနှီးမြှုပ်နှံခြင်း (Investment in logistics imfrastructure) ဖြစ်ပါသည်။ ထောက်ပံ့ပို့ဆောင်မှု အခြေခံအဆောက်အအုံတွင် အစိုးရ၏ ထိထိရောက်ရောက် ရင်းနှီးမြှုပ်နှံခြင်းနှင့် အစိုးရ-ပုဂ္ဂလိက နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်းက နိုင်ငံ၏ကုန်သွယ်မှုနှင့် စီးပွားရေး စွမ်းဆောင်ရည်ကို တိုးတက်စေသည့် သာဓကများလည်း ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ထောက်ပံ့ပို့ဆောင်မှု ကောင်းမွန်ရေးဦးစားပေးနယ်ပယ်များ (Priority areas) သတ်မှတ်ဆောင်ရွက်သင့်ပါသည်။ စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများ သို့မဟုတ် ဆင်းရဲသောနိုင်ငံများ၏ စီးပွားရေးစွမ်းဆောင်ရည် (Economic performance) ကို အဓိကအဟန့်အတားပြုလျက်ရှိသောအချက်မှာ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော အခြေခံအဆောက်အအုံများ နည်းပါးခြင်းနှင့် ယင်းတို့၏ အရည်အသွေးနိမ့်ကျခြင်း (Availability and quality of the trade related infrastructure) ဖြစ်သည်။ အထူးသဖြင့် ဆိပ်ကမ်း (Port)၊ လမ်း (Road) နှင့် မီးရထားဝန်ဆောင်မှုလုပ်ငန်းများ (Rail services) လုံလောက်မှု မရှိခြင်းနှင့် အရည် အသွေးမပြည့်ဝခြင်းတို့ကို တွေ့ရှိရပါသည်။ စွမ်းဆောင်ရည် ပြည့်ဝသော နယ်စပ်စီမံခန့်ခွဲမှု (Efficient border management) နှင့် နယ်စပ်ကုန်ပစ္စည်းစစ်ဆေးရေး (Border clearance) တွင် ပါဝင်ဆောင် ရွက်ကြသော ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုသည်လည်း အရေးကြီးသောအချက် ဖြစ်ပါသည်။

စီးပွားရေးစွမ်းဆောင်ရည် အနိမ့်ကျဆုံး နိုင်ငံများသည် ထောက်ပံ့ပို့ဆောင်မှု သိသိသာသာ တိုးတက်စေရန် ဆောင်ရွက်ပြီး အလွန်ပွင့်လင်းလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုစနစ်၏ အသီးအပွင့်များကို ရယူခံစားရန် လိုအပ်ပါသည်။ ထောက်ပံ့ပို့ဆောင်မှုစွမ်းရည်၊ လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ပုံ (Logistics completence, processes and business practices) တို့ကို သိသာစွာ တိုးတက်ကောင်းမွန် လာစေရန် တိုက်တွန်းလိုရင်းဖြစ်သည်။ သို့သော်လည်း ထောက်ပံ့ပို့ဆောင်မှု စွမ်းဆောင်ရည် နိမ့်ကျသော နိုင်ငံများသည် ကုန်းတွင်းပိတ်နိုင်ငံများ (Land locked countries) ဖြစ်ပြီး ဖြတ်သန်းကုန်သွယ်ရေး (Transit Trade) ကို အမှီပြုရသော နိုင်ငံများ ဖြစ်ကြပါသည်။ ဤအချက်သည် အဆိုပါနိုင်ငံများ၏ ထောက်ပံ့ပို့ဆောင်မှုကောင်းမွန်ရေးအတွက် အဓိကစိန်ခေါ်မှု တစ်ခုဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်မှု၏ သဘော**

ထောက်ပံ့ပို့ဆောင်မှု (Logistics) ဆိုသည်မှာ မူရင်းထုတ်လုပ်သည့် နေရာမှ အသုံးပြုသည့်နေရာသို့ ရောက်ရှိသည်အထိ ကုန်ကြမ်းအပါအဝင် နောက်ဆုံးသုံး ကုန်စည်များနှင့် သက်ဆိုင်သော ရုပ်ဝတ္ထုပစ္စည်း စီးဆင်းမှုနှင့် သတင်းအချက်အလက် စီးဆင်းမှုကို စီမံကိန်းရေးဆွဲ၊ အကောင်အထည်ဖော်၊ ထိန်းချုပ်သည့် စီမံခန့်ခွဲမှု ဖြစ်စဉ်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်မှု (International Logistics) တွင် နိုင်ငံတကာနယ်နိမိတ်ကို ဖြတ်ကျော်လျက် ကုမ္ပဏီ၏ ထုတ်လုပ် ရောင်းချမှုကွင်းဆက် (Supply chain) အတွင်း အဆိုပါ သွင်းအားစုများ (Resources) ကို စီမံခန့်ခွဲရသည့် လုပ်ဆောင်ချက်များပါဝင်သည်။ ဤအဓိပ္ပါယ် ဖွင့်ဆိုချက်သည် ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုကောင်စီ (Council of logistics Management ) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါသည်။

ထောက်ပံ့ပို့ဆောင်မှုဆိုသည်မှာ စားသုံးသူလက်ဝယ်သို့ ကုန်ပစ္စည်းရောက်ရှိသည်အထိ တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးရသည့် လုပ်ဆောင်ချက်အပြင် အဆိုပါကုန်ပစ္စည်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်တို့ကို စီမံခန့်ခွဲပေးရခြင်းဖြစ်သည်။ ကုန်ပစ္စည်းထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှုတွင် ကုန်လက်ကျန်ကိန်းဂဏန်းများနှင့် သဘောလိုင်း အချိန်ဇယားများကဲ့သို့သော သတင်းအချက်အလက် စုဆောင်းခြင်း (Integration of information)၊ ကုန်စည်များ အတင်အချ ပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ကုန်လက်ကျန် ပို့ဆောင် ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်းနှင့် လုံခြုံရေးစသည်တို့ ပါဝင်ပါသည်။ **Source: World Bank.org**

## Hitachi က Hitachi Social Innovation Forum in Myanmar ကို လက်ခံကျင်းပ

Hitachi Asia Co., Ltd. က ကြီးမှူး၍ Hitachi Social Innovation Forum in Myanmar ကို နေပြည်တော်ရှိ Hilton ဟိုတယ်တွင် ဇူလိုင် ၅ ရက်က ကျင်းပခဲ့သည်။




အဆိုပါဖိုရမ်တွင် Hitachi က မြန်မာနိုင်ငံအစိုးရနှင့်ဖက်စပ်ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်သည့် ရထားလမ်းပိုင်းအချက်ပြစနစ်များအား ခေတ်မီနည်းစနစ်များဖြင့် အစားထိုးတပ်ဆင်ရေးလုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၏လုပ်ငန်းများဖြစ်သည့် ဆိပ်ကမ်းရှင်းလင်းရေးလုပ်ငန်းများ၊ သင်္ဘောဝင်ရောက်ဆိုက်ကပ်ထွက်ခွာစသည့် လုပ်ငန်းများအား ခေတ်မီနည်းစနစ်များဖြင့် အစားထိုးနိုင်ရေး၊ ခေတ်မီစာပို့တိုက်နည်းပညာများဖြင့် အစားထိုးနိုင်ရေးတို့ကို အိုင်စီတီနည်းပညာများဖြင့် လုပ်ဆောင်ပေးသွားမည့်အကြောင်းအရာများအား ဆွေးနွေးခဲ့ကြသည်။

Hitachi သည် မြန်မာနိုင်ငံ၏ ရထားလမ်းကြောင်းများဆုံရာ ဒေသတစ်ခုဖြစ်သည့် ရန်ကုန်ဘူတာကြီးမှ ပြွန်တန်ဆာဘူတာအထိ မိုင် ၁၄၀ ရှည်လျားသည့် ရထားလမ်းပိုင်းအတွက် အချက်ပြစနစ်များတပ်ဆင်ရန် ၂၀၁၅ ခုနှစ် မေလတွင် ယန်းငွေ ၂ ဒသမ ၄ ဘီလီယံ တန်ကြေးရှိသည့် စာချုပ်တစ်ရပ်ကို မြန်မာ့မီးရထားနှင့် ချုပ်ဆိုခဲ့သည်။ အဆိုပါ ရထားလမ်းအချက်ပြစနစ်များအား ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲတပ်ဆင်ရန် Hitachi က ကူညီပေးသွားမည်ဖြစ်သည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အား ဆိပ်ကမ်းဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် EDI စနစ်ကို လုပ်ဆောင်ပေးရန် တင်ဒါရရှိခဲ့ပြီး စတင်လုပ်ဆောင်လျက်ရှိသည်။ ယင်းစနစ်သည် မြန်မာနိုင်ငံ၏ဆိပ်ကမ်းများတွင် ဆိပ်ကမ်းစီမံခန့်ခွဲရေးကို ပိုမိုခေတ်မီစေရန်နှင့် ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပြီး ၂၀၁၇ ခုနှစ် ဖေ ဖော်ဝါရီလတွင် အပြီးတပ်ဆင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ယင်းကိစ္စများကို အဓိကထား၍ ယခုကျင်းပသည့်ဖိုရမ်တွင် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

"ယခင်နှစ်တွေတုန်းက Hitachi ဟာ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို မြန်မာနိုင်ငံမှာတိုးချဲ့ဖို့ အစီအစဉ်နဲ့ ၂၀၂၀ ခုနှစ်မှာ ပြည်တွင်းဝန်ထမ်းအင်အားကို ၂၀၀ ကနေ ၁၀၀၀ အထိ တိုးချဲ့ခန့်ထားဖို့ ကြေညာခဲ့ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလမ်းကြောင်းပေါ်မှာ ရှိနေပြီး တစ်နှစ်အတွင်းမှာပဲဝန်ထမ်းအင်အား နှစ်ဆကျော်တိုးတက်လာခဲ့ပါ တယ်။ Hitachi ဟာ အခုကျင်းပတဲ့ Hitachi Social Innovation Forum မှတစ်ဆင့် မြန်မာနိုင်ငံမှာ ကြုံတွေ့နေတဲ့ လူမှုပြဿနာတွေကို ဖြေရှင်းပေးဖို့ ကတိပြုပါတယ်။ ဒီဖိုရမ်မှာရှင်းလင်းတင်ပြချက်တွေဟာ မြန်မာနိုင်ငံရဲ့ လူနေမှုအဆင့်အတန်းတိုးတက်လာဖို့အတွက် Hitachi ရဲ့အခြေခံအဆောက်အအုံဆိုင်ရာ နည်းပညာတွေကို ရထားလမ်းလိုနေရာမျိုးတွေမှာ သတင်းအချက်အလက်နဲ့ နည်းပညာတွေ ပေါင်းစပ်သွားမှာ ဖြစ်ပါတယ်" ဟု Hitachi ၏ Chairman of the Board နှင့် Representative Executive Officer ဖြစ်သူ မစ္စတာဟီရိုအာကီနာကာနီရှိက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်းတန်ချိန် ၇၀၀ ကျော်ဝင်

ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၁၆၂၃၈၇၂၈ တန်ဖိုးရှိ ဒီဇယ် ၄၃၃ ဒသမ ၂၇၉ တန်နဲ့ ကန်ဒေါ်လာ ၁၅၈၇၅၅၀၇ တန်ဖိုးရှိ ဓာတ်ဆီ ၃၃၆ ဒသမ ၂၆၉ တန်၊ စုစုပေါင်း ဓာတ်ဆီ၊ ဒီဇယ် ၇၆၉ ဒသမ ၅၄၈ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ 92၊ 95၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီ၊ ဒီဇယ် စုစုပေါင်းအဝင်မှာ တန်ချိန် ၈၆၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၉၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလမှာ ဓာတ်ဆီ၊ ဒီဇယ်အဝင်စုစုပေါင်းမှာ တန်ချိန် ၂၃၀၀ ကျော်ရှိခဲ့ပြီး ဇွန်လအဝင်စုစုပေါင်းမှာ တန်ချိန် ၂၅၉၀ ကျော်ရှိခဲ့တာကြောင့် ဇွန်လမှာ တန်ချိန် ၂၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါ တယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၂၅၂၅၀၉တန်ဖိုးရှိ ဒီဇယ်တန်ချိန်၅၀၀နဲ့ ကန်ဒေါ်လာ၁၇၆၇၉၉တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန် ၃၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မြဝတီစခန်းမှ ကန်ဒေါ်လာ၄၇၈၅၈တန်ဖိုးရှိ ဓာတ်ဆီ ၉၅ ဒသမ ၅၀ တန်ကို တင်သွင်းခဲ့သေးတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)၊အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချ နေတဲ့ဈေးမှာ ဒီဇယ်၅၇၀ ကျပ်၊ အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရ ပါတယ်။ ဇူလိုင် ၄ ရက် ဒီဇယ်ဝယ်ဈေး ၁၀၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၁၀၀၀ ကျပ်ဈေး ရှိခဲ့ပြီး တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေး နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ်နီးပါးဈေးကျလာတယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါ ဈေးမှာ ဇူလိုင် ၄ ရက်တွင် ဝယ်ဈေး ၁၂၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၆ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျလာခဲ့ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး ၁၀၀၀ ကျပ်ဈေးကျလာပြီး ရောင်းဈေးဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၃၀၀၀-၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ၆၇၀ ကျပ်၊ ဒီဇယ် ၆၀၀ ကျပ်၊အဆင့်မြင့် ဒီဇယ် ၆၄၅ ကျပ်၊ အောက်တိန်း (92) ၆၄၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ ဇူလိုင်လ ၄ ရက် ဒီဇယ်ဝယ်ဈေး ၁၁၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇူလိုင် ၄ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၇ရက်တွင် ဝယ်ဈေး ၂၀၀၀ ကျပ်၊ ရောင်းဈေး ၅၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာဒီဇယ် ၂၇၀၀ ကျပ်၊ ဓာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေးငြိမ်နေပြီး၊ ဒီဇယ်နဲ့ အောက်တိန်းမှာဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ဒီဇယ် တစ်ဂါလန် ၂၇၀၀ကျပ်၊ အောက်တိန်း ၂၇၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၈၀၀ ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ် လို့ သိရပါတယ်။ဒီတစ်ပတ်ဓာတ်ဆီနဲ့ ဒီဇယ်မှာဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

### ပြည်တွင်းငွေလဲနှုန်း အနည်းငယ်ပြန်လည်မြင့်တက်

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ် ဈေးစအဖွင့်တွင် ဈေးကျဆင်းခဲ့ကာ ရောင်းဈေး ၁၁၆၉ ကျပ်၊ ဝယ်ဈေး ၁၁၆၅ ကျပ်သာရှိခဲ့သည်။

နောက်ပိုင်းရက်များတွင် ပြန်လည်မြင့်တက်ခဲ့ပြီး ရက်သတ္တတစ်ပတ်၏ ရုံးဖွင့်ရက်နောက်ဆုံးရက်ဖြစ်သည့် သောကြာနေ့တွင် ရောင်းဈေး ၁၁၇၅ ကျပ်၊ ဝယ်ဈေး ၁၁၇၂ ကျပ်သို့ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ဈေးပြန်လည်မြင့်တက်ခဲ့ရခြင်းမှာ ပြည်တွင်း ငွေလဲဈေးကွက်အတွင်း ပြန်လည် အဝယ်လိုက်လာခဲ့သဖြင့် ဈေးပြန်လည် မြင့်တက်လာခဲ့ရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှသိရသည်။

"ကမ္ဘာ့ဈေးကွက်ထဲမှာ ငွေလဲနှုန်းက ပြန်ပြီးမြင့်တက်လာတယ်။ ဒေါ်လာက ပြန်ပြီးအားကောင်းလာတဲ့သဘောပါ။ ပြည်တွင်းမှာလည်း အဝယ်ပြန်လိုက်လာတယ်။ ဒါကြောင့် ဈေးပြန်လည်မြင့်တက်လာခဲ့ရတာပါ"ဟု ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲဈေးကွက်တွင် ဇူလိုင် ၄ ရက်က ရောင်းဈေး ၁၁၆၉ ကျပ်၊ ဝယ်ဈေး ၁၁၆၅ ကျပ်ရှိခဲ့ပြီး ဇူလိုင် ၈ ရက်တွင် ရောင်းဈေး ၁၁၇၅ ကျပ်၊ ဝယ်ဈေး ၁၁၇၂ ကျပ်သို့ မြင့်တက်ခဲ့သည်။ ပြင်ပငွေလဲဈေးကွက်တွင် ဈေးမြင့်တက်ခဲ့သော်လည်း ဗဟိုဘဏ်ကသတ်မှတ်သည့် ရည်ညွှန်းငွေလဲနှုန်းမှာမူ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

### ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်နေဆဲ

ပြီးခဲ့သည့် ဇွန်လနောက်ဆုံးပတ်ကတည်းက မြင့်တက်ခဲ့သည့်မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက် မြင့်တက်လျက်ရှိကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းရွှေဈေးသည်စံချိန်တင် မြင့်တက်လျက်ရှိရာ ယခုတစ်ပတ်တွင် ကျပ် ရှစ်သိန်းသုံးသောင်းကျော်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးသည်လည်း မြင့်တက်လျက်ရှိရာ ယခုတစ်ပတ်တွင် ၁၃၅၆ ဒေါ်လာအထိမြင့်တက်ခဲ့သည်။

Brexit ဂယက်ကြောင့် ကမ္ဘာ့ရွှေဈေးများ မြင့်တက်နေခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရွှေဈေးများ မြင့်တက်နေမှုကြောင့် ပြည်တွင်းရွှေဈေးများလည်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

"ကမ္ဘာ့ရွှေဈေးတွေ မြင့်တက်လာတော့ ပြည်တွင်းရွှေဈေးလည်းမြင့်တက်လာရတာပါ။ ရွှေဈေးက ကျပ်ရှစ်သိန်းသုံးသောင်းကျော်အထိ ရောက်လာတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ်က တော်တော်လေးကို အေးသွားတယ်။ ဒီ Brexit ဂယက်က ရွှေဈေးကွက်မှာ တော်တော်လေးကို ရိုက်ခတ်သွားပါတယ်။ ဒီလောက်အထိ မြင့်တက်လာလိမ့်မယ်လို့ မထင်မိဘူး" ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်း ရွှေဈေးကွက်တွင် ဇူလိုင်၄ ရက်က ကျပ် ၈၂၇၀၀၀ ရှိခဲ့သော်လည်း ဇူလိုင် ၇ရက်တွင် ကျပ် ၈၃၄၀၀၀ သို့ ထပ်မံမြင့်တက်ခဲ့သည်။ ထို့ပြင် ဇူလိုင် ၈ ရက်တွင် ဆက်လက်မြင့်တက်ခဲ့ရာ ကျပ် ၈၃၅၀၀၀ သို့ ရောက်ရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၄ ရက်က ၁၃၂၇ ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၆ ရက်တွင် ၁၃၅၉ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ ဇူလိုင် ၇ ရက်တွင် ၁၃၆၉ ဒေါ်လာသို့မြင့်တက်ခဲ့သည်။ **မယ်သီတာ**

### FMI ရှယ်ယာဈေးများ ကျဆင်း၊ MTSH ရှယ်ယာများ ဈေးငြိမ်နေ

ယခုတစ်ပတ်အတွင်း MTSH ရှယ်ယာများ ဈေးငြိမ်နေပြီး FMI ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။

FMI ရှယ်ယာဈေးနှုန်းများသည် ဈေးစတင်ဖွင့်သည့်အချိန်က ၂၂၀၀၀ ကျပ်ဖြင့် စတင်ဖွင့်ခဲ့သော်လည်း တစ်ပတ်အတွင်းကျပ် ၁၅၀၀ ကျဆင်းခဲ့ကာ ဈေးပိတ်ချိန်တွင် ကျပ် ၂၀၅၀၀ သာရှိခဲ့သည်။FMI ကုမ္ပဏီသည် ၎င်း၏အစုရှယ်ယာခွဲဝေပေးမည့်သူများစာရင်း၏ နောက်ဆုံးရက်ကို ဇူလိုင် ၇ ရက်ဟု သတ်မှတ်ခဲ့ပြီး အစုရှယ်ယာရှင်များ၏ အစည်းအဝေးကို လာမည့်ဩဂုတ်လ ၇ ရက်တွင်ကျင်းပမည်ဟု ကြေညာခဲ့သဖြင့် ဇူလိုင် ၇ ရက် နောက်ပိုင်းတွင် ဈေးကျဆင်းခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

MTSH ရှယ်ယာများသည် ဈေးစတင်ဖွင့်လှစ်ချိန်က ကျပ်၅၀၀၀၀ဖြင့် စတင်ဖွင့်လှစ်ခဲ့သော်လည်း ဇူလိုင် ၇ ရက်တွင် ကျပ် ၄၉၀၀၀ သို့ ကျဆင်းသွားခဲ့သည်။ သို့သော် MTSH ၏ အမြတ်ခွဲဝေမှုစာရင်း ထွက်ပေါ်ပြီး နောက်ပိုင်း ရက်များတွင် ရှယ်ယာဈေး ပြန်လည်မြင့် တက်လာခဲ့ပြီး စတင်ဖွင့်လှစ်ခဲ့စဉ်က ဈေးနှုန်းအတိုင်းပြန်လည် ရောင်းချလျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

### Currency Exchange Rate

July 8, 2016
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 78.38 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.69 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.41 |
| I DR | Indonesia Rupiahs | 13188.72 |
| JPY | Japan Yen | 100.57 |
| MYR | Malaysia | 4.04 |
| PKR | Pakistan Rupees | 104.71 |
| PHP | Philippines Pesos | 47.13 |
| RUB | Russia Rubles | 64.26 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1158.77 |
| LKR | Sri Lanka Rupe | 145.85 |
| THB | Thailand Baht | 35.22 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22296.54 |

*Source : xe.com*

### World Gold Price

July, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 4 | 1346 | 1346 | 1346 |
| 5 | 1340 | 1340 | 1341 |
| 6 | 1365 | 1367 | 1369 |
| 7 | 1364 | 1364 | 1365 |
| 8 | 1351 | 1352 | 1352 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 4 -7- 2016 | 824.00 | 824.00 |
| 5 -7- 2016 | 822.00 | 822. 50 |
| 6 -7-2016 | 833.00 | 833.50 |
| 7- 7- 2016 | 836.00 | 836.20 |
| 8 -7- 2016 | 836.50 | 836.30 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 4 | 6 .66 | 35.04 | 78.25 | 67.20 |
| 5 | 6. 67 | 35.15 | 78.32 | 67.40 |
| 6 | 6 69 | 35.23 | 78.91 | 67.60 |
| 7 | 6 .69 | 35.22 | 78.38 | 67.45 |
| 8 | 6.69 | 35.22 | 78.38 | 67.41 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 4 - July | 20.42 | 2182.21 | 1679.78 | 4974.59 | 1059.00 |
| 5 - July | 19.97 | 2137.41 | 1658.05 | 4900.90 | 1052.00 |
| 6 - July | 20.32 | 2137.63 | 1666.34 | 4865.50 | 1071.00 |
| 7 - July | 20.13 | 2150.40 | 1664.99 | 4847.81 | 1082.00 |
| 8 - July | 19.58 | 2135.62 | 1650.66 | 4763.14 | 1077.00 |

Source:kitco.com

### Energy NYMEX 8-7-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.43 | 0.29 | 0.64 |
| Brent Crude Futr (USD/bbl) | 46.76 | 0.36 | 0.78 |
| Gasoline Rbob Fut (Cent/gal) | 137.13 | 0.82 | 0.60 |
| Natural Gas Futr (USD/MMBtu) | 2.76 | -0.02 | -0.76 |
| Heating Oil Futr (Cent/gal) | 141.91 | 0.85 | 0.60 |

## ဘိလပ်မြေ

### မိုးရာသီ ရောက်ရှိလာ၍ ဘိလပ်မြေ တင်သွင်းမှုလျော့နည်းလာ

ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၇၁၄၇၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၃၃၆၅၁ ဒသမ ၁၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၅၅ ဒသမ ၆၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၃၅၉၅ ဒသမ ၅၀တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဆင်နဲ့ စိန်အပြင် အခြားတံဆိပ်များလည်း ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၆၁၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၂၄၀၀ ကျော်တင်သွင်းမှု လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလအတွင်း ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၁၈၁၀၀၀ ကျော်ရှိခဲ့ပြီး ဇွန်လအတွင်းတင်သွင်းမှုမှာ တန်ချိန် ၁၅၇၀၀၀ ကျော်ရှိခဲ့တာကြောင့် ဇွန်လမှာ တန်ချိန် ၂၄၀၀၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် မိုးများပြီး အရောင်းအဝယ်အေး

ဇွန် ၂၆ရက်မှ ဇူလိုင် ၂ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ၃၃၆၅၁တန် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၄၆၁၃၁ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၀၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၈၀၉၄ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၃၈၁၂ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၄၂၈၀ တန် ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီးနယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်နဲ့ ကြံ့ကဈေးငြိမ်နေသော်လည်း ဆင်ကဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ မိုးများလာတာကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေလည်းအလုပ်မတွင်ကျယ်သလို ဘိလပ်မြေအရောင်းအဝယ်လည်း ပါးလာတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်၅၂၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်နဲ့ စိန်(ထိုင်း)၅၁၇၅ ကျပ် နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေများက ဈေးအေးနေသလို အရောင်းအဝယ်လည်းအေးနေတယ်လို့ သိရပါတယ်။ထိုင်းဆင်နဲ့ စိန်က ၃၀၀ကျပ်နဲ့ ၄၀၀ ကျပ်အတွင်း ဈေးကျလာခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၀၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ကျပ်၊ ဆင်မင်း ၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ဆင်(ထိုင်း) ၆၈၀၀ကျပ်၊ စိန်(ထိုင်း) ၆၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးသလို ဘိလပ်မြေဈေးများက ငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိ သူတစ်ဦးက ပြောခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၅၀၀ကျပ်၊ အပါချီ ၅၃၀၀ ကျပ်၊ကြံ့ ၆၀၀၀ ကျပ်၊ မြင်းခေါင်း ၅၅၀၀ ကျပ်၊ ဆင်(မြန်မာ) ၅၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ဇွန်လအတွင်းမြေဩဇာတန်ချိန် ၄၀၀၀၀ ကျော်တင်သွင်း

ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၇၂၄၅၄၂ တန်ဖိုးရှိ မြေဩဇာ ၁၃၃၇၀ ဒသမ၀၁၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ရွှေနဂါးတော့ပ်ဝမ်းမြေဩဇာ၊ နိုက်ထြိုဂျင်၊ ယူရီးယား၊ ကွန်ပေါင်း၊ ဩဂဲနစ်စတဲ့ မြေဆီများအပါအဝင် ကျန်မြေဩဇာများလည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၈၁၉၉ ဒသမ ၇၃၉ တန်၊ ဂျာမနီမှ ၁၀၅ တန်၊ ကိုရီးယားမှ ၅၀၁ ဒသမ ၃၀ တန်၊ မလေးရှားမှ ၈၈ တန်၊ ထိုင်းနိုင်ငံမှ ၂၄၀၀ တန်၊ ဗီယက်နမ် မှ ၈၇၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၇၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၅၇၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် မေလအတွင်းမြေဩဇာတင်သွင်းမှုမှာ တန်ချိန် ၃၂၇၃၀ ကျော်ရှိခဲ့ပြီး ဇွန်လမှာတန်ချိန် ၄၆၇၀၀ ကျော်တင်သွင်း ခဲ့တာကြောင့် ဇွန်လမှာ မြေဩဇာတန်ချိန် ၁၃၉၇၀ ကျော်ပိုမို တင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေး

ဇွန်၂၆ ရက်မှ ဇူလိုင်၂ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၁၃၃၇၀ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၇၆၃၀ တန် ဝင်ခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၅၇၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှယခုတစ်ပတ် မြေဩဇာအဝင်မှာ ၃၃၇၄၄တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ၂၁၇၅၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၁၉၉၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မိုးများလာတာကြောင့် တောင်သူတွေမြေဆီ အသုံးနည်းလာသလို အရောင်းအဝယ်လည်းအေးနေပါတယ်။ ယခင်လက်ကျန်ပစ္စည်းတွေကိုသာ ရောင်းချနေတာကြောင့် မြေဆီဈေးတွေလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၃၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၅၆၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၂၉၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၁၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၄၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အစိမ်း) ၁၆၅၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၅၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၁၉၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၉၈၀၀ ကျပ်၊ ယူရီးယား ၁၇၈၀၀ ကျပ်၊ မြားကမ္ဘာ ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ တီစူပါ ၂၂၂၀၀ ကျပ်၊ သီးစုံ (ဝါစိမ်းပြာ) ၁၅၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာများက ဒီတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ နယ်ဘက်တွေက အမှာရှိ လာတာကြောင့် မြေဆီအရောင်းအဝယ်ဖြစ်လာတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး -တရုတ်) ၂၂၀၀၀ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၂၀၀၀ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (နေရွက်လှေ-တရုတ်) ၁၅း၁၅း၁၅ ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၇း၈ ၃၂၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ပန်းဖူး) က ၁၀၀ ကျပ် ဈေးမြင့်ခဲ့ပေမယ့် ရွှေတောင်က ၄၀၀ကျပ်၊ မြားသီးစုံက ၃၀၀ ကျပ်၊ ပန်းသီးစုံက ၄၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၁၈၄၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၁၉၀၀၀ ကျပ်၊ တီစူပါ(၄၆%-တရုတ်)၁၉၃၀၀ ကျပ်၊ မြားသီးစုံ ၁၃၈၀၀ကျပ်၊ ပန်းသီးစုံ ၁၄၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၃၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ နီးပါးဝင်

ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၉၀၁၆၁ တန်ဖိုးရှိ နို့ဆီ ၃၂၆ ဒသမ ၀၃၅ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားမှ ၂၇ ဒသမ ၁၂၇ တန်နဲ့ စင်ကာပူမှ ၂၉၈ ဒသမ ၉၀၈ တန်တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၁၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်ကို နယူးဇီလန်မှ ၆၆ ဒသမ ၃၀ တန်၊ စင်ကာပူမှ ၁၁ ဒသမ ၀၇၂ တန်နဲ့ ဗီယက်နမ်မှ ၁၅ ဒသမ ၀၄၉ တန်၊ စုစုပေါင်း ၉၂ ဒသမ ၄၂၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၂၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၉၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ၃၉၁၇တန်ဖိုးရှိ နို့ဆီ/နို့စိမ်း ၄ ဒသမ ၈၉၇တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၆ မှ ၂/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၆ မှ ၂၄/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၅၆.၂၈ | ၁၃၀၃.၈၀ | (+) ၅၂.၄၈ |
| ၂။ | လွယ်ဂျယ် | ၇၀၀.၀၀ | ၄၇၇.၀၀ | (+) ၂၂၂.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၁၀.၀၀ | (-) ၁၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၃၀၈.၀၀ | ၁၉၁၆.၀၀ | (+) ၁၃၉၂.၀၀ |
| ၅။ | တာချီလိတ် | ၁၁၅၀၀.၀၀ | - | (+) ၁၁၅၀၀.၀၀ |
| ၆။ | မြဝတီ | ၉၃၈.၂၀ | ၆၃၄.၄၂ | (+) ၃၀၃.၇၈ |
| ၇။ | ကော့သောင်း | ၁၀၀၃၁.၈၀ | ၆၃၂၀.၀၀ | (+) ၃၇၁၁.၈၀ |
| ၈။ | မြိတ် | ၂၆၀.၀၀ | ၃၁၅၀.၀၀ | (-) ၂၈၉၀.၀၀ |
| | စုစုပေါင်း | ၂၈၀၉၄.၂၈ | ၁၃၈၁၂.၂၂ | (+) ၁၄၂၈၂.၀၆ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၆ မှ ၁/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၆ မှ ၂၄/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၀၀၀၆.၂၀၀ | ၁၈၁၆၄.၇၅၀ | (+) ၉၈၄၁.၄၅ |
| ၂။ | လွယ်ဂျယ် | ၇၅၄.၁၀၀ | ၆၄၁.၂၀၀ | (+) ၁၁၂.၉၀ |
| ၃။ | ချင်းရွှေဟော် | ၃၁၈၃.၀၀၀ | ၁၄၉၇.၅၀၀ | (+) ၁၆၈၅.၅၀ |
| ၄။ | ကန်ပိုက်တီး | - | - | |
| ၅။ | မြဝတီ | ၆၅၉.၀၀၀ | ၇၁၄.၆၅၀ | (-) ၅၅.၆၅၀ |
| ၆။ | ကော့သောင်း | ၂၉၀.၀၀၀ | ၂၇၆.၀၀၀ | (+) ၁၄.၀၀၀ |
| ၇။ | မြိတ် | ၁၀၂.၅၀၀ | ၁၆၀.၀၀၀ | (-) ၅၇.၅၀၀ |
| ၈။ | ရိဒ် | ၇၅၀.၀၀၀ | ၃၀၀.၀၀၀ | (+) ၄၅၀.၀၀၀ |
| | စုစုပေါင်း | ၃၃၇၄၄.၈၀၀ | ၂၁၇၅၄.၁၀၀ | (+) ၁၁၉၉၀.၇၀၀ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ချင်းရွှေဟော်နဲ့ မြဝတီမှ နှမ်းတင်ပို့

ဇွန်လ နောက်ဆုံးပတ်တွင် တရုတ်နဲ့ ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၄ သန်းတန်ဖိုးရှိ နှမ်းရောင်စုံတန်ချိန် ၉၀၆ တန်ကျော်ကို တင်ပို့ခဲ့ရာ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၂ သန်းဖိုးရှိ နှမ်းဖြူ ၃၄၂ တန်ခွဲနဲ့ နှမ်းနက် ၅၃၅ တန်ခွဲကို ပိုမိုတင်ပို့ခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ နှမ်းနက် ၂၈ တန် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၀၂၁ တန်ကျော်နဲ့ မြဝတီမှ နှမ်းနက် ၅ တန်ခွဲ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ နှမ်းတင်ပို့မှု မှာ ချင်းရွှေဟော်မှတင်ပို့မှု လျော့ကျသွားတာတွေ့ရပါတယ်။

မူဆယ်မှာ တင်ပို့မှုမရှိပေမယ့် ကုန်စည်ဒိုင်မှာ တော့ ဇွန် ၂၄ ရက်က နှမ်းဖြူတစ်တန် ၁၄၁၄၈၅၈ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၁၂၆၆၀၁ ကျပ် ရှိခဲ့ပြီး ဇူလိုင် ၁ ရက်မှာ နှမ်းဖြူဈေး ၁၂၁၉၅၆၁ ကျပ်နဲ့ နှမ်းနက်ဈေး ၁၂၁၉၅၆၁ ကျပ်သို့ ဈေးကျဆင်းသွားခဲ့ပါတယ်။ ဇွန်လအတွင်း ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၂၈၇၄ တန် တင်ပို့နိုင်ခဲ့ပြီး မြဝတီမှ ၆၁ တန်ခွဲ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်နှမ်းဈေးကွက်မှာ နှမ်းဈေး မငြိမ်မသက်ဖြစ်နေ

ယခုတစ်ပတ်ပြည်ဈေးကွက်ရှိ နှမ်းနီနဲ့ စမုံနက်နှမ်းဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး၊ နှမ်းနက်(ရိုးရိုး)သာ ဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ မိုးနှမ်းများပေါ်လုပေါ်ခင်ဖြစ်နေတဲ့အချိန် ဈေးကွက်မှာ နှမ်းလက်ကျန်မပြတ်ဘဲ ဒေသတွင်းသာ ရောင်းဝယ် ဖောက်ကားနေကြသဖြင့် အရောင်းအဝယ်ဖြစ်တဲ့အချိန် ရှိသလို၊ အရောင်းအဝယ်မဖြစ်တဲ့အချိန် ရှိနေတာတွေ့ရပါတယ်။ ဈေးနှုန်းများကလည်း အတက်အကျမမှန်ဘဲ ဝယ်လက်က အဝယ်လိုက်ရင် လိုက်သလို ဈေးမြင့်ပြီး ဝယ်လက်အဝယ်မလိုက်ရင် မလိုက်သလို ဈေးနိမ့်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်တွင်းဈေးကွက်တွင် ဖြစ်ပေါ်လျက်ရှိတဲ့ နှမ်းဈေးနှုန်းမှာ နှမ်းနီတစ်တင်းလျှင် ၂၃၀၀၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ၃၁၆၀၀ ကျပ်နှင့် စမုံနက် နှမ်းတစ်တင်းလျှင် ၄၆၇၀၀ကျပ်ဖြင့် ဈေးဖြစ်နေသော်လည်း ဝယ်လက်ပျောက်နေတာ တွေ့ရပါတယ်။ **ဝေဝေမင်း**

### ပခုက္ကူဈေးကွက်အတွင်း နှမ်းညိုအသစ်များ စတင်ဝင်ရောက်လာ

ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံထွက်ရှိရာ ဒေသဖြစ်တဲ့ မကွေးတိုင်းဒေသကြီး ရေအနောက်မြို့တော် ပခုက္ကူဈေးကွက်အတွင်း နှမ်းညိုအသစ်များ ဇွန်လနောက်ဆုံးပတ်မှ စတင်ဝင်ရောက်လာတာကို တွေ့ရှိရပါတယ်။ နှမ်း၊ မြေပဲ စတဲ့ ဆီထွက် သီးနှံအများအပြားစိုက်ပျိုးထွက်ရှိရာ ထီးလင်း၊ ဂန့်ဂေါ၊ ဆောမြို့နယ်တို့နှင့် မြိုင်၊ ပေါက်၊ ရေစကြို စသည့်မြို့နယ်တို့မှ အနည်းငယ် စတင်ဝင်ရောက်လျက်ရှိရာ နှမ်းညိုတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့်ဈေးစတင်ဖွင့်ခဲ့ပြီး အိတ်ရေ ၃၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုနှစ်ကာလတူဈေးနှုန်းမှာ ကျပ် ၂၇၀၀၀ ဖြစ်၍ ယခင်ကာလတူဈေးနှုန်းထက် ကျပ် ၂၀၀၀ ခန့် ဈေးနည်းနေကြောင်း သိရှိရပါတယ်။

**ချယ်ရီမြင့်(ပခုက္ကူ)**

## စားအုန်းဆီ

# အခြားဟင်းရွက်ဆီဈေးနှုန်းများနဲ့အတူ မလေးရှားစားအုန်းဆီဈေးနှုန်းများ ကျဆင်း

အခြားဟင်းရွက်ဆီ သီးနှံဖြစ်တဲ့ ပဲပုပ်ဆီဈေးနှုန်းများ ကျဆင်းသကဲ့သို့ပင် စားအုန်းဆီကြိုရောင်းဈေးကလည်း ယခုလေးရက်အတွင်း ပထမဆုံးအကြိမ် အဖြစ်ပြန်လည် ကျဆင်းခဲ့ရာ ဇူလိုင် ၅ ရက်မှာ ၂ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စက်တင်ဘာအတွက် စာချုပ်ချုပ်ဆိုရောင်းချတဲ့ စားအုန်းဆီရဲ့ အခြေခံဈေးနှုန်းက ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၃၅၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၉၀ ) နှုန်း ရှိခဲ့ပါတယ်။ မလေးရှားစားအုန်းဆီဈေးကွက်ကို ဇူလိုင် ၅ ရက်နေ့လယ်ပိုင်းကစပြီး အများပြည်သူပိတ်ရက်အဖြစ် စတင်ပိတ်ထားပါတယ်။

ဇူလိုင် ၅ ရက်နေ့လယ်မှာ စုစုပေါင်းရောင်းချတဲ့ပမာဏက ၂၅ တန်ရှိ အတွဲ ၁၈၉၂၄ တွဲအထိ ရှိခဲ့ပါတယ်။

“ဒါလီယံဈေးကွက်မှာတော့ ဈေးနှုန်းတွေက တစ်ဟုန်ထိုးကျဆင်းခဲ့ပါတယ်။ အရင်တစ်နေ့က ပြောသလို စီးပွားရေးလှုံ့ဆော်အားပေးမှုအစီအစဉ် မရှိတော့ဘူးဆိုတဲ့သတင်းကြောင့်လည်း ဖြစ်နိုင်ပါတယ်”လို့ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်ကို ရည်ညွှန်းပြီး ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

ကုန်ကြမ်းအသုံးပြုရာမှာ ကမ္ဘာ့အကြီးဆုံး ဈေးကွက်ကြီးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့စီးပွားရေးကို လှုံ့ဆော်တွန်းအားပေးမယ့် အစီအစဉ်ဖြစ်လာလိမ့်မယ့်လို့ လုပ်ငန်းရှင်းနှီးမြှုပ်နှံသူတွေက မျှော်လင့်ထားပေမယ့် ဖြစ်လာမယ့် အလားအလာနည်းသွားတဲ့အတွက် စားအုန်းဆီအပါအဝင် တရုတ်ဈေးရှိကုန်စည်ကြိုရောင်းကြိုဝယ်ဈေးက ဇူလိုင် ၅ ရက်မှာ ကျဆင်းခဲ့ပါတယ်။ တရုတ်နိုင်ငံက အိန္ဒိယနိုင်ငံပြီးရင် ကမ္ဘာမှာ စားအုန်းဆီ ဒုတိယအများဆုံး အသုံးပြုတဲ့နိုင်ငံ ဖြစ်ပါတယ်။

စားအုန်းဆီအတွက် အစားထိုးအသုံးပြုလေ့ရှိတဲ့ ပဲပုပ်ဆီရဲ့ စက်တင်ဘာ အတွက်ကြိုရောင်းဈေးက တစ်ရာခိုင်နှုန်း ကျဆင်းပါတယ်။ စက်တင်ဘာအတွက် စားအုန်းဆီကြမ်း (Plan Olein) ဈေးက ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပါတယ်။

မလေးရှားနိုင်ငံမှာ သိုလှောင်လက်ကျန်မြင့်မားနေတာလည်း စားအုန်းဆီဈေးကို မြင့်တက်စေခဲ့ကြောင်း စားအုန်းဆီလေ့လာဆန်းစစ်သူနဲ့ စိုက်ပျိုးသူ ရှစ်ဦးကို ရိုက်တာသတင်းဌာနက ကောက်ယူခဲ့တဲ့ စစ်တမ်းအရ သိရပါတယ်။ စစ်တမ်းအရ သိုလှောင်လက်ကျန်က ဇွန်မှာ တန်ချိန် ၁ ဒသမ ၇၇ သန်းရှိပြီး ပို့ကုန်က မေနဲ့နှိုင်းယှဉ်ရင် ၆ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ စားအုန်းဆီ ထုတ်လုပ်တဲ့ရာသီဖြစ်တာနဲ့ အညီ ထုတ်လုပ်မှုကလည်း စတုတ္ထမြောက်လအဖြစ် ဆက်လက်မြင့်တက်ခဲ့ပြီး တန်ချိန် ၁ ဒသမ ၅၁ သန်း ရှိခဲ့ပါတယ်။

စားအုန်းဆီရဲ့ နောက်ဆုံးအနိမ့်ဆုံးဈေးက တစ်တန်ကို ၂၃၄၂ ရင်းဂစ် နှုန်းရှိပြီး နောက်ဆုံးအမြင့်ဆုံးဈေးက တစ်တန်ကို ၂၄၀၂ ရင်းဂစ်နှုန်းရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနရဲ့ လေ့လာဆန်းစစ်ရေးမှူးဝမ်တာအိုက ပြောပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁-၇-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၅၀ | ၁၇၀၀ | △ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၉၀ | ၁၄၅၀ | ▽ |
| မန္တလေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၅၇၀ | ၁၅၈၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၅၈၀ | ၁၅၆၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၅၀၀ | ၄၄၀၀ | ▽ | ၃၃၀၀ | ၃၂၀၀ | ▽ | ၁၆၂၀ | ၁၆၂၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၂၀၀၀ | △ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၇-၂၀၁၆ US$/Ton

| အမျိုးအစား | ဇွန်လစတုတ္ထပတ် | ဇူလိုင်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၀.၅၀ | ၆၂၀.၅၀ | □ |
| RBD P.Olein | ၆၃၀.၀၀ | ၆၃၀.၀၀ | □ |
| RBD P.Strarin | ၆၀၈.၀၀ | ၆၀၈.၀၀ | □ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၈- ၇ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၁၁.၈၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၂၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၅၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၃.၂၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှော့ထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၄၂.၈၀၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၈-၇-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ ဒေါ်လာနှင့် USD ဈေး ၁၁၇၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၈-၇-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၇၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 16, No.25 Monday July 11 2016
















# အန္တရာယ်ရှိ နိုင်ငံခြားမုန့်မျိုးစုံ နေရာမှာ မြန်မာ့ရိုးရာစားစရာများ ဝင်ရောက်နေရာယူနိုင်ဖို့

**ခမ်လျှန်စွမ်း**

ကျွန်တော်တို့ စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောဆွေးနွေးတဲ့အခါမှာ နိုင်ငံခြားတိုင်းပြည်က မုန့်တွေရဲ့ အန္တရာယ်အကြောင်းကို မပြောမဖြစ်ပြောခဲ့ရပါတယ်။ဒါကြောင့်လည်း ကလေးတွေက နိုင်ငံခြားက မုန့်တွေမစားရင် ဘာမုန့်တွေစားရမလဲလို့ မေးခွန်းမေးစရာဖြစ်လာပါတယ်။စည်းကမ်းတစ်ခု ထုတ်ရင် ရပိုင်ခွင့်တစ်ခုခုပေးရတဲ့ သဘောနဲ့ဆင်တူပါ တယ်။ ဒါကြောင့် ပြည်ပမုန့်ကိုမဝယ်နဲ့၊ မစားနဲ့၊ မရောင်းနဲ့လို့ တားဆီးနေတဲ့အချိန်မှာ အခြားတစ်ဖက်မှာ မြန်မာမုန့်များ ထုတ်လုပ်ဖို့၊ ရောင်းချဖို့၊ ဝယ်စားဖို့နဲ့ ဖော်ထုတ်မြှင့်တင်ရေးဆောင်ရွက်ဖို့ အချိန်ရောက်ရှိလာပြီဖြစ်ပါတယ်။

စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများဟာ စားသုံးသူသိကောင်းစရာအကြောင်းများကို ယခင်နှစ်များနဲ့မတူအောင် ပိုမိုဆောင်ရွက်လာတာနဲ့အမျှ ပြည်ပကတင်သွင်းလာတဲ့မုန့်များရဲ့ အန္တရာယ်အကြောင်းကိုလည်း ပိုမိုပြောဆိုလာတာလည်း ကြားနေရတယ်။ ကျောင်းသူကျောင်းသားတွေသာမက ကျောင်းသားမိဘများကပင်လျှင် တစ်စထက်တစ်စ ပိုမိုစိတ်ဝင်စားလာတဲ့ကိစ္စတစ်ခုဖြစ်လာပါတယ်။ဈေးရောင်းတဲ့သူများကလည်း သူတို့ရောင်းတဲ့မုန့်ကို သူတို့ကိုယ်တိုင် သံသယဝင်လာတဲ့အနေအထားသို့ ရောက်နေပြီဖြစ်ပါတယ်။

ဒီလိုအချိန်မှာ တစ်ခုခုနဲ့ အစားထိုးဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ တစ်ဖက်က တားဆီးခြင်းလုပ်ငန်းလုပ်ရင် တစ်ဖက်က လွတ်မြောက်ရာလမ်းကို ရှာဖွေပေးရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ တက်ရောက်ခဲ့တဲ့ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာဆွေးနွေးပွဲတစ်ခုမှာ စားသောက်ကုန်ပစ္စည်းအကြောင်းများ ဟောပြောဆွေးနွေးတဲ့အခါ ပရိသတ်တစ်ဦးက “တစ်ခါတည်း နိုင်ငံခြားမုန့်တွေကိုသိမ်းပါ။ ရောင်းတဲ့လူကိုဖမ်းပါ။အရေးယူပါ”လို့ ပြောလာတာ ကြုံခဲ့ဖူးပါတယ်။ ကျွန်တော်က အဲဒီလူရဲ့ အခြေအနေကိုကြည့်ပြီး အဖြေပေးခဲ့ရပါတယ်။ကျွန်တော့်အဖြေကတော့ “ အရေးယူမှာပေါ့ဗျား။ ဒါပေမယ့် အဲဒီနိုင်ငံခြားမုန့်တွေရောင်းတဲ့လူကို နားလည်အောင် အသိပညာအရင်ပေးလိုက်ချင်တယ်။ ပြီးရင် ကလေးတွေစားဖို့ မြန်မာ့ရိုးရာမုန့်တွေကို ဝေဝေဆာဆာနဲ့ ကျောင်းတိုင်းမှာရှိတဲ့၊ မုန့်ရောင်းတဲ့ဆိုင်တိုင်းမှာ ရောင်းနေတာမြင်ချင်ပါတယ်။ ပြီးမှပဲ အရေးယူတာပေါ့ဗျား”လို့ ပြောတဲ့အခါ ကျွန်တော့်အဖြေကို သိပ်သဘောကျဟန်မတူပါ။

> အချို့ကိုရီးယားနိုင်ငံသားတွေဟာ သူတို့ရဲ့ ရိုးရာမုန့်စားနေရတာကို ဂုဏ်ယူဝင့်ကြွားလေ့ရှိကြပြီး ဓာတ်ပုံအရိုက်ခံကြတာလည်း မြင်တွေ့ခဲ့ရပါသေးတယ်။

ကျွန်တော်တို့ဌာနရဲ့ ၂၀၁၆ခုနှစ်၊ ပထမရက် ၁၀၀ စီမံ ချက်မှာ မြန်မာ့ရိုးရာ မုန့်လုပ်နည်းသင်တန်း ထည့်သွင်းရေးဆွဲတဲ့အခါမှာ ရုံးချုပ်ကလည်း ခွင့်ပြုခဲ့တဲ့အတွက် သင်တန်းဖွင့်လှစ်ဖို့ စီမံခဲ့ရပါတယ်။ လှိုင်ကော်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွေဆီက တာဝန်ခံ ဆရာ(သို့မဟုတ်) ဆရာမတစ်ဦး၊ ကျောင်းမုန့်ဈေးသည်နှစ်ဦးစီနဲ့ စိတ်ပါဝင်စားတဲ့ပုဂ္ဂိုလ်များ တက်ရောက်နိုင်တယ်။နေ့လယ်စာလည်း ကျွေးပါမယ်လို့ ကြေညာလိုက်တဲ့အခါမှာ စိတ်ပါဝင်စားသူဦးရေက မူလတွက်ချက်ထားတာထက် ပိုမိုများပြားလာခဲ့ပါတယ်။ မူလက ပညာရေးကပေးတဲ့ စာရင်းအရ ၆၃ ဦးသာရှိပေမယ့်သင်တန်းဖွင့်မယ့်နေ့မှာ တကယ်လာ တာ ၁၄၃ ဦးတောင် ရှိပါတယ်။

မြန်မာ့ရိုးရာ မုန့်လုပ်နည်းသင်တန်း တက်ရောက်လိုသူများလာရတဲ့ အကြောင်းကို ပြန်လည်စဉ်းစားတဲ့အခါမှာ သင်တန်းဖွင့်လှစ်မယ့် ဇွန်လ ၂၅ရက်ဟာ စနေနေ့ဖြစ်လို့ အများအား လပ်ရက်ဖြစ်နေခြင်း၊ ရပ်ဝေးက လာရောက်တက်မယ့် ဆရာ၊ ဆရာမများနဲ့ ဈေးသည်များအတွက် နေ့လယ်စာ စိတ်ပူဖို့ မလိုတော့ခြင်း၊ ကျောင်းမုန့်ဈေးတန်းမှာ နိုင်ငံခြားမုန့်များ ပြည့်နက်နေလို့ ကလေးတွေရဲ့ အနာဂတ်အတွက် စိတ်ပူကြခြင်း၊ ကျောင်းမုန့်ဈေးတန်း ဈေးသည်များအနေနဲ့လည်း နိုင်ငံခြားမုန့် မရောင်းရရင် မြန်မာ့ရိုးရာမုန့်ဟာအဓိကရောင်းချရမယ့် မုန့်ဖြစ်လာခြင်း စတဲ့အကြောင်းရင်းတွေကြောင့်ပဲဖြစ်ပါတယ်။

မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်းဖွင့်ဖို့ နည်းပြ ဆရာမများနဲ့ သွားရောက်မယ့်အချိန်မှာ ကျွန်တော်တို့က မြန်မာမုန့်များဖြစ်တဲ့ မုန့်စိမ်းပေါင်း၊ မုန့်လိပ်ပြာ၊ မုန့်ပေါင်း၊ မုန့်လင်မယား၊ မုန့်ကျွဲသဲ၊ မုန့်ပစ်သလက်၊ ရေမုန့်၊ မုန့်ဖက်ထုပ်၊ မုန့်လုံးကြီးကြော်၊ နှမ်းမုန့်ကြော်၊ မုန့်လက်ကောက်၊ မုန့်ကြာစေ့ အစရှိတဲ့ မုန့်များကို ဦးစားပေးဖို့ စီစဉ်ခဲ့ကြပါတယ်။ ဒါပေမယ့် နည်းပြဆရာမနဲ့ တွေ့တဲ့အချိန်မှာ ရရှိတဲ့အချိန်၊ သင်တန်းသား အရေအတွက် များပြားမှုနဲ့ ဆန်၊ ကောက်ညှင်း အမှုန့်ကြိတ်ချိန် မရရှိတော့တဲ့အတွက် လွယ်ကူပြီး လူစားများတဲ့ မုန့်ခုနစ်မျိုးကိုသာရွေးချယ်ပြီး သင်တန်းကို စာတွေ့လက်တွေ့သင်ကြားပို့ချနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ သင်တန်းမှာတော့ ရွှေကြည်ဆနွင်းမကင်း၊ ငှက်ပျောသီးဆနွင်းမကင်း၊ အာလူးဆနွင်းမကင်း၊ အုန်းနို့ကျောက်ကျော၊ နို့စိမ်းကျောက်ကျော၊ ကြက်ဥကျောက်ကျောနဲ့ သီးစုံကျောက်ကျောတို့ကိုပဲ သင်တန်းပေးနိုင်ခဲ့ပါတယ်။သင်တန်းကို စတင်သင်ကြားလိုက်တာနဲ့ တစ်ပြိုင်နက် စာတွေ့ဝင်ပါတယ်။ စာတွေ့ပိုင်းမှာတော့ တချို့အတွက် အခက်အခဲရှိပေမယ့် လက်တွေ့မှာတော့ အားလုံးက စိတ်ဝင်တစား လုပ်ဆောင်ကြတာ အားတက်စရာပါပဲ။

ကျွန်တော်တို့ ဦးစီးပြီးဖွင့်လှစ်တဲ့ မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်းက ရရှိတဲ့အကျိုးကျေးဇူး တွေကတော့ အန္တရာယ်ရှိတဲ့ ပြည်ပမုန့်တွေကို တစ်နိုင်ငံလုံးပပျောက်ရေး ဆောင်ရွက်နေပြီဆိုတာ ကျောင်းမုန့်ဈေးသည်နဲ့ တာဝန်ခံ ဆရာ၊ဆရာမတွေက သိရှိလာခြင်း၊ အချို့ပြည်ပကထုတ်တဲ့မုန့်တွေဟာ အရောင်နဲ့ အရသာကပဲ စိတ်မှာစွဲလန်းစေတာဖြစ်ပြီး လူကိုအာဟာရဓာတ်မပေးရုံမက လူကိုပါ ဘေးဥပဒ်ဖြစ်စေနိုင်ကြောင်း သိရှိလာခြင်း၊ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်တိုးပွားလာစေခြင်း၊ အရသာရှိပြီး စားသုံးသူကို အာဟာရဓာတ်ပေးစွမ်းလာခြင်း၊ တီထွင်လိုစိတ်ဖြစ်ပေါ်လာစေခြင်း၊ နိုင်ငံရဲ့ ဂုဏ်သိက္ခာမြှင့်တင်ပေးနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ဖြစ်ပေါ်လာစေပါတယ်။

ကျွန်တော်တို့ရဲ့ သင်တန်းဖွင့်ပြီး ရက်အတော်ကြာလာတဲ့အခါ လှိုင်ကော်မြို့ပေါ်မှာ အတော်လူသိများပြီး အားပေးမှုလည်းရရှိတဲ့ သင်တန်းဖြစ်လာပါတယ်။ နောင်ကျရင်လည်း အမျိုးစုံလင်စွာနဲ့ ဖွင့်လှစ်ဖို့စီမံထားရှိပြီးတော့ ပြည်နယ်တစ်ခုလုံး တက်နိုင်မယ့်သင်တန်းမျိုးဖြစ်ဖို့ ရည်မှန်းထားရှိပါတယ်။

အခြားတစ်ဖက်ကကြည့်ရင် ဒီလိုသင်တန်းများ ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ကျွန်တော်တို့ စားသုံးသူအကာအကွယ်ပေးရေးပညာပေး ဟောပြောဆွေးနွေးပွဲတွေကိုလည်း များစွာ အထောက်အကူပေးလျက်ရှိပါတယ်။ ကျွန်တော်တို့က မစားနဲ့လို့ပြောတဲ့အခါမှာ ဘာစားရတော့မှာလဲဆိုတဲ့မေးခွန်းကို ဒီလိုသင်တန်းမျိုးက အဖြေပေးပြီးသားဖြစ်နေပါတယ်။

ဝန်ကြီးဌာနရဲ့စီစဉ်ပေးမှုနဲ့ တောင်ကိုးရီးယားနိုင်ငံကို ရောက်သွားတဲ့အခါမှာ သူတို့နိုင်ငံမှာလည်း ရိုးရာမုန့်တွေကိုပဲ ဈေးတွေနဲ့စားသောက်ဆိုင်တွေမှာ ရောင်းချနေတာ သတိထားမိပါတယ်။သူတို့ရဲ့စားသုံးသူတွေကလည်း ဝယ်ယူအားပေးနေတာလည်း မြင်တွေ့နေရပါတယ်။ အချို့ကိုရီးယားနိုင်ငံသားတွေဟာ သူတို့ရဲ့ ရိုးရာမုန့်စားနေရတာကို ဂုဏ်ယူဝင့်ကြွားလေ့ရှိကြပြီး ဓာတ်ပုံအရိုက်ခံကြတာလည်း မြင်တွေ့ခဲ့ရပါသေးတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ ကင်မ်ချီကို နာမည်ကြီးအောင် ကိုရီးယားဇာတ်လမ်းတွေမှာ ထည့်သွင်းနေကြတာလည်း ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးက သိလာအောင် ကုန်ပစ္စည်းကြော်ညာတာလည်း ဖြစ်ပါတယ်။ သူတို့နဲ့ နှိုင်းစာရင် ကျွန်တော်တို့မြန်မာရိုးရာမုန့်က အရေအတွက်ပိုမိုများပြားရုံသာမက အရသာနဲ့အာဟာရပိုင်းမှာလည်း ကျွန်တော်တို့က အသာစီးရနေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ရိုးရာအစားအစာတွေ၊ မုန့်တွေကို ဖော်ထုတ်ပြီး ကမ္ဘာကသိရှိလာအောင် လုပ်ဖို့လိုအပ်နေပြီဖြစ်ပါတယ်။

အချုပ်အနေနဲ့ စားသုံးသူ အကာအကွယ်ပေးရေးပညာပေးခြင်းလုပ်ငန်းတွေကို နိုင်ငံတစ်ဝန်း လုပ်ဆောင်နေချိန်မှာ နိုင်ငံရပ်ခြားကဝင်လာတဲ့ အန္တရာယ်ရှိ မုန့်များဟာလည်း အလုံးအရင်းနဲ့ ပြည်တွင်းကို နည်းလမ်းပေါင်းစုံနဲ့ ဝင်လာမစဲ တသဲသဲဆိုသလို ဖြစ်နေပါတယ်။ ပြည်တွင်းမှ အချို့လုပ်ငန်းရှင် အသေးစားလေးတွေကလည်း ပြည်ပကလာသလိုပဲ အရောင်အသွေးစုံစွာနဲ့ စားသောက်ကုန်ပစ္စည်းများကို ဓာတုဗေဒဆေးတွေသုံးပြီးတော့ ထုတ်လုပ်လာတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိပ်ဖုံးလွှမ်းနေတဲ့မုန့်တွေကို အစားထိုးနိုင်ဖို့ မြန်မာ့ရိုးရာမုန့်မျိုးစုံလုပ်နည်းကို နေရာတိုင်းမှာ ပြန်လည်ဖော်ထုတ်ကြပါစို့လို့ တင်ပြလိုက်ရပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဟိုတယ်လုပ်ငန်းကို ပူးတွဲလုပ်ကိုင်ရန် ထိုင်းနိုင်ငံ PTT ကုမ္ပဏီကလေ့လာလျက်ရှိ

ထိုင်းနိုင်ငံရှိ PTT အများပိုင် စွမ်းအင်ကုမ္ပဏီသည် ဟိုတယ် လုပ်ငန်းသို့ ဝင်ရောက်လုပ်ကိုင်ရန် လေ့လာလျက်ရှိပါသည်။ အဓိကအားဖြင့် ဈေးနှုန်းသက်သာသည့် ဟိုတယ်ငယ်လေးများကို ကုမ္ပဏီ၏ စက်သုံးဆီအရောင်းဆိုင် အနီးပတ်ဝန်းကျင်တွင် ဆောက်လုပ်ရန် ရည်ရွယ်ထားကြောင်း ဖော်ပြထားပါသည်။

အမျိုးသားလောင်စာနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအုပ်စုကြီး အနေဖြင့် ဝင်ငွေပိုမိုရရှိရေးအတွက် နည်းလမ်းသစ်များကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ စက်သုံးဆီအရောင်းဆိုင် မြေများပေါ်တွင် ဟိုတယ်ငယ်လေးများ တည်ဆောက်၍ လုပ်ငန်းတိုးချဲ့နိုင်ကြောင်း၊ ကုမ္ပဏီ၏ရေနံစီးပွားရေး လုပ်ငန်းဒုတိယအကြီးအကဲ Auttapol Rerkpiboon ကပြောကြားခဲ့ပါသည်။ စက်သုံးဆီရောင်းချခြင်းအပြင် ဟိုတယ် လုပ်ငန်း၊ Amazon ကော်ဖီဆိုင်များနှင့် ၂၄ နာရီ ရောင်းချပေးသည့် စတိုးဆိုင်များပါဝင် သည့် ဝန်ဆောင်မှုအမျိုးမျိုးကို ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။

ဟိုတယ်စီးပွားရေးလုပ်ငန်း အတွက် ရင်းနှီးမတည်ငွေဘတ် ၂၅ ဘီလီယံလျာထားမည်ဖြစ်ပြီး တစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်း၏ အမြတ်ရရှိမှုသည် တစ်နှစ်ထက်တစ်နှစ်လျော့ကျလာသည့် အခြေအနေများကြောင့် ဝင်ငွေကျဆင်းမှုမရှိစေရေးအတွက် အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

စက်သုံးဆီလက်လီအရောင်းဆိုင်စုစုပေါင်း ၁၅၀၀ ရှိရာမှ ယခုနှစ်ကုန်တွင် ဆိုင်ပေါင်း ၁၇၀၀ သို့တိုးမြှင့်ဖွင့်လှစ်ရန်ရှိပြီး ၂၄ နာရီရောင်းချပေးသည့် 7 Eleven စတိုးဆိုင်များကိုလည်း ဆိုင်ပေါင်း ၁၂၇၀ ရှိရာမှ ၁၄၀၀ သို့ တိုးမြှင့်ဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ယူကေနှင့်လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံကပြောကြား

တရုတ်နိုင်ငံအနေဖြင့် ယူကေနှင့် ကုန်သွယ်မှုဆက်ဆံရေးဆက်လက်တိုးမြှင့်လိုသည့် ဆန္ဒရှိပြီး ယူကေမှဆန္ဒ ရှိပါက မိမိတို့အနေဖြင့် FTA အတွက် ဆွေးနွေးမှုများပြုလုပ်ရန် အဆင်သင့်ရှိကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာ ကုန်သွယ်မှုနှင့်စီးပွားရေးရာဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားပါ သည်။ ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်သည့် ယူကေသည် အီးယူမှ နုတ်ထွက်ပြီးပါက အခြားနိုင်ငံများနှင့် FTA စာချုပ်ချုပ်ဆိုရန် မျှော်လင့်ကြောင်း၊ ယူကေနှင့်လွတ်လပ်သော ကုန်သွယ်မှု ဆိုင်ရာ သဘောတူစာချုပ်ကိုလာမည့် သုံးနှစ်မှငါးနှစ်အတွင်း ချုပ်ဆိုနိုင်လိမ့် မည်ဟု ယူဆကြောင်းဆက်လက်ပြော ကြားပါသည်။ တရုတ်နိုင်ငံအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံမဟုတ်သည့် ဆွစ်ဇာလန်နှင့် ၂၀၁၄ ခုနှစ်၌ FTA လက်မှတ်ရေးထိုးခဲ့ပြီး နော်ဝေနှင့်လည်း နောက်ထပ် လွတ်လပ်သော ကုန်သွယ် မှုဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများ ဆောင် ရွက်နေကြောင်းသိရှိရပါသည်။

၂၀၁၅ ခုနှစ်၌ တရုတ်နှင့်အီးယူ နှစ်နိုင်ငံကုန်စည်ကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာ ၅၆၄ ဒသမ ၈၅ ဘီလီယံရှိခဲ့ပြီး၊ ယူကေနှင့်အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၅၄ဘီလီယံရှိခဲ့ပါ သည်။ အီးယူမှ ယူကေနုတ်ထွက်ခြင်းသည် တရုတ်နှင့်အီးယူကြား ညှိနှိုင်းဆဲ ဖြစ်သည့် FTA နှင့် EU-China Investment Treaty ချုပ်ဆိုရန် အချိန် ကြာမြင့်သွားနိုင်ကြောင်း၊ တရုတ်နိုင်ငံက သုံးသပ်ထားပါသည်။ အဆိုပါ စာချုပ်များအရ အီးယူ၏ ကုမ္ပဏီများသည် တရုတ်ဈေးကွက်အတွင်း ဝင်ရောက်မှု လွယ်ကူစေရန် ညှိနှိုင်းဆဲဖြစ်ပြီး ၂၀၁၆ ခုနှစ်နှစ်ကုန်ခန့်တွင် သဘောတူ လက်မှတ်ရေးထိုးနိုင်မည်ဟု ခန့်မှန်းထားခဲ့ပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# ဩရိဿပြည်နယ်အတွင်း ဆည်မြောင်းစနစ်များ ခေတ်မီလာစေရန်နှင့် ရေပေးဝေစီမံမှုစနစ်များ တိုးတက် ကောင်းမွန်လာစေရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေး

အာရှဖွံ့ဖြိုးရေးဘဏ်နှင့်အိန္ဒိယ အစိုးရတို့သည် ဩရိဿပြည်နယ် အတွင်း ဆည်မြောင်းစနစ်များ ခေတ်မီလာစေရန်နှင့်ရေပေးဝေစီမံမှုစနစ်များ တိုးတက်ကောင်းမွန်လာစေရန်အတွက် ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၂၀ တန်ဖိုးရှိသည့် ချေးငွေစာချုပ်တစ်စောင်ကို ဇွန် ၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ချေးငွေသက်တမ်းကာလမှာ နှစ် ၂၀ ဖြစ်ကြောင်း၊ ယခုအကြိမ်သည် ဆည်မြောင်းစိုက်ပျိုးရေးနှင့်ရေပေးဝေရေးပေါင်းစပ်ထားသည့် အစီအစဉ်အောက်တွင် အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၅ သန်း ခွင့်ပြုထားသည့် ချေးငွေအောက်မှ ဒုတိယအရစ်ချေးငွေဖြစ်ကြောင်း၊ အဆိုပါငွေကြေးများအား စိုက်ဧကတစ်သိန်းကျော်ကို ဆည်ရေသောက်စနစ်များ ရရှိလာစေမည့် ဆည်မြောင်းစီမံကိန်း ခုနစ်ခုကို ခေတ်မီလာအောင်ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ရေအသုံးပြုသူများအဖွဲ့အစည်းနှင့် ပြည်နယ်အတွင်းရှိ ရေအရင်းအမြစ်ဦးစီးဌာန၏ အဖွဲ့အစည်းစွမ်းရည်များ ခိုင်မာအားကောင်းလာစေရန်အတွက် အသုံးပြုမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်အတွက် ရွေးချယ်သတ်မှတ်ထားသော ဒေသများမှာ Baitarani၊ Brahmani၊ Budhabalanga နှင့် Subernarekha မြစ်ဝှမ်းများနှင့် Mahanadi မြစ်ဝကျွန်းပေါ်ဒေသ အစိတ်အပိုင်းများ ဖြစ်ကြောင်း၊ အဆိုပါ ချေးငွေနှစ်ရစ်လုံး ဖြင့် ဩရိဿပြည်နယ် အတွင်း ရေအရင်းအမြစ်ဦးစီးဌာနမှ အကောင်အထည်ဖော်သည့် လုပ်ငန်းများအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ပြီးစီးရန်သတ်မှတ်ထားကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဟောင်ကောင်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ဩစတြေးလျနိုင်ငံရှိ နိုင်ငံတကာလေဆိပ်များအားလုံး၌ အလိုအလျောက်Immigration Clearanceဝန်ဆောင်မှုအား အသုံးပြုနိုင်တော့မည်

ဟောင်ကောင်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများသည် ဩစတြေးလျနိုင်ငံရှိနိုင်ငံတကာလေဆိပ်များအားလုံး၌ အလိုအလျောက် Immigration Clearance ဝန်ဆောင်မှုအား အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ဒေသနှစ်ခုအကြား စီးပွားရေးနှင့်ခရီးသွားလုပ်ငန်း ချိတ်ဆက်မှုများ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတို့တွင် ပိုမို တိုးတက် လာစေရန်ရည်ရွယ်၍ Smart Gate ဟုခေါ်သော အခမဲ့ ဝန်ဆောင်မှုအား ကြိုတင်စာရင်းပေးသွင်း ရန် မလိုအပ်ဘဲ ဇွန်လ ၂၀ ရက်မှ စတင် အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

၂၀၀၇ ခုနှစ်မှစ၍ ဟောင်ကောင် နိုင်ငံကူးလက်မှတ်စာအုပ်များအား အီလက်ထရောနစ် Chips များဖြင့်ထုတ်ပေးခဲ့ရာ ၂၀၁၄ ခုနှစ်တွင် နိုင်ငံကူး လက်မှတ်စာအုပ်ပေါင်း ၅ ဒသမ ၁၇ သန်း ထုတ်ဝေပြီးဖြစ်ခဲ့သည်။

ဟောင်ကောင် လူဝင်မှုကြီးကြပ်ရေးဌာနမှ ၂၀၁၄ ခုနှစ်တွင် နိုင်ငံကူးလက်မှတ်စာအုပ်ပေါင်း ၇၆၉,၄၆၆ နှင့်ယမန်နှစ်တွင် ၇၅၆,၄၆၀ ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့် ဧပြီအထိ ၁၂ လအတွင်း ဩစတြေးလျသို့ လည်ပတ်ခဲ့သည့် ဟောင်ကောင်နိုင်ငံသားပေါင်း ၂၃၄,၀၀၀ ခန့်ရှိခဲ့ပြီး စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကျော် ရှိခဲ့သည်။

ဟောင်ကောင်နှင့်ဩစတြေးလျ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ အတွက် အလိုအလျောက်စာရင်းရှင်းလင်းရေးဝန်ဆောင်မှု (Automated Clearance Services) ကြောင့် ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့မှုများစွာ ဖြစ်ထွန်းနိုင်ကြောင်း၊ Smart Gate ဝန်ဆောင်မှုမှာ ဟောင်ကောင်ခရီးသွားများအတွက် Border clearance ပြုလုပ်ခြင်းအတွက် ပိုမိုမြန်ဆန်စွာနှင့် ထိရောက်စွာပြုလုပ်နိုင်ခြင်းအပြင် ဩစတြေးလျ နယ်စပ်ဆိုင်ရာ အရာရှိများအနေဖြင့် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများအတွက် စုံစမ်းဖော်ထုတ်ခြင်းတွင် အထူးအာရုံစိုက်လုပ်ဆောင်နိုင်ကြောင်း၊ ဟောင်ကောင်မြို့ရှိဩစတြေးလျကောင်စစ်ဝန်ချုပ်က ပြောကြားခဲ့သည်။

၁၆ နှစ်နှင့်အထက် ဟောင်ကောင် အီလက်ထရောနစ်နိုင်ငံ ကူးလက်မှတ်ကိုင်ဆောင်သူများအား ဩစတြေးလျတွင် အမည်ပျက်စာရင်း သွင်းထားခြင်းမရှိကြောင်းနှင့် Valid visa အတွက် လေဆိပ်သို့ရောက်ရှိချိန်တွင် Smart Gate ဝန်ဆောင်မှုအား၊ ဆစ်ဒနီ၊ မဲလ်ဘုန်း၊ ဘရစ္စဘိန်း၊ အက်ဒလိတ်၊ ဒါဝင်၊ Cairns၊ The Gold Coast နှင့် Perch တို့ရှိ နိုင်ငံတကာလေဆိပ်များတွင် အသုံးပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

ဟောင်ကောင် ခရီးသွားများအတွက် Smart Gate ဝန်ဆောင်မှုအား ကြိုတင်စာရင်းသွင်းရန်မလိုဘဲ မျက်နှာပုံရိပ်ဖတ်ခြင်းနည်းပညာအား အသုံးပြုရန် ဩစတြေးလျ အာဏာပိုင်များက ခွင့်ပြုထားကြောင်း လူဝင်မှုကြီးကြပ်ရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ခရီးသည်များအနေဖြင့် ဆိုက်ရောက်ခန်းမဆောင်တွင် Smart Gate ဝန်ဆောင်မှုအားကိုယ်တိုင်ပြုလုပ်နိုင်ပြီး၊ ပုံရိပ်ဖတ်စက်ပေါ်တွင် ၎င်းတို့၏ နိုင်ငံကူးလက်မှတ်အားတင်ထားရန်ဖြစ်ပြီး၊ အစီအစဉ်အားလုံးပြီးဆုံးပါက smart ticket နှင့် နိုင်ငံကူးလက်မှတ်ရယူပြီး၊ ခရီးသည်ဆိုက်ရောက်ဝင်ပေါက်ဝတွင် သက်သေခံ အတည်ပြုချက်ရရှိစေရန် ညွှန်ကြားချက် အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအလားတူအစီအစဉ်အား ဟောင်ကောင်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် တောင်ကိုရီးယား၊ ဂျာမနီနှင့်စင်ကာပူ နိုင်ငံတို့နှင့်ပါ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

Vol: 16, No.25 Monday July 11 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၁–၇–၂၀၁၆)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေး ပြန်လည်တက်ရိပ်ပြ

ဒီတစ်ပတ် ဘုရင့်နောင် ဈေးကွက်မှာ မတ်ပဲဈေး တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ဇွန်လနောက်ဆုံးပတ်မှာ မတ်ပဲဈေး တစ်တန်ကို FAQ ၁၈၂၆၀၀၀ ကျပ် ၊ SQ တစ်တန်ကို ကျပ် ၁၈၇၆၀၀၀ ထိရရှိခဲ့ပြီး ဇူလိုင်ပထမပတ်မှာ မတ်ပဲ FAQ တစ်တန်ကို ၁၇၉၇၀၀ ကျပ်၊ SQ တစ်တန်ကို ၁၈၃၈၀၀ ကျပ် ထိ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာတော FAQ တစ်တန်ကို ကျပ် ၁၈၂၇၀၀၀၊ SQ ၁၈၅၀၀၀၀ကျပ် အထိပြန်လည် ဈေးမြင့်လာကြောင်း သိရပါတယ်။ ပဲစင်းငုံနီ RC ကတော့ တစ်တန်ကို ကျပ် ၁၄၉၅၀၀၀ ဈေးနှုန်းရရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ ပဲတီစိမ်း ဈေးကျ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနီဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲဈေး တစ်ပိဿာ ၂၈၅၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၈၃ ကျပ် ( တစ်တန်ကို ၁၇၀၄၂၈၁ ကျပ်) အထိ ကျဆင်းခဲ့ပြီး ရန်ကုန်ဝယ်လက်က တစ်နေ့ကို အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၂၄ ကျပ် ဈေးနှုန်းရှိခဲ့တဲ့ ပဲတီစိမ်းကြီးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၇၃ ကျပ် ( တစ်တန်ကို ၉၆၃၂၈၉ ကျပ်) အထိဈေးကျခဲ့ပြီး တရုတ်ဝယ်လက်က တစ်နေ့ကို သုံးတင်းအိတ် ၅၀၀ ခန့် အဝယ်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၈၄ ကျပ် ရှိခဲ့တဲ့ ပဲတီစိမ်းရွှေဝါက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၇၆ ကျပ် ( တစ်တန်ကို ၉၀၃၈၈၇ ကျပ် ) အထိဈေးကျဆင်းပြီး တရုတ်ဝယ်လက်နဲ့ ဒေသတွင်း ပဲခွဲစက်တွေက အဝယ်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်နေ့ကိုသုံးတင်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ တစ်ပိဿာ ၂၀၇၉ ကျပ် (တစ်တန်ကို ၁၂၇၃၁၅၈ ကျပ် ) ဈေးနှုန်းဖွင့်ခဲ့ပြီး သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲတီစိမ်းအနေနဲ့ (တရုတ်) အဝယ်ကို မှီခိုနေရတာကြောင့် ဝယ်လိုအားပေါ် မူတည်ပြီး ဈေးနှုန်းအနိမ့်အမြင့်နဲ့ အရောင်းအဝယ် ဖြစ်မှုပမာဏ အနည်းအများရှိကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်


ဒီတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး က ယခင်တစ်ပတ် အတိုင်း အပြောင်းအလဲမရှိဘဲ တစ်ပိဿာ ၄၁၀ ကျပ် (တစ်တန် ကို ၂၅၁၀၇၉ ကျပ် ) နဲ့ အဝယ်ဖွင့်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့တစ်ပတ်အတွင်း ပိဿာချိန် ၆၇၀၀ ကျော်ခန့် ရှိခဲ့ပေမယ့်လည်း ယခင်တစ်ပတ်ထက် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးကျခဲ့ပေမယ့် ပြောင်းဈေးအနည်းငယ်တက်ရိပ်ပြ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်ကျပြီး ပြောင်းဈေးအနည်းငယ် တက်ရိပ်ပြကာ ပဲတီစိမ်းဈေးအပြောင်းအလဲမရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၅၂ ကျပ် ရှိခဲ့တဲ့မတ်ပဲဈေးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၅၀ ကျပ် (တစ်တန်ကို ၁၇၄၅၃၁၁ ကျပ် ) နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို ၇၅ တန်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၁၃၇၅ ကျပ် (တစ်တန်ကို ၈၄၂၀၃၆ ကျပ် ) နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို ၁၅ တန်ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၄၃၅ ကျပ်ရှိခဲ့တဲ့ အစေ့ထုတ်ပြောင်းက ဒီတစ်ပတ်မှာ တစ်ပိဿာ ၄၄၀ ကျပ် (တစ်တန်ကို ၂၆၉၄၅၁ ကျပ်) ထိ ဈေးမြင့်ခဲ့ပြီး တစ်နေ့ကို တန် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းနဲ့ ပဲတီစိမ်း၊ မတ်ပဲ ၊ အစေ့ထုတ်ပြောင်းတို့ကို ရန်ကုန်ဝယ်လက်မှ ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××



## မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီ၊ ကုလားပဲဖြူလုံးကြီး ဈေးကျ

ဒီတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီ ၊ ကုလားပဲဖြူလုံးကြီးတို့ ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၄၀ ကျပ်ရှိခဲ့တဲ့ ပဲစင်းငုံနီဈေးနှုန်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၉၀ ကျပ် ( တစ်တန်ကို ၁၄၆၃၆၁၂ ကျပ် ) နဲ့ ဈေးဖွင့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၆၇၃ကျပ် ရှိခဲ့တဲ့ ပဲတီစိမ်းကြီးကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၉၄ ကျပ် (တစ်တန်ကို ၈၅၃၆၇၁ ကျပ် ) အထိ ဈေးကျခဲ့ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးလည်း ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၄၂ ကျပ် (တစ်တန်ကို ၁၂၅၀၅၀၀ ကျပ် ) နဲ့ ဒေသတွင်းဝယ်လိုအား ပုံမှန်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူ ဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီ ဈေးကျ

ဒီတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီ အနည်းငယ် ဈေးကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၅၀ ကျပ်ဖြစ်ခဲ့တဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၅၀ ကျပ် ( တစ်တန်ကို ၈၂၆၇၂၆ ကျပ် ) ထိ ကျဆင်းခဲ့ပြီး ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၄၀ ကျပ်ဖြစ်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၉၀ ကျပ် ( တစ်တန်ကို ၁၄၆၃၆၁၂ ကျပ် ) အသီးသီး ဈေးကျခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို ပဲတီစိမ်း အိတ် ၁၅၀ မှ ၂၀၀ ခန့်၊ ပဲစင်းငုံနီ အိတ် ၅၀ မှ ၁၀၀ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးက တစ်ပိဿာ ၂၀၆၀ ကျပ် (တစ်တန်ကို ၁၂၆၁၅၂၃ ကျပ် ) နဲ့ တစ်နေ့ကို အိတ် ၄၀ မှ ၅၀ ခန့် အရောင်းအဝယ် ဖြစ်ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ရိပ်ပြ အရောင်းအဝယ်ပုံမှန်ဖြစ်

ဒီတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးနှုန်းက ယခင်တစ်ပတ်ထက် ဈေးမြင့်ပြီး တစ်ပိဿာ ၂၃၇၅ ကျပ် (တစ်တန်ကို ၁၄၅၄၄၂၆ ကျပ် ) နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ အိတ် ၂၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့တာကြောင်း အရောင်းအဝယ်ကလည်းအရင်တစ်ပတ်ကထက် ပိုမိုခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံဈေးနှုန်းအနေနဲ့ နှမ်းနီဈေး အနည်းငယ်တက်ခဲ့ပြီး နှမ်းဖြူနဲ့ နှမ်းနက်စမုံ ဈေးအနည်းငယ် ကျခဲ့ပါတယ်။ မန္တလေးဝယ်လက်ကနှမ်းနီတစ်ပိဿာ ကျပ် ၅၀၀၀၊ နှမ်းဖြူတစ်ပိဿာ ကျပ် ၂၀၄၅ ၊ နှမ်းနက်စမုံ တစ်ပိဿာ ၃၀၇၀ ကျပ် အသီးသီး ဈေးဖွင့်အဝယ်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပတ်အတွင်း နှမ်းမျိုးစုံ စုစုပေါင်း အိတ် ၈၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးကျသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ယခုတစ်ပတ် ပဲစင်းငုံနီဈေး ယခင် တစ်ပတ်ထက် အနည်းငယ်ကျခဲ့ပြီး တစ်ပိဿာ ၂၄၀၀ ကျပ် ( တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်က အဝယ်ဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနက်ဈေးနှုန်း အပြောင်းအလဲမရှိဘဲ နှမ်းနက်နဲ့ သိပ္ပံနှမ်း ဈေးအနည်းငယ်ကျခဲ့ပြီး နှမ်းနီတစ်ပိဿာ ၁၈၄၅ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၂၀၀၀ ကျပ်၊ သိပ္ပံနှမ်း တစ်ပိဿာ ၃၀၀၀ ကျပ် ဈေးဖွင့်ခဲ့ပြီး နှမ်းမျိုးစုံ တစ်နေ့အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းဈေးငြိမ် အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ ပြောင်းဈေးနှုန်းက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိဘဲ တစ်ပိဿာ ၄၃၀ ကျပ်( တစ်တန်ကို ၂၆၃၃၂၇ ကျပ် )နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ မန္တလေးဝယ်လက်က တစ်နေ့ကို အိတ် ၁၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးငြိမ်၊ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်း

ဒီတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ ပဲလက်ကျန်များ နေ့စဉ်အဝင်ရှိနေပြီး ဈေးကွက်မှာလည်း လက်ကျန်ပဲတွေရှိနေကြောင်းနဲ့ အိန္ဒိယအတွက် ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၈၂၅ ကျပ် ( တစ်တန်ကို ၁၇၃၀၀၀၀ ကျပ် ) နဲ့ အဝယ်ဖွင့်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ဈေးနှုန်းနိမ့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှု အနေနဲ့ တစ်နေ့ကို အိတ် ၃၀၀ မှ ၄၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၅၀ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၁၀ ကျပ် ( တစ်တန်ကို ၁၄၇၅၈၅၉ ကျပ် ) ထိ ဈေးကျဆင်းခဲ့ပါတယ်။ ပဲအဝင်နည်းပါးပြီး ပဲလက်ကျန် နည်းလာတာကြောင့် ရန်ကုန်ဝယ်လက် အဝယ်ရှိပေမယ့် နှစ်ရက် သုံးရက်မှသာ အိတ် ၂၀၀ မှ ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဒေသတွင်း အဓိက ဝယ်လိုအားရှိနေတဲ့ ကုလားပဲကတော့ ဈေးအနည်းငယ် မြင့်ပြီး တစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၅၉၀၈၀ ကျပ် ) နဲ့ ဈေးနှုန်းဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက် ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်ပုံမှန်ရှိ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိဘဲ ၅၀ ကီလိုတစ်အိတ်ကို ၈၃ ယွမ်မှ ၈၇ ယွမ် ( တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၄၀ ယွမ် ) ဈေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပြောင်းအဝင်အနေနဲ့ တန် ၉၅၀၀ ရှိတာကြောင့် ယခင်တစ်ပတ်ထက် အဝင်များခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

### ➲ စာမျက်နှာ ၃ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မဒမ်ပက်ဂွင်ဟေးအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းမှအဆက်

ရေးဆွဲနိုင်ရန် ကိုရီးယားသမ္မတနိုင်ငံ အစိုးရမှ ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (KOTRA) ၏နည်းပညာ အကူအညီဖြင့် ကူညီဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက်လည်း ဆက်လက်ကူညီပံ့ပိုးပေးစေလိုကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးနိုင်မည့် နယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ၏ အားသာချက်ရှိသည့် နယ်ပယ်များတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် Korea Transportation Safety Authority (KOTSA) သို့သွားရောက်ခဲ့ကြကာ မော်တော်ယာဉ်များ၏ ကြံ့ခိုင်မှုအရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေ မှုကို ကြည့်ရှုလေ့လာခဲ့ကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်ရေးကုမ္ပဏီလီမိတက်နှင့် KOTSA တို့အကြား ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ တင်ပို့မည့် မော်တော်ယာဉ်များ သင်္ဘောမတင်မီ စစ်ဆေးခြင်းနှင့် မြန်မာဆိပ်ကမ်းရောက်ချိန်တွင် စစ်ဆေးခြင်းလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရေး၊ အဆင့်မြင့်နည်းပညာသုံး စက်ကိရိယာများ တပ်ဆင်ထားသည့် စစ်ဆေးရေးစခန်း တည်ထောင် နိုင်ရေးတို့အတွက် အကူအညီပေးရန် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပဏာမ ညှိနှိုင်းသဘော တူညီခဲ့ကြပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့အပါအဝင် စုစုပေါင်း ကိုယ်စားလှယ်အဖွဲ့ဝင် ၉ ဦး လိုက်ပါသွားခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC ( IR )**

### ➲ စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သတင်းမှအဆက်

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့်တာဝန်ရှိ အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ထိုင်းနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူ အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။




ထို့နောက် သတ္တမအကြိမ် မြန်မာ-ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို ဆက်လက်ကျင်းပပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ASEAN နှင့် GMS အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အလျောက် ဒေသတွင်း အပြည့်အဝ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒေသ၏ မတူညီသော အခွင့်အလမ်းအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးအတွက် အလေးပေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံသည် ဒေသတွင်းကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး GMS, East West Economic Corridor ၏အဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံအတွက် အရေးပါသော ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကုန်သွယ်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် တရားမဝင်ကုန်သွယ်ရေးကို လျှော့ချရန်နှင့် တရားမဝင်ဂိတ်များမှတစ်ဆင့် ကုန်ပစ္စည်းများ ဝင်ရောက်နေမှုအား တားဆီးထိန်းချုပ် ရန်လိုအပ်ကြောင်း၊ ယခုအခါ ကုန်သွယ်ရေးမူဝါဒ အသစ်များ ချမှတ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးချဲ့ထွင်ခြင်း၊ ကုန်ပစ္စည်း အမျိုးအမယ်သစ်များ တင်ပို့ခြင်းကို ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်၍ မျှတသော ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေသည့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကာ ဈေးကွက်စီးပွားရေးစနစ်ကို ချမှတ်ကျင့် သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှု တိုးတက်လာစေရန်နှင့် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေး အထောက်အပံ့ပေးရန်အတွက် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ပါကြောင်း စသည်ဖြင့် ပြောကြား သည်။

ယင်းနောက် ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mrs. Apiradi Tantraporn ကလည်းနှုတ်ခွန်းဆက်စကား ပြောကြားပါသည်။ ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၇ ရက်တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သတ္တမအကြိမ်မြောက် မြန်မာ-ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင်၏ အကြီးတန်းအရာရှိများ အစည်းအဝေး (SOM) ၌ ဆွေးနွေးခဲ့သည့်နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးသဘောတူညီမှုများအား ရှင်းလင်းတင်ပြရာတွင် ပင်လယ်ရပ်ခြား ကုန်သွယ်မှုသာမက နယ်စပ်ဖြတ်ကျော် နှစ်နိုင်ငံကုန်သွယ်မှုများ တိုးမြှင့်လာစေရေးအတွက် လက်ရှိ အလားအလာရှိသည့် နည်းလမ်းများကို အပြည့်အဝအသုံးချ၍ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ သတ်မှတ်ချက်ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ ကုန်သွယ်ရေးရည်မှန်းချက်ပြည့်မီစေရေး၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် မှောင်ခိုကုန်သွယ်မှုကို ပူးပေါင်းတားဆီးကာကွယ်ခြင်းဖြင့် နှစ်နိုင်ငံတရားဝင် ကုန်သွယ်မှုပမာဏကို တိုးမြှင့်လာစေရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် ထိုင်းနိုင်ငံဘက်မှအဆိုပြုခဲ့သည့် မဲဆောက်-မြဝတီဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် ပတ်သက်သည့် အချက်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ၊ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့် အခွင့်အရေးများကို နှစ်ဖက်အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ စာရင်းအချက်အလက်များ မှန်ကန်တိကျရေး၊ နယ်စပ်ကုန်သွယ်ရေးစခန်းများအလိုက် ပို့ကုန်/ သွင်းကုန် ပမာဏ ကိန်းဂဏန်း အချက်အလက်များ လစဉ်အပြန်အလှန် ညှိနှိုင်းရယူရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ပါကြောင်း၊ လက်ရှိ ဖွင့်လှစ်ပြီးဖြစ်သော နယ်စပ်ဝင်ပေါက်/ ထွက်ပေါက်များအား အဆင့်မြင့်နိုင်ငံတကာဝင်ပေါက် ထွက်ပေါက်များအဖြစ် တိုးမြှင့်လာစေရေးနှင့် နယ်စပ် ဝင်/ထွက်ပေါက်အသစ်များ ထပ်မံဖွင့်လှစ်နိုင်ရေး နှစ်နိုင်ငံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွင့်လှစ်ပေးရန်နှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားအစီအစဉ် လွယ်ကူချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူ ညီခဲ့ကြပါကြောင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့်ပတ်သက်၍ သင်တန်းများ ထောက်ပံ့ပေးရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် အဆိုပါ အစည်းအဝေး ဆွေးနွေးချက် မှတ်တမ်းအပေါ် နှစ်ဖက် အတည်ပြုနိုင်ခဲ့ပြီး နှစ်နိုင်ငံဝန်ကြီးများက သုံးသပ်အကြံပြုခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနိုင်ငံတို့မှ ဆိုင်ကယ်အစီး ၁၄၀၀၀ ကျော်တင်သွင်း

ဇွန် ၂၅ ရက်မှ ဇူလိုင် ၁ ရက်ထိ ရက်သတ္တပတ်အတွင်း ကုန်သွယ်ရေးဇုန်များနဲ့ ကုန်သွယ်ရေးစခန်းများမှ ဝင်ရောက်လာသော ဆိုင်ကယ်အမျိုးမျိုးမှာ ၁၄၀၂၈ စီးရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၁၁၂ ရှိခဲ့ပါတယ်။

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းအလိုက် ဝင်ရောက်မှု အခြေအနေကို ကြည့်ပါက မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ် ကုန် သွယ်ရေးစခန်းနဲ့ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းတို့မှ အမေရိကန် ဒေါ်လာ ၄ ဒသမ ၀၄၃ တန်ဖိုးရှိ တရုတ်ဆိုင်ကယ် အသစ်စက်စက် ၁၂၂၉၀ စီး ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉၈ သန်း တန်ဖိုးရှိ ယိုးဒယားဆိုင်ကယ် ၁၅၉၀ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၀ သန်း တန်ဖိုးရှိ အိန္ဒိယဆိုင်ကယ် ၁၄၈ စီး ဝင်ရောက်လာပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ တရုတ်ဆိုင်ကယ်များအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၃၈၈ သန်းတန်ဖိုးရှိသုံးဘီး ဆိုင်ကယ် ၃၂၃ စီးလည်း တင်သွင်းခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှသတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံး ကာလအောက် ကုန်သွယ်မှုလျော့ကျ

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဇွန်လအတွင်း ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၀၀ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန် ဒေါ်လာ ၄ ဒသမ ၉၅၃ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၅၃ သန်း ဆောင်ရွက်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလဖြစ်တဲ့ မေနဲ့ နှိုင်းယှဉ်ပါက အမေရိကန် ဒေါ်လာ သုညဒသမ ၂၇၅ သန်းလျော့ နည်းခဲ့သော်လည်း ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၈ သန်း ပိုမိုဆောင်ရွက်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလတူဖြစ်တဲ့ မေထက် ကုန်သွယ်မှုပမာဏ လျော့ နည်းရ ခြင်းမှာ ဇွန်တွင် စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ချုပ်ပြီးအဝတ်အထည်များကို ရှုံးချုပ်ဂျူတီဖြင့် တင်ပို့နိုင်သော်လည်း ရော်ဘာစိမ်း၊ ဂန္ဓမာပန်းခြောက်၊ ပုလင်းခွံဟောင်း၊ ပလပ် စတစ်ဘူးခွံဟောင်းနဲ့ ကတ်ထူစက္ကူတို့ မှာ တစ်ဖက်နိုင်ငံ ဝယ်လိုအားရှိသော်လည်း ပစ္စည်းမရှိသဖြင့် မတင်ပို့နိုင်ခြင်း၊ ကြက်သွန်နီ၊ လက်ဖက်ခြောက်နဲ့ သစ်ခေါက်တို့မှာလည်း တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။

သွင်းကုန်ပိုင်းကိုကြည့်ပါက ဇွန်တွင် ယာဉ်/ယန္တရားဖြစ်သော 4WD Tractor များ တင်သွင်းနိုင်သော်လည်း ဘိလပ်မြေ၊ အခြားဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ဇွန်လျာထားချက်အပေါ် ကုန်သွယ် မှုပမာဏ ဆောင်ရွက်နိုင်မှုမှာ ၈ ဒသမ ၉၁ ရာခိုင်နှုန်း ဖြစ်တယ်လို့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



## Hire Purchase System

Customer များ အဆောက်အဦ၊ မော်တော်ယာဉ်၊ စက်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများအား ဝယ်ယူရာတွင် အဆင်ပြေမှုရှိစေရန် အငှားဝယ်စနစ် (Hire Purchase System) ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။

ငှားရမ်းကာလ အသီးသီးအတွက် ဘဏ်ဝန်ဆောင်ခ (၀. ၁%) ကောက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်၊ အငှားဝယ်စနစ် (Hire Purchase System) ဖြင့် မိမိနှစ်သက်ရာ ပစ္စည်းအမျိုးအစားကို ဝယ်ယူနိုင်ပါသည်။

| ငှားရမ်းကာလ (၁) နှစ် | ငှားရမ်းကာလ (၂) နှစ် | ငှားရမ်းကာလ (၃) နှစ် |
|---|---|---|
| Down Payment 30% | Down Payment 20% | Down Payment 20% |
| Rental Fee 9% | Rental Fee 18% | Rental Fee 27% |

| အရွယ်အစား | နှစ်စဉ်ကြေး |
|---|---|
| (က) ၅"x ၅"x ၂၄" | ကျပ် ၅၀,၀၀၀/- |
| (ခ) ၅"x ၁၀"x ၂၄" | ကျပ် ၇၅,၀၀၀/- |
| (ဂ) ၁၀"x ၁၀"x ၂၄" | ကျပ် ၁၀၀,၀၀၀/- |


## Safe Deposit Locker

လူကြီးမင်းတို့၏ အရေးကြီးသော စာရွက်စာတမ်းများနှင့် အဖိုးတန် လက်ဝတ်ရတနာများကို လုံခြုံစိတ်ချစွာ သိမ်းဆည်းအပ်နှံရန်အတွက် မလေးရှားနိုင်ငံမှ Chubb တံဆိပ် Locker များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။


မြဝတီဘဏ်(ရုံးချုပ်) – အမှတ်–၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm


" လုံခြုံယုံကြည် ဆောင်ရွက်မြန်မှန် မြဝတီဘဏ် "

DRY PROCESS




# မြန်မာဆင်

# Hi-Tech ဘိလပ်မြေ

☎ 02-72266, 02-61936 📱 09-91001815 09-33040358



# ရှမ်းမြောက်ဒေသထွက် နာနတ်သီးများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးတင်ပို့ရေးမှသည် တိုးချဲ့စိုက်ပျိုးတင်ပို့ရေးဆီသို့



ကြည်ကြည်မြင့် (မူဆယ်)

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဖက် တရုတ်နိုင်ငံသို့ ဇွန်လဆန်းမှစ၍ နာနတ်သီးများ နေ့စဉ်ကားစီးရေသုံးစီးမှ ၁၂ စီးအထိ တင်ပို့လျက်ရှိကြောင်း၊ ဇွန်လအတွင်း နာနတ်သီး ၂၂၄၃ ဒသမ ၅၀ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၀ သန်း တင်ပို့ထားပြီး ၎င်းနာနတ်သီးများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသဖြစ်သည့် ကွတ်ခိုင်၊ နောင်ချို၊ သီပေါ၊ ကျောက်မဲတို့မှထွက်ရှိသည့် အသီးများဖြစ်ကြောင်း သိရှိရပါသည်။

ရှမ်းမြောက်ဒေသဖြစ်သည့် သီပေါမြို့နယ်၊ ကုန်းသာကျေးရွာနှင့် စဥ့်အင်ကျေးရွာတို့တွင် နာနတ်သီးများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် နာနတ်အပင်ပေါက်နှင့် နာနတ်မျိုးခေါင်းများအား တစ်ပေခွာ၍ တန်းစီပြီး စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်ခွဲ နှစ်နှစ်အတွင်း အသီးသီးပြီး အသီးများ ရင့်လာပါက ခူးရကြောင်း၊ တစ်နှစ်သီးပြီးသားအပင်များကို ပေါင်းသင် မြေဆီ၊ မြေနှစ်ထည့်ပြီး တစ်နှစ်တစ်သီးကျဖြင့် သက်တမ်း လေးနှစ်၊ ငါးနှစ်လောက်သာထားပြီး စိုက်ခင်းကို အသစ်ပြန်လည်စိုက်ပျိုးကြကြောင်း၊ နာနတ်သီးပင် တစ်ဧက စိုက်ပျိုးပါက အသီးလုံးရေ ၂၅၀၀ မှ ၃၀၀၀ အထိ ထွက်ရှိကြောင်းနှင့် သီးညှပ်၊ နေလောင်သီး၊ ပျက်စီးသီးများ ပယ်လိုက်ပါက အသီးကောင်း အလုံး ၂၀၀၀ ခန့် ကျန်ရှိကြောင်းနှင့် စိုက်ပျိုးစရိတ်၊ လုပ်အားခငွေများ၊ သယ်ယူစရိတ် ကုန်ကျငွေများ ရှင်းလင်းပြီးပါက ဝင်ငွေနှစ်သိန်းကျပ်မှ နှစ်သိန်းခွဲကျပ်အထိရရှိကြောင်း၊ နာနတ်သီး ရာသီမှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့ဖြစ်ကြောင်း၊ တချို့ဒေသများတွင် သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ ရော်ဘာ၊ ကွမ်းသီးဥယျာဉ်ခြံများတွင် ကြားညှပ်စိုက်ပျိုးသည့်သီးနှံဖြစ်ကြောင်း စိုက်ပျိုးသူများ၏ ပြောကြားချက်အရ သိရှိရပါသည်။

နာနတ်သီးသည် လိုင်စင်မလိုသည့် ပို့ကုန်ပစ္စည်းဖြစ်သည့်အတွက် ပို့ကုန် အခွန်နှစ်ရာခိုင်နှုန်း ပေးဆောင်ပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်ကြောင်း၊ ပို့ကုန်ဈေး တစ်ကီလိုလျှင် ၁၁၀ ကျပ်ရှိပြီး ၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည့် သီပေါ- ကုန်သာ ကျေးရွာနှင့် စဥ့်အင်ရွာထွက် နာနတ်သီးများကို စိုက်ပျိုးသည့် ခြံပိုင်ရှင်များကိုယ်တိုင် Light Truck ကားများဖြင့် အလုံးရေ ၄၀၀ မှ ၅၅၀ ခန့်ထိ တင်ဆောင်ပြီး မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာရာ $K_2O$ ကုမ္ပဏီမှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးခြံထွက် နာနတ်သီးများအား အခွန်ဆောင်ပေးပြီး ကျယ်ဂေါင်အသီးကွင်းတွင် လေလံပြသွားရောက်ရောင်းချကြကြောင်း၊ နာနတ်သီးများ အလုံးကြီး အလုံးလှပါက (1.5 Kg မှ 2 Kg အတွင်းရှိ အလုံးများ ) တစ်လုံးလျှင် ၅ ယွမ်မှ ၆ ယွမ်ထိ ရရှိပြီး အလုံးလတ်-အလုံးသေးများအား Light Truck ကားတစ်စီး ယွမ် ၁၅၀၀-၁၈၀၀-၂၀၀၀ ထိ စီးလုံးပြတ်ဝယ်ယူကြကြောင်း၊ တစ်ဖက်နိုင်ငံမှ ကြိုက်နှစ်သက်သည့် အရသာရှိသော နာနတ်သီး အလုံးကြီးများအား စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ကြောင်း၊ သို့မှသာ ဈေးကောင်းရရှိပြီး စီးပွားဖြစ် ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ သရက်သီးကဲ့သို့ မိမိဘက်ဈေးကွက်ရှိရာ သစ်သီးကုန်စည်ဒိုင်များတွင် အရောင်းအဝယ်ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် နာနတ်သီးသည် ပို့ကုန်တင်ပို့ရန်အတွက် အလားအလာရှိသော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရှိရပါသည်။ တစ်ဖက်နိုင်ငံတွင် နာနတ်သီးများအား စားသုံးရန်အတွက်လည်းကောင်း၊ စည်သွပ်ဘူးများနှင့် ဖျော်ရည်လုပ်ငန်းတို့တွင် အသုံးပြုကြကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ နာနတ်သီးများကို တစ်ပိုင်တစ်နိုင် ခြံစိုက်ပျိုးပြီး တင်ပို့ရောင်းချသည့် ခြံရှင်များအား တစ်ဖက်နိုင်ငံတွင် မိမိတို့ခြံထွက် နာနတ်သီးများ ရောင်းချပြီးပါက မိမိတို့အိမ်သုံးရန်နှင့် မိမိဒေသအတွင်း အသုံးပြုရန် အဝတ်အထည်များ၊ လျှပ်စစ်ပစ္စည်းများ၊ ဆိုင်ကယ်များအား တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်ကတ် (ITC) ဖြင့် ငါးရက်စာအတွင်း ကျပ် ၁၅၀ သိန်းခန့်အထိ သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းခွင့် ပြုထားသည့်အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ပို့ကုန်/သွင်းကုန်၊ ကုန်သွယ်မှုဆောင်ရွက်နိုင်သည့် လုပ်ငန်းရှင်ငယ်အဆင့်ထိလုပ်ကိုင်ခွင့်ရှိနေပြီဖြစ်ကြောင်း ရှမ်းမြောက်ဒေသနေ ပြည်သူများသာမက မြေပြန့်မှ ပြည်သူများပါ သိရှိစေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးမှသည် ပို့ကုန် တိုးမြှင့်ရေးကိုပါ အထောက်အကူပြုနိုင်ရန်အတွက် စီးပွားဖြစ်ပိုမို၍ တိုးချဲ့စိုက်ပျိုးကြရန် အသိပေးရေးသားတင်ပြလိုက်ရပါသည်။

# အမြန်စာ၊ အလွယ်စာများ ယူကြဦးမလား

မောင်မောင်အေး(မကွေး)

ဒီလူ့နှယ်. . . စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းတွေ ဆောင်ရွက်နေပြီး FastFood အမြန်စာ၊ အလွယ်စာများ ယူကြဦးမလားလို့ ရပ်ကျော် ရွာကျော် အော်မေး နေသေးတယ်။ ဒါတွေဟာ မစားသင့်ကြောင်း၊ မရောင်းချသင့်ကြောင်း စားသုံးသူ တို့ကျန်းမာရေးနဲ့ မညီညွတ်ကြောင်း စားသုံးသူတိုင်း သိအောင် လှည့်လည်ဟောပြော ပညာပေးနေတာလည်း အသိ။ ရခါနီးပင်စင်ကလေး မစား ချင်ဘူးထင်တယ်။

အထင်တော်မလွဲလိုက်ပါနဲ့ ခင်ဗျာ၊ ကျွန်တော်မျိုးကလေး တင်ပြနေတာက အဲဒီအမြန်စာ Fast Food တွေ မဟုတ်ပါ ခင်ဗျ၊ ကျောင်းသားဘဝကတည်းက စာဖတ်စာကျက်တဲ့အခါ အချက်အလက်များ ရှည်နေရင် အတိုချုပ်ကလေးချုပ်ပြီး အမြန်ဆုံးမှတ်မိစေတဲ့ စာမျိုးကိုပြောတာပါခင်ဗျာ။

အလုပ်ထဲရောက်လို့ ပထမဆုံးကုန်သွယ်လယ်ယာ အငယ်တန်းမန်နေဂျာ အခြေခံသင်တန်းတွေမှာ “ ထော၊ စွန်၊ ကုလား၊ ဖြူ ၊ ကြီး ၊ ကျား ” ဆိုပြီး တစ်တင်းမှာ ၆၉ ပေါင် သတ်မှတ်ထားရှိတဲ့ ပဲမျိုးစုံကို ခုလိုသေခါနီးအရွယ်ထိ မှတ်မိနေပါတယ် ခင်ဗျ၊ အခြားပဲတွေက တစ်တင်း ၇၂ ပေါင်ဗျ။ ဆရာသမားများရဲ့ သွန်သင်ပေးခဲ့မှုများပေါ့ ခင်ဗျာ၊ ဆရာသမားများရဲ့ ဂုဏ်ကျေးဇူးကို ခုထိမှတ်သားနာယူလိုက်နာဆဲပါ။

ကဲ. . . ခုတော့ ကိုယ့်အလှည့်ကျပြီ၊ ဘာတွေထားခဲ့မလဲ၊ ဝန်ထမ်းလုပ်သက် နှစ်သုံးဆယ်ကျော်မှာ ဒိုင်ယာရီအရွယ်စုံ၊ ဆိုက်စုံ၊ ကာလာစုံ အတော်များများကတော့ စာအုပ်စင်မှာ နေရာယူနေပါတယ်။ ပြန်ဖတ်ကြည့်မိတော့ ရုပ်ရှင်များပြန်လည် Play Back ပြသလို လွမ်းစရာ၊ မောစရာ၊ တမ်းတစရာ. . .။

ကဲ. . . ခုလောလောဆယ်တော့ မိခင်ဌာနကလည်း စားသုံးသူရေးရာဦးစီးဌာနရယ်လို့ အမည်နာမ ပြောင်းလဲကာ တာဝန်ဝတ္တရားအသစ်တွေနဲ့ ချီတက်နေတော့ ကိုယ်တို့အောက်ခြေကဝန်ထမ်းတွေကလည်း စည်းချက်၊ ဝါးချက်အညီ ပြောင်းလဲတဲ့ သံစဉ်တေးသွားများအလိုက် ကပြဆိုပြကြရတာပေါ့။

ပြည်သူ့လွှတ်တော်က ၂၀၁၄ ခုနှစ်၊ မတ်လက ဥပဒေအမှတ် (၁၀)။ အတည်ပြုထားတဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်ကို လက်ကမချတမ်း ကိုင်စွဲလို့ပေါ့၊ ကုန်သွယ်လယ်ယာဝန်ထမ်း အများစုကလည်း အကြီးပိုင်းဝန်ထမ်းတွေလောက်သာ ဥပဒေ၊ နည်းဥပဒေများနဲ့ ရင်းနှီးကျွမ်းဝင်တာ၊ ဝန်ထမ်းအလယ် အလတ်များ၊ အငယ်ပိုင်းများကတော့ ကျွမ်းဝင်ဖို့ ခက်ခဲမယ်လို့. . . ဒါကလည်း ကိုယ့်အထင်ပါ။

ဘာပဲဖြစ်ဖြစ် စားသုံးသူရေးရာရဲ့ အပိုင်းနှစ်ပိုင်းဖြစ်တဲ့ စားသုံးသူနဲ့ စီးပွားရေး လုပ်ငန်းရှင်တို့ရဲ့ တာဝန်နဲ့ အခွင့်အရေးပိုင်းတွေကို ဖတ်လွယ်၊ မှတ်လွယ်၊ ပြန်လည်ဟောပြော ပို့ချရာမှာ လွယ်ကူအောင် ကဗျာလိုလို၊ စာလိုလိုအကျဉ်းကလေးချုပ်ပေးလိုက်ရရင် ကောင်းမယ်လို့ စဉ်းစားမိပါတယ်၊ အမြန်မှတ်လို့ရနိုင်မယ့် စာမျိုးဖြစ်လို့ အမြန်စာလို့ ခေါ်လိုက်တာပါ။ ကဗျာဆရာမဟုတ်လို့ ကဗျာစည်းကမ်း နားမလည်ပါ၊ မကြိုက်တဲ့သူ မယူကြပါနဲ့၊ အသုံးဝင်မယ်လို့ ထင်တဲ့သူများ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်နဲ့ တစ်ကြိမ်တိုက်ဆိုင် ဖတ်လိုက်ရင် မှတ်မိသွားပါလိမ့်မယ်။

**စားသုံးသူတို့၏အခွင့်အရေး ၅ ရပ်**

ဘေးအန္တရာယ်ကင်း၊
ရွေးချယ်ခြင်းနှင့်
သတင်းအရယူ၊ တိုင်တန်းမှု၍
မျှတဆက်ဆံ၊ ဤငါးတန်
စားသုံးခွင့်ရေးမှန်။

**စားသုံးသူတို့၏ တာဝန် ၄ ရပ်**
**(လိုက်နာ ၂ရပ်၊ ရှောင်ကြဉ် ၂ ရပ်)**

သတင်းလိုက်နာ၊ ဖြေရှင်းပါ၍
မမှန်စွပ်စွဲ၊ ထိခိုက်ရှောင်ကြဉ်
ဤလေးအင်၊စားသုံးတာဝန်ပင်။

**စီးပွားရေးလုပ်ငန်းရှင်တို့၏**
**အခွင့် အရေး ၄ ရပ်**

ငွေပေးလက်ခံ၊ ချေပခုခံ၍
နာမည်ကောင်းရန်၊
ပြန်လည်သက်သေပြ။

**စီးပွားရေးလုပ်ငန်းရှင်တို့၏**
**တာဝန် ၉ ရပ်**

စည်းကမ်းအညီ၊ မှန်ကန်သတင်း
ဖြောင့်မတ်ဆက်ဆံ၊
Spec အမှန်အာမခံ၍
စမ်းသပ်ခွင့်ပေး၊ ပျက်ဆုံးတာယူ
တူညီစည်းကမ်း၊
ဝန်ဆောင် ကတိ
ထိခိုက်နစ်နာ၊ မပြုစေရ
ဤကိုး၀၊ မှတ်ကြလုပ်ငန်းရှင်။

# AwRa Trading Co.,Ltd

**(LPG Filling Station-Myawaddy)**





No.33,B.G.F Street,Maekanal Quater,Myawaddy Tsp,Kayin State,Myanmar.
(Myan) 09 49266600,09 49 777599,09 49267770,09 260159998,09 49795670333
(Thai) 086 2040200,087 1130030,089 5672124
Email: awramwd@gmail.com

- အိမ်သုံး၊လုပ်ငန်းသုံး LP GAS များကို Thai နိုင်ငံမှသီးသန့်မှာယူ တင်သွင်းပြီးအရောအနှောကင်းစွာဖြင့် အရည်အသွေးမှန်ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေပါသည်။
- နေအိမ်များ၊စားသောက်ဆိုင်များနှင့် လုပ်ငန်းသုံးစက်ရုံများသို့ လက်လီလက်ကားအရောက်ပို့ဆောင်ဖြင့်ဖြန့်ဖြူးရောင်းချပါသည်။
- Thai နိုင်ငံမှရေနံစက်ထွက်ရည် (LPG) သည်အခြား (LPG) များထက်သိသာအရည်အသွေးကောင်းမွန်သဖြင့် ပိုမိုကြာရှည်စွာအသုံးပြုနိုင်ကာအန်အသက်နှင့် ဘေးထွက်ဆိုးကျိုးကင်းဝေးစေပြီးကောင်းကျိုးများရရှိနိုင်ပါသည်။



**Shop-1** A-2,Building No.(1),Ywarmakaung Street,Hlaing Township, Yangon,Myanmar. Ph: 95-1 521233, Fax: 95-1 521345
Hp: 09 5671000,09-49777599

**Shop-2** No(351),Bo Tay Za Street,19th Quarter,Shwe Paukan Industrial Zone,North Okkalapa Township,Yangon, Myanmar.
PH: 01-695228 Hp: 09-795670777,09-795670666,09-795670555



nzmp™ authorised ingredient distributor





မလိုင်ပြည့် နို့မှုန့် *WMP*, မလိုင်နည်း နို့မှုန့် *SMP*, *BMP*, *WHEY powder*, *AMF* ထောပတ်ဆီ လုပ်ငန်းသုံး နို့ကုန်ကြမ်းများ

**နယူးဇီလန်နိုင်ငံမှ ထုတ်လုပ်တင်သွင်းသည်**

Fonterra ကုမ္ပဏီသည် နိုင်ငံပေါင်း ၁၄၀ သို့ နို့ထွက်ပစ္စည်းများ တင်ပို့ရောင်းချပါသည်
ပမာဏမှာ ကမ္ဘာ့ရောင်းချမှု အားလုံး၏ ၁/၃ ခန့် ရှိပါသည်

နယူးဇီလန်နိုင်ငံ Fonterra Co-operative Group Limited ၏
မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ပါသည်

## လမင်းတစ်ရာ ကုမ္ပဏီလီမိတက်

Exclusive Distributor
Tel : 01-203531, 01-293055, 01-397363, 01-9010607, 01-9010606, 01-9010609
Fax : 01-202461 E-mail : info@lamintayar.com Website : www.lamintayar.com



# MT မျိုး သိန်း အီလက်ထရောနစ်









ရန်ကုန် ➡ အမှတ် (၀၂၇/၀၂၉)၊ သိမ်ဖြူလမ်း(သိမ်ဖြူဈေးမှတ်တိုင်ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ - ၂၀၃၂၀၃၊ ၂၀၃၀၃၀
အမှတ် (၂၁၈/၂၂၀)၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ - ၃၉၈၅၀၇၊ ၃၉၈၅၆၀
အမှတ် (၂၀၄)၊ ပန်းဆိုးတန်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ - ၃၈၀၂၀၂၊ ၀၉ - ၄၀၂၅၇၄၄၄၉

မန္တလေး ➡ အမှတ် (၁၇၇)၊ ၂၉လမ်း နှင့် ၈၃လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း - ၀၂ - ၇၅၃၃၂၊ ၃၄၀၂၂၆၁၆၆၆
Block(6).Unit(1,2)၊ ၇၃လမ်း၊ မင်္ဂလာမန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ - ၇၉၇၃၀၀၀၀၀၊ ၇၉၃၀၀၂၂၂



# ဘိတ်သားကြီး ဂျပန်ကားအပိုပစ္စည်းဆိုင်

ဖော်ဒယ်မြင့်ကားအောက်ပိုင်းပစ္စည်းမျိုးစုံရရှိနိုင်ပါသည်။











အမှတ်(၁၈) ဗိုလ်စိန်မှန်လမ်း၊ဗိုလ်စိန်မှန်ရပ်ကွက်၊ဗဟန်းမြို့နယ်။ ဖုန်း-၀၉ ၇၃၁၀၄၆၁၈၊၀၉ ၇၃၀၆၈၃၇၂၊၀၉ ၇၉၉၈၇၆၆၀၈၊၀၉ ၂၅၄၄၃၂၁၃၃


"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH

## ပြောင်း

### ကုန်သွယ်ရေးစခန်းများမှ ပြောင်းတန်ချိန် တစ်သောင်းခွဲ တင်ပို့

၂၀၁၆ ခုနှစ်၊ ဇွန်လနောက်ဆုံးပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ် ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၆၃၄ သန်း တန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၁၄၁၃၇ တန်ခွဲ တင်ပို့ခဲ့ ပါတယ်။

စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၉၈၈၁ တန်ခွဲ၊ လွယ်ဂျယ်မှ ၄၀၇၆ တန်နဲ့ ချင်းရွှေဟော်မှ တန် ၁၈၀ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းစုံကနေ ပြောင်းဖူးစေ့ ၉၂၁၃ တန်ခွဲသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ဇွန်လအတွင်း တရုတ်နယ်စပ်ကနေ တင်ပို့ ခဲ့တဲ့ ပြောင်းတန်ချိန် ၄၅၀၀၀ ခန့်ရှိပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ တရုတ်ဘက်က ဝယ်လိုအား ပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း၊ အရည် အသွေးပေါ်မူတည် ပြီး အရောင်းအဝယ်ရှိကြောင်း၊ ဇွန် ၂၄ ရက်က ပြောင်းတစ်တန်ကို ၂၈၆၇၄၄ ကျပ် ရှိခဲ့ပြီး ဇူလိုင် ၁ ရက်တွင် ၂၈၂၇၁၉ ကျပ်သို့ ဈေးအနည်းငယ် ထပ်မံကျဆင်းသွားခဲ့ကြောင်း သတင်းရရှိပါတယ်။ **မော်မော်အောင်**

## သကြား

### မူဆယ်တွင် သကြားတစ်အိတ် ယွမ် ၁၃၀ ခန့်ရရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူ ဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ဇွန် အတွင်း အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၈၂၁ သန်း တန်ဖိုးရှိတဲ့ သကြားတန်ချိန် ၁၅၉၀၀၀ ကျော်ကို တရုတ်ပြည်သို့ တင်ပို့နိုင်ခဲ့သလို မြန်မာ- ထိုင်း နယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၅၈၁ သန်း တန်ဖိုးရှိ သကြား ၂၄၆၉၂ တန်ကို Re-export စနစ်နဲ့ တင်သွင်းလာတာ တွေ့ရပါတယ်။

ယခုရက်ပိုင်းတွင် တရုတ်ကုန် သည်များက သကြားတစ်အိတ်ကို ၅ ယွမ်ခန့် ဈေးတိုးပေးပြီး တစ်ရက်လျှင် တန်ချိန် ၅၀၀၀ ကျော် ဝယ်ယူနေကာ မူဆယ်တွင် သကြား တစ်အိတ်ရဲ့ ရောင်းဈေးဟာ တရုတ်ငွေ ၁၃၀ ယွမ်ခန့် ဈေးရရှိကြောင်း၊ ဝင်သမျှအကုန်ရောင်းရ ပြီး ဒီဘက်မှာတင် ငွေချေတာမို့ ရောင်းရတာ အဆင်ပြေကြောင်း မူဆယ်မြို့မှ သကြားကုန်သည်တစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

### မန်းသကြားဒိုင်တွင် သကြားကုန်ကြမ်းဈေးကြောင့် ကုန်ချောဈေး မြင့်တက်လာ

မန္တလေးသကြားကုန်စည်ဒိုင် (မြန်မာနိုင်ငံ သကြား၊ သကာရည် လုပ်ငန်းရှင်များ ကထိန်တော်အသင်း)မှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှသော် လည်းကောင်း၊ အခြားတိုင်းဒေသကြီးများနှင့် အနယ်နယ်အရပ်ရပ်မှသော်လည်းကောင်း သကြား၊ သကာရည်လုပ်ငန်းရှင်များ ကုန်သည်များက နေ့စဉ် (ဥပုသ်နေ့မှအပ) လာရောက်ပြီး အရောင်းအဝယ် ပြုလုပ်ကြောင်း သိရပါတယ်။

၂၀၁၆ခုနှစ် ဇူလိုင်လ ပထမပတ်မှာ သကာပွက်ရည် တစ်ပိဿာ ၈၆၀ကျပ် ၈၇၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး သကြားတစ်ပိဿာ ပေါက်ဈေးနှုန်း များမှာ (A) အဆင့်သကြား ၁၃၄၅ကျပ် (B) အဆင့်သကြား ၁၃၂၅ကျပ်၊ (C) အဆင့်သကြား ၁၃၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး နေ့စဉ်သကြား (ပိဿာ ၃၀အိတ်) အိတ် ၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုအချိန်တွင် ပွက်ရည်ရှားပါးလာတာကြောင့် ဈေးကွက်လိုအပ်ချက် အရ ဈေးနှုန်းလည်း မြင့်တက်သွားကြောင်း၊ သကာပွက်ရည် (ကုန်ကြမ်း) ဈေးတက်သွားသလို ကုန်ချော(သကြား)လည်း ဈေးတက်လာကြောင်း၊ ယခုတစ်ပတ်မှာ သကြားထိပ်စ တစ်ပိဿာ ၁၃၄၅ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးအထက် တစ်ပိဿာလျှင် ၁၂၀ကျပ် ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စက်ပိုင်များအနေနဲ့ ယခုအချိန်တွင် သကြားတစ်ပိဿာ ၁၃၀၀ ကျပ်ကျော်ဖြင့် အရောင်းအဝယ်ဖြစ်ပါက မိမိတို့အတွက် တွက်ချေကိုက်ကြောင်း၊ ပေါင်းသကြားများကို ပြည်ပ(တရုတ်)သို့တင်ပို့မှုမရှိသလောက် နည်းပါးကြောင်း၊ အချိုရည်လုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်း၊ နို့ဆီချက်လုပ်ငန်းနှင့် ကော်ဖီမစ်လုပ်ငန်း များက ပုံမှန်ဝယ်ယူနေတာကြောင့် ဒေသထွက် သကြားများ အရောင်းအဝယ် ပုံမှန်ရှိကြောင်း၊ ကုန်ကြမ်း(သကာပွက်ရည်) ဈေးတက်သလို ကုန်ချော(သကြား) ဈေးလည်းမြင့်တက်တာကြောင့် အကျိုးအမြတ်ပုံမှန်ရှိနေကြောင်း သိရပါတယ်။ ဒါကြောင့် ယခုကာလအတွင်း အနည်းငယ်အဆင်ပြေလာကြောင်း သကြား စက်ပိုင်ကုန်သည်ကြီးတစ်ဦးက ပြောကြားပါတယ်။

**စိုးအောင်(မန္တလေး)**

## ရော်ဘာ

### ရော်ဘာဈေး ဆက်လက်မြင့်တက်

ဇွန် နောက်ဆုံးပတ်မှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၁၄ သန်းဖိုးရှိ ရော်ဘာ ၁၁၀၇ တန်ကို မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 ၇၆၇ တန်၊ RSS-5 တန် ၅၀၊ MSR -20 ၁၁၆ တန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 ၈၇ တန်၊ MSR -20 ၃၅ တန်၊ MSR-50 ၅၂ တန် တင်ပို့ခဲ့ပါတယ်။ ဇွန်တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၁၅ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၃၄၀၅ တန်ခန့် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးကာလဖြစ်တဲ့ မေ တင်ပို့မှုထက် တန် ၃၀၀၀ ကျော် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇွန်နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၁၈၄၀၀ ဖိုးရှိ ရော်ဘာ RSS-5 ၄၆ တန်ကို ထိုင်းနိုင်ငံသို့တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုညဒသမ ၂၂၂ သန်းတန်ဖိုးရှိ MSR-20TSR ၂၁၂ တန်ခန့်ကို စင်္ကာပူနိုင်ငံသို့ တင်ပို့ခဲ့ ပါတယ်။ ဇွန်လတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၄၂ သန်းတန်ဖိုးရှိ ရော်ဘာ ၂၆၁၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးမေလ တင်ပို့မှုထက် တန် ၁၈၀၀ လျော့နည်းပြီး ယမန်နှစ် ကာလတူထက် ၁၁၉၅ တန် ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

ယခင်တစ်ပတ်က အနည်းငယ်မြင့်တက်ခဲ့တဲ့ နိုင်ငံတကာရော်ဘာဈေးဟာ ယခုတစ်ပတ်မှာ တစ်တန်လျှင် ဒေါ်လာ ၁၀၀ နီးပါး ဈေးတက်လာကြောင်း သိရှိရပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း ဒေါ်လာ ၁၀၀ စီတိုး၍ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားကြောင်း သိရပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀ -၁၄၅၀ |
| Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀ -၁၇၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၉၆၀ - ၁၀၁၀ |

**ယဉ်ယဉ်အေး**



### တရုတ်နိုင်ငံသို့ ကော်ဖီစေ့ တန် ၁၀၀ ကျော် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၁၆၇၉၄၇ တန်ဖိုးရှိ ကော်ဖီစေ့ ၁၆၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် ကော်ဖီမစ်ကို ပြင်ဦးလွင်၊ ရှမ်းပြည်နယ်ရှိ ရွာငံမြို့ ၊ မိုးကုတ်၊ နောင်ချို ၊ ချင်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး အာရေးဘီးကာနှင့် ရိုဘတ်စတာ ကော်ဖီအမျိုးအစားတွေကို အဓိကစိုက်ပျိုးကြောင်း၊ နိုင်ငံတကာကော်ဖီဝယ်သူတွေက မြန်မာ့ကော်ဖီကို စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ ပြည်တွင်းကော်ဖီလုပ်ငန်းတွေမှာ ကော်ဖီသီးအစိုရော၊ လှော်ပြီးသား ကုန်ကြမ်းရော ဝယ်လိုအားမြင့်တက်လာကြောင်း ပြင်ဦးလွင်မြို့ရှိ ကော်ဖီစိုက်ပျိုးသူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

### တရုတ်နိုင်ငံသို့ ပျားရည် ပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန် ဒေါ်လာ ၂၅၅၅၀ တန်ဖိုးရှိ ပျားရည် ၃၆ တန်ခွဲကို ဇွန်လအတွင်း တရုတ်ပြည်သို့ တင်ပို့ခဲ့ပါတယ်။ မေလအတွင်းက ၄၉ တန်ခွဲအထိ တင်ပို့နိုင်ခဲ့လို့ ဇွန်လအတွင်း ပျားရည်တင်ပို့မှု လျော့နည်းသွားခဲ့ပေမယ့် တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန် တင်ပို့နေတယ်လို့ ဆိုရ ပါမယ်။

၂၀၁၅ ခုနှစ်က ပျားရည် တစ်ပိဿာ ၃၅၀၀ ကျပ်အထိ ဈေးပေါက်ခဲ့သော်လည်း ယခုနှစ်တွင် ၁၅၀၀ ကျပ်ခန့်သာ ဈေးဖွင့်နိုင်ကြောင်း ပျားအုံတစ်အုံမှ တစ်နှစ်လျှင် ပျားရည် ပေါင် ၇၀ ကျော် ထုတ်လုပ်နိုင်ကြောင်း၊ ပျားအုံ ၁၀၀ မှ တစ်နှစ်ကို ပျားရည် ၁၀ ပီပါခန့်ထွက်ရှိကြောင်း၊ ယခင်နှစ်က ပျားရည်အထွက်နှုန်းကလည်း ကောင်းခဲ့ပြီး ဈေးကောင်းလည်းရရှိခဲ့ကြောင်း၊ မြန်မာ့ ပျားရည်ကို ဂျပန်၊ ကိုရီးယားနဲ့ ထိုင်းနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း ပျားလုပ်ငန်းရှင်များထံမှ သိရပါတယ်။

**မော်မော်အောင်**



SERVICE COMPANY များ၊ Showroom များအတွက် အထူးဈေးနှုန်းများ၊
၅၀% ငွေပေးချေမှုပုံစံများ၊ သက်သာသောသင်္ဘောတင်ခများဖြင့်
အထူးဝန်ဆောင်မှုများပေးနေပါသည်။
YOUR BEST JAPANESE CAR BUSINESS PARTNER
MINN THU TA TRADING
ကျွန်ုပ်တို့၏ JPC Trade မှ
လေလံချိန် နီးကပ်သည်အထိ ဈေးတင်ရှိခြင်း၊
သင်္ဘောတင်ခ သက်သာခြင်းနှင့်မြန်ဆန်ခြင်း၊
လေလံအောင်ပြီး ဆိပ်ကမ်းရောက်ကားဓာတ်ပုံများ ပြည့်စုံစွာပေါ်ပြထားခြင်း၊
လေလံဆွဲချိန်မှ သင်္ဘောတင်ပြီး BL လက်ဝယ်ရရှိချိန်ထိ အဆင့်ဆင့်ကို မိမိကွန်ပျူတာတွင် အစအဆုံး Live မြင်တွေ့နိုင်ခြင်း၊
အခြားအခြားသော အထူးဝန်ဆောင်မှုများဖြင့် အမြဲမပြတ် လူကြီးမင်းတို့အား စိတ်ကျေနပ်မှုအပြည့်အဝ ပေးနေသောကြောင့်
ကျွန်ုပ်တို့၏ JPCTRADE တွင် Free Register လုပ်ခြင်းဖြင့် အကျိုးကျေးဇူးများကို ယူဆောင် ခံစားကြည့်ပါ။
VISIT WWW.JPCTRADE.COM.MM TO MAKE YOUR OWN
JPCTRADE
Japanese Partner for your Car
Yangon Branch
Room No. 102, 1st Floor, Bldg-D, 212, Shwe Gon Dine Towner, Bahan Township, Yangon.
09 448026203, 09 450006407
Mandalay Branch
No. 3 - 12 / 91, Corner of 36 x 40, Maha Aung Myay Township, Mandalay.
09 254922299, 09 979069640
Japan-Myanmar Sales Team Hotline
+81-80-2392-7433




Global Myanmar
GlobalMYANMAR AUTO
အမှတ်(၄–ဘီ)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၄၈၈၈၈၈

# အပြည်ပြည်ဆိုင်ရာ ပလတ်စတစ် ထုတ်ကုန်ပစ္စည်းပြပွဲ- ၂၀၁၆ ကျင်းပ

အိန္ဒိယသမ္မတနိုင်ငံအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၏ ထောက်ပံ့ကူညီမှုဖြင့် အိန္ဒိယနိုင်ငံပလတ်စတစ် ပို့ကုန် မြှင့်တင်ရေးကောင်စီနှင့် မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဦးစီးကျင်းပသည့် 'အပြည်ပြည်ဆိုင်ရာ ပလတ်စတစ် ထုတ်ကုန် ပစ္စည်းပြပွဲ ၂၀၁၆' ဖွင့်ပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်၊ USA၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှ ကုမ္ပဏီ ရှစ်ခုသည် ပြခန်း ပေါင်း ၇၀ ကျော်တွင် ပလတ်စတစ် ထုတ်ကုန်ပစ္စည်းများ၊ ပလတ်စတစ်ထုတ်လုပ်မှုဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ၊ နည်းပညာစာအုပ်များစသည်ဖြင့် စုံလင်စွာပြသခဲ့ကြောင်း သတင်းရရှိသည်။

ပြပွဲဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးထွန်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်သန်း၊ အိန္ဒိယသံရုံး ယာယီတာဝန်ခံနှင့် အိန္ဒိယနိုင်ငံမှ လုပ်ငန်းရှင် ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီးနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များသည် ပြခန်းများအား လိုက်လံကြည့်ရှုခဲ့ပါသည်။

ယင်းပြပွဲကို ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်တိုင် ကျင်းပခဲ့ကြောင်းသတင်းရရှိပါသည်။

**MTC (Ygn)**

# မိုးရာသီကားအရောင်းမှာ ယခင်နှစ်များထက် ပိုအေးလျက်ရှိ

ရန်ကုန်တိုင်းအတွက် ပါကင်ပါမစ် ကန့်သတ်ခဲ့ပြီးနောက် ပဲခူးလိုင်စင်၊ မန္တလေးလိုင်စင်တို့ဖြင့် ကားအရောင်း အဝယ်များ ရှိနေသော်လည်း နှစ်စဉ် အရောင်းအေးချိန်ဖြစ်သော ယခုကဲ့သို့ မိုးရာသီအတွင်း ကားအရောင်းမှာ ယခင်နှစ်များ ထက်ပိုမို ကျဆင်းလျက်ရှိသည်ဟု သီရိမင်္ဂလာနှင့် ရှင်စောပု ယာဉ်ရောင်းဝယ်ရေးစခန်းရှိ တစ်ပိုင် တစ်နိုင်ရောင်းဝယ်သူများကဆိုသည်။

ကားများကို Consignment စနစ်ဖြင့် တင်သွင်းရောင်းချနေသည့် သီရိမင်္ဂလာယာဉ်ရပ်နားစခန်းမှ ကိုသားငယ်က "အရင်ကတစ်လကို ခုနစ်စီး၊ ရှစ်စီးလောက်အထိ ရောင်းရပေမယ့် အခုအချိန်မှာတစ်လကို တစ်စီးလောက်ပဲ ရောင်းရပါတယ်"ဟု ဆိုခဲ့ပြီး အခြားဝယ်ရောင်းသမားတစ်ဦးက "ခုနစ်လပိုင်း၊ ရှစ်လပိုင်းအချိန်တွေက အရောင်းအေးတဲ့ရာသီဖြစ်ပေမယ့် ဒီနှစ်က အရင်နှစ်တွေထက်ပိုပြီး အရောင်းအေးတယ်။ လူတွေက အခုအချိန်အထိ စောင့်ကြည့်နေကြတုန်းပါပဲ။ပွင့်လင်းရာသီ အချိန်ကိုတော့ တစ်ချက်စောင့်ကြည့်ရမယ်"ဟုဆိုသည်။

ရှင်စောပုယာဉ်ရောင်းဝယ်ရေးစခန်းရှိ စလစ်ကပ်ကားရောင်းချသူတစ်ဦးကမူ "နွေရာသီ ခရီးသွားရာသီတုန်းက အန်စာတုံး (Hiace Commuter) တွေ ရောင်းရပါတယ်။ ဒါပေမယ့် ဒီနှစ် နှစ်ဦးပိုင်းကစပြီး အရောင်း တဖြည်းဖြည်း ကျလာတယ်။ရန်ကုန်မှာ ကားတွေလည်း အရမ်းများလာပြီလေ။ဒါကြောင့်ကျွန်တော်တို့က နယ်သမားတွေကိုပဲ အဓိက မျှော်ရပါတယ်၊ အခုလို မိုးရာသီအချိန်မှာ နယ်ဒေသတချို့က ရေကြီးတာတွေ လမ်းပျက်တာတွေရှိတာကြောင့် နယ်သမားတွေကလည်း ဒီလိုအချိန်မှာကားဝယ်ဖို့ သိပ်မစဉ်းစားကြပါဘူး။ ဒါ့အပြင် နယ်ဘက်မှာ လိုင်စင်မဲ့ကားတွေ သုံးနေတာကို ထိထိရောက်ရောက် ကိုင်တွယ်နိုင်ရင် ရန်ကုန်ကားအရောင်းတွေ ပြန်တက်လာနိုင်တယ်လို့ ခန့်မှန်းရတယ်။ ရန်ကုန်ဈေးကွက်ကတော့ ကျောင်းဖွင့်ရာသီတွေမှာ အဝယ်လိုက်တတ်ပါတယ်။ တက္ကသိုလ်ဖွင့်ချိန်တွေမှာ ကလေးတွေအတွက် ကားလာရှာကြတာမျိုးတွေ တော့ ရှိတယ်။ လက်ရှိအချိန်မှာတော့ အရောင်းအဝယ်က အတော်လေး အေးနေပါတယ်"ဟု motors.com.mm သို့ ပြောကြားခဲ့သည်။

နယ်လိုင်စင်ကားများနှင့် ပတ်သက်၍ ပဲခူးလိုင်စင်မှာ မန္တလေးလိုင်စင်ထက် ဈေးပိုများသည်ဟု သတင်းတချို့ပေါ်ထွက်ခဲ့သော်လည်း တကယ်တမ်းတွင် လိုင်စင်ကြေးမှာ CIF တန်ဖိုးပေါ်တွင်သာမူတည်ပြီး ပဲခူးမှာရန်ကုန်နှင့် ပိုနီးသဖြင့် လူအများ ပိုမိုစိတ်ဝင်စားမှုရှိကြောင်း ဝယ်ရောင်းသမားများက ဆိုသည်။

ထို့ပြင် သီရိမင်္ဂလာ၊ ရှင်စောပုနှင့် လှိုင် အပါအဝင် ရန်ကုန်မြို့ရှိ ယာဉ်ရောင်းဝယ်ရေးစခန်းများကို တောင်/မြောက် လမ်းဆုံအနီးသို့ ရွှေ့မည်ဟုလည်း သတင်းများပေါ်ထွက်ခဲ့ပြီး အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများက တိကျသော ထုတ်ပြန်ချက်များ မရှိသေးကြောင်း သိရသည်။

ယာဉ်ရောင်းဝယ်ရေးစခန်းမှ ဝယ်ရောင်းအများစုက ယခုနှစ်ကုန်ပိုင်းတွင် ပြောင်းရွှေ့ရလောက်သည်ဟု ခန့်မှန်းထားကြသည်။

**မယ်သီတာ**

# ရန်ကုန်ကားဈေးကွက် ပြန်လည်အေးစက်လာ

ရန်ကုန်ကားဈေးကွက်မှာ ဇူလိုင်လ ပထမပတ်ကာလအတွင်း အရောင်းအဝယ်များ ကျဲပါးကာ ဈေးကွက်အေးသည်ထက် အေးစက်လာကြောင်း သိရသည်။ ရန်ကုန်မြို့တွင်း ကားပွဲစားတန်းများနှင့် အရောင်းစင်တာနေရာများတွင်ပါ လူဝင်/လူထွက် ကျဲပါးလာကာ ဇူလိုင်လအတွင်း မိုးများလာမှုနှင့်အတူ အရောင်းအဝယ်လည်း အေးစက်သွားကြောင်း သိရသည်။

ယခုနှစ်ပိုင်း မေလလယ်ခန့်မှ စတင်၍ ကားလေးများသာမက စလစ်ကပ် ကားများပါ အရောင်းအဝယ် ကောင်းလာသည့် အခြေအနေသည် ဇွန်လနှောင်းပိုင်းမှစတင်၍ တဖြည်းဖြည်း ဈေးကွက်အေးလာခဲ့ပြီး ယခု ဇူလိုင်လ ဒုတိယပတ်သို့ဝင်ရောက်လာချိန် တွင် ဈေးကွက်လုံးဝအေးစက်သလောက် ဖြစ်နေပြီး ဖြစ်နေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ဧပြီလဆန်းခန့်က ကားပါကင်ဖြင့် တင်သွင်းခွင့် စတင်ရပ်နားခဲ့သည့် အချိန်မှစ၍ ရန်ကုန်တိုင်းအတွင်း ဖရီးပါမစ်ကားများနှင့် ပတ်သက်၍ စည်းမျဉ်း/စည်းကမ်း တစ်စုံတစ်ရာ ထုတ်ပြန်ခဲ့ခြင်းမရှိသေး၍ လူအများမှာ ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်တင်သွင်းခွင့်နှင့် ပတ်သက်၍ ထုတ်ပြန်လာနိုးဖြင့် စောင့်မျှော်ခဲ့ကြပြီး အနည်းငယ် အချိန်ကြာလာသောအခါ ရန်ကုန်တိုင်းအတွင်း တင်သွင်းမောင်းနှင်နိုင်သည့် နယ်လိုင်စင်တွဲကပ်ပြီး ပုံစံပြောင်းစီးနင်းလာကြကြောင်း၊ နံပါတ်ထွက်ပြီး ကားသစ်များ၊ စလစ်ကပ်ကားများ၊ အကွာရာ ၂တန်း ၃တန်းနိမ့်ကားများပါ ပြန်လည်၍ဈေးကျလာပြီး မေလလယ်ခန့်မှစ၍ ဇွန်လနှောင်းပိုင်း အထိ အရောင်းအဝယ်ရှိခဲ့ကြကြောင်း၊ ထိုအချိန်များတွင် စလစ်လိုအပ်ချက်လည်း မြင့်မားလာကာ ၉၀သိန်းနီးပါးထိ မြင့်တက်လာကြောင်း၊ သို့ရာတွင် နောက်ပိုင်းကာလများတွင် စလစ်ကပ်ကားများနှင့် ဖရီးပါမစ်နယ်လိုင်စင်များ၏ ဈေးတန်းမှာ အမြင့်ဆုံးသို့ရောက်ရှိလာပြီး ဇွန်လဆန်းက စတင်ခဲ့သည့် အခွန်ကောက်ခံမှုပုံစံသစ်ကြောင့် ဈေးတန်းမှာ မြင့်သထက်မြင့်လာကြောင်း၊ ယခုလက်ရှိအချိန်တွင် နယ်လိုင်စင်ဖြင့် ကားများ မြို့တွင်းတွင်များပြားလာပြီး စည်းကမ်းထိန်းသိမ်းမှု၊ ကန့်သတ်မှုစသည့် မြို့ဝင်စည်းကမ်းပိုင်းဆိုင်ရာ ကန့်သတ်ချက်များ မလုပ်သော်လည်း လူအများ ဝယ်ယူစီးနင်းမှု ပြန်လည်နည်းပါးလာပြီး စလစ်ဈေးလည်း ကျဆင်းကာ အကွာရာ၄/၅တန်းနိမ့် ရန်ကုန်လိုင်စင်ပေါက် ဖရီးပါမစ်ကားလေးများ၊ စလစ်ကပ်ကားများဖက်သို့ လမ်းကြောင်းပြောင်းလဲသွားပြီး ဈေးနှုန်းအမြင့်များဖြင့် (ဧပြီလမတိုင်မီ ဈေးတန်းနှင့် ချိန်ထိုးလျှင်) အရောင်းအဝယ် အနည်းငယ်သာရှိတော့ကြောင်း ၎င်းက ပြောသည်။

**SN**

# ၂၀၁၆ ခုနှစ် ဇွန်လ မန္တလေး -လားရှိုး-မူဆယ် ကုန်စည်သယ်ယူခ

၂၀၁၆ ခုနှစ် ဇွန်လအတွင်း မန္တလေးမှ မူဆယ်သို့ ကုန်ပစ္စည်း သယ်ယူခ ကားခနှုန်းထားမှာ တတိယပတ်မှစပြီး ပို့ကုန်သယ်ယူခတွေ ဈေးကျဆင်းသွားတာ တွေ့ရပါတယ်။ မိုးတွင်းကာလလည်းဖြစ်တာကြောင့် ကုန်စည်ပို့ဆောင်ရေး နည်းပါးတတ်ပြီး ကုန်တင်ပို့ခကျဆင်းတတ်သော်လည်း တစ်ပိဿာကုန်တင်ပို့ခအနည်းငယ်ခန့်သာ ကျဆင်းသွား ကြောင်း၊ မန္တလေးမှ မူဆယ်သို့ ဆန်နှင့်ပြောင်း အဓိက တင်ပို့ နေရပြီး မူဆယ်မှ မန္တလေးသို့ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အိမ်ဆောက်ပစ္စည်းမျိုးစုံ၊ စားသောက်ကုန်အချို့နဲ့ ယာဉ် ယန္တရားများ စီးဆင်းမှုရှိကြောင်း၊ ယခုအချိန်မှာတော့ သရက် သီးကားများနေ့စဉ် ဝင်ရောက်မှုရှိကြောင်း၊ သွင်းကုန်ပစ္စည်းဖြစ်တဲ့ မြေဆီသယ်ယူခဈေးနှုန်းမှာ ဒုတိယပတ်ကတည်းက တည်ငြိမ်နေကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ဇွန်လရဲ့ ကုန်စည်သယ်ခများကို အပတ်စဉ် အလိုက် ဖော်ပြပေးလိုက်ပါတယ်-

**မော်မော်အောင်**

| ပို့ကုန် | ၂၈-၅-၂၀၁၆ မှ ၃-၆-၂၀၁၆ အထိ | ၄-၆-၂၀၁၆ မှ ၁၀-၆-၂၀၁၆ အထိ | ၁၁-၆-၂၀၁၆ မှ ၁၇-၆-၂၀၁၆ အထိ | ၁၈-၆-၂၀၁၆ မှ ၂၄-၆-၂၀၁၆ အထိ | ၂၅-၆-၂၀၁၆ မှ ၁-၇-၂၀၁၆ အထိ |
|---|---|---|---|---|---|
| ပြောင်း | ၆၇-၇၂ | ၆၆-၇၀ | ၆၇-၆၈ | ၆၄-၆၅ | ၆၃-၆၇ |
| ဆန် | ၆၈-၇၅ | ၆၇-၇၂ | ၆၉-၇၀ | ၆၈-၇၁ | ၆၅-၆၈ |
| ပဲတီစိမ်း | ၆၉-၇၅ | ၆၈-၇၂ | ၆၉-၇၀ | ၆၆-၆၇ | ၆၆-၆၈ |
| နှမ်း | ၇၀-၇၅ | ၇၃-၇၅ | ၇၃-၇၅ | ၇၀-၇၃ | ၇၀-၇၄ |
| ရော်ဘာ | ၈၁-၈၅ | ၈၄-၈၆ | ၇၂-၈၀ | ၇၅-၇၆ | ၇၂-၇၅ |
| သွင်းကုန်/ မြေပဲဆီ | ၃၅ | ၃၂ | ၃၂ | ၃၂ | ၃၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာဒီမီယို (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | တိုယိုတာဗစ်ဇ် (၂၀၀၉) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | စီအာဗီ (99) | 9E | ၁၇၅ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | ကလူဂျာ (၂၀၀၂) | 2L | ၂၈၅ သိန်း | 2.4 ဓာတ်ဆီ၊ ခဲရောင် |
| ၅။ | ဝုရှ် (၂၀၀၂) | 9G | ၁၇၀ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၈၅ သိန်း | 3.0 ဓာတ်ဆီ |
| ၈။ | အာအေဗီ(၄) (၂၀၀၃) | ယာယီ | ၂၁၀ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အပ်ကား | နှစ် (၂၀) | ၇၇ သိန်း | |



# သနပ်ခါးအကြောင်း တစေ့တစောင်း

အောင်မြိုင် (DOT-MDY)

သနပ်ခါးသည် မြန်မာလူမျိုးများ အစဉ်အဆက်သုံးစွဲခဲ့သော ရိုးရာအလှပြင်ပစ္စည်းတစ်ခုဖြစ်သည့်အတွက် မြန်မာနှင့်သနပ်ခါး ခွဲခြားမရနိုင်ပါ။ သနပ်ခါးဆိုသည်မှာ အသားအရေကို နူးနပ်စေပြီး ခါးသက်သော အရသာရှိသောကြောင့် သားနပ်ခါး(သနပ်ခါး) ဟု လည်းကောင်း၊ အမျိုးသမီးများ၏ သနသည့်သွေးညစ်များကို သန့်စင်စေခြင်းကြောင့် သနခါမှ သနပ်ခါးဟု ခေါ်ဆိုကြောင်း၊ အင်္ဂလိပ်အမည် Chinese Box - Tree၊ ရုက္ခဗေဒအမည် Cimmamoum tamala F.Nee ဟုခေါ်ပြီး မျိုးရင်း Lauraceae ဟူ၍ လေ့လာမှတ် သားမိပါသည်။

သနပ်ခါးပင်သည် အပူဒဏ်ခံ နှစ်ရှည်ပင်ဖြစ်ပြီးအပူပိုင်းဒေသ မိုးနည်းရပ်ဝန်းတွင် သဘာဝပေါက်ပင်အဖြစ် ပေါက်ရောက်၍ ပင်လတ်မျိုးဖြစ်သည်။ သနပ်ခါးပင်သည် ပေ ၂၀/၃၀ အထိမြင့်၍ပင်စည်နှင့်အကိုင်းအခက်များတွင် ၁/၂ လက်မမှ တစ်လက်မ အထိရှည်ပြီး ချွန်ထက်မာကျောသော ဆူးရှိကာ အပင်နုစဉ်အပွေးမဲ့ပြီး အပင်ရင့်လာသောအခါ အပွေးထူလာသည်။

အရွက်မှာ ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်ခါ ၃ လက်မမှ ၅ လက်မအထိရှည်၍ ရွက်ညှာတွင်အတောင်ပါသည်။ ရွက်မွှာနှစ်စုံမှ သုံးစုံအထိရှိပြီး ထိပ်ရွက်တွင် တစ်ရွက်ပါ၍ ရွက်ပြားပြောင်ချောကာ တောင့်တင်းမာကျောပြီးအစိမ်းရင့်ရောင်ရှိသည်။ အပွင့်သေးငယ်၍ အဝါရောင်ရှိပြီး အဆုပ်လိုက်ပွင့်သည်။ တန်ခူး၊ ကဆုန်လများတွင် ပွင့်သည်။ အသီးသည် ချဉ်သောအရသာရှိ၍ အပွတ်လိုက်သီးပြီး အရွယ်အစားအနေဖြင့် ငရုပ်ကောင်းစေ့ခန့်ရှိသည်။ အစေ့မှာ အဝါရောင်ဖျော့ဖျော့ဖြစ်၍ ဝါခေါင်၊ တော်သလင်းလတွင် အသီးမှည့်သည်။ အမြစ်တွင် ရေသောက်မြစ်ရှည်လျား၍ ဘေးမြစ်များလည်း ရှည်ပြီးပြန့်ထွက်ကာ အပွေးအခေါက်ရှိ၍ ပင်စည်ထက် အရောင်ပိုဝါသည်။

မြန်မာဆေးကြမ်းများအရ သနပ်ခါးသည် ပူ၏၊ သွေးကိုကြွစေ၏၊ ပူခါးချုပ်ပွင့်ဖြစ်၏၊ ငန်းမန်းကိုနိုင်စေ၏ဟုဆိုထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ သနပ်ခါးနှင့်ပတ်သက်၍ ပါဝင်သော ဒြပ်ပေါင်းများမှာ Xanthoto xin, Phenlacetox, ycoun arin, Umbelliferone, Iimonin, Lauvangein တို့ပါဝင်ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ထိုင်းနိုင်ငံမှသုတေသီတစ်စု၏ လေ့လာချက်၌သနပ်ခါး အခေါက်တွင် ပါဝင်သော ဓာတ်ပစ္စည်းများအား အသေးစိတ် လေ့လာရာတွင် အင်ဒီအောက်ဆီဒင့်(ခေါ်) ခန္ဓာကိုယ်အကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးပါဝင်၍ အသားအရေရောင်ရမ်းမှုကို သက်သာစေသောဓာတ်နှင့်အရေပြားအရောင်ကို အပြောင်းအလဲဖြစ်စေသော ဟော်မုန်းထွက်ရှိမှုကို ဟန့်တားပေးသောဓာတ်များပါဝင်ကြောင်း၊ နေပူဒဏ်အပြင် ခရမ်းလွန်ရောင်ခြည်ကိုပါ ကာကွယ်နိုင်ကြောင်း သိရှိရပါသည်။

သနပ်ခါးပင်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်း ဒေသများတွင် အလေ့ကျသဘာဝအဖြစ် ပေါက်ရောက်သည်။ ယခုအခါသဘာဝပေါက်ပင်များ ရှားပါးသွား၍ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရွှေဘို၊ မုံရွာ၊ ချောင်းဦးမြို့နယ်များတွင် စီးပွားဖြစ်အများအပြားစိုက်ပျိုးလာကြသည်။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်သည် အပူပိုင်းမိုးနည်းဒေသဖြစ်ပြီး၊ ယခင်ကစီးပွားရေးလုပ်ငန်းမှာ ထန်းလျက်လုပ်ငန်းဖြစ်သော်လည်း ယခုအခါတွင် ရေစကြိုမြို့နယ်၏ စီးပွားရေးလုပ်ငန်းသည် သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းဖြစ်လာခဲ့သည်။ ရေစကြိုမြို့နယ်အတွင်း သနပ်ခါးကိုဧက ထောင်ပေါင်းများစွာ စိုက်ပျိုးလျက်ရှိခြင်းကြောင့် လက်ညှိုးထိုးမလွဲ ကျယ်ဝန်းလှ၍ သနပ်ခါးပင်လယ် ဖြစ်လာခဲ့သည်။

ရေစကြိုမြို့နယ် သံပြာချောင်းကျေးရွာ သနပ်ခါးစိုက်တောင်သူတစ်ဦးက ယခင်ကသီးနှံစိုက်လို့ မအောင်မြင်တဲ့မြေတွေ၊ ထင်းတောတွေနေရာမှာသနပ်ခါးပင်တွေတွင်တွင်ကျယ်ကျယ်တိုးချဲ့စိုက်ပျိုးနေကြောင်း၊ ရာသီဥတုနှင့်လည်းကိုက်ညီ မြေသဘာဝနှင့်လည်း အဆင်ပြေတဲ့အတွက် သနပ်ခါးကို စိုက်ပျိုး၍ စီးပွားရေးအဆင်ပြေလာပါကြောင်း၊ သနပ်ခါးစိုက်ပျိုးရာတွင် မြေလွတ်မြေရိုင်းများ၌ တစ်ပင်နှင့်တစ်ပင်ခြောက်ပေခြား၍ တစ်ပေပတ်လည် တစ်ပေ အနက်ကျင်းတူးပြီး သဘာဝမြေဆွေးထည့်ကာ အတန်းလိုက်စိုက်ပျိုးကြကြောင်း၊ ယာခင်းများတွင် တစ်ပင်နှင့်တစ်ပင် ၁၀ ပေကွာ ပတ်လည်အတန်းလိုက် စိုက်ပျိုးကြောင်း၊ သနပ်ခါးပင်ပျိုးရန် သနပ်ခါးသီးမျိုးစေ့ တစ်ပြည်၊ ကျပ်တစ်သိန်းမှနှစ်သိန်းနှုန်း ပေးရကြောင်း၊ သနပ်ခါးပျိုးပင်တစ်ပင်မှာ အရွယ်အစားလိုက်၍ ကျပ် ၇၀ မှ ၁၅၀ နှုန်းဝယ်ရကြောင်း၊ တချို့က ပျိုးပင်မြေချစိုက်ပျိုးပြီး မြေအပါအဝင် အပင်အရွယ်အစားလိုက်၍တစ်ပင်ကျပ် ၂၅၀၀ မှ ၅၀၀၀ နှုန်းရှိကြောင်း၊ သနပ်ခါးစိုက်ပျိုးရာတွင် မိုးဦးကျတွင် မစိုက်ပျိုးဘဲ မိုးလယ်တွင်စိုက်ပျိုးကြောင်း၊ သို့မှသာ မိုးဓာတ်က မြေအောက်အထိစိမ့်၍ အပင်များရှင်သန်နိုင်မှာဖြစ်ပြီး အပင်သေဆုံးမှုနည်းကြောင်း၊ မိမိအနေဖြင့် သနပ်ခါးကို ငါးဧကစိုက်ပျိုးထားရာ ငွေကျပ်သိန်း ၂၀၀ ခန့်ရင်းထားရကြောင်း၊ နောက်နောင်ခြောက်နှစ်မှ ခုနစ်နှစ်လောက်ကြာလျှင် ကျပ်သိန်း ၂၀၀၀ ခန့်ပြန်ဝင်လာနိုင်ကြောင်း၊ ယာခင်းစိုက်သောသနပ်ခါးပင်များ အကြားတွင် ပဲစင်းငုံ၊ နှမ်း၊ ပဲတီစိမ်း စသည့်သီးနှံများကို သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးထားကြောင်း၊ အပင်နုစဉ် ပိုးမကျစေရန် ပိုးသတ်ဆေးဖြန်း၍ ပေါင်းသင်မြေဆွပေးရကြောင်း၊ သနပ်ခါးပင်စတင်မြေချစိုက်ပျိုးရာမှ အပင်ဖြစ်ထွန်းရန်အချိန်ကြာပေမယ့် သုံးနှစ်မှ ခုနစ်နှစ်သားအရွယ်တွင် ခုတ်ရောင်းနိုင်ကြောင်း၊ ပင်မအပင်ခုတ်ရောင်းပြီး အမြစ်မှသားတက်ထွက်လာသော သနပ်ခါးပင်သည် မူလပင်မအပင်ထက်ပို၍ သန်မာဖြစ်ထွန်းကြောင်း ပြောပြသည်။

သနပ်ခါးပင်သည် မြေကောင်းလျှင် အပင်ဖြစ်နှုန်းသန်၍ အပွေးမတက်ကြောင်း၊ အပူပိုင်းမိုးနည်းဒေသ ကျောက်ကုန်းမြေနီမျိုးတွင် စိုက်ပျိုးသောအပင်သည် အပင်ဖြစ်နှုန်း နှေးကွေးသော်လည်း အပွေးတက်ကာရောင်းပန်းလှကြောင်း သိရသည်။ ရေစကြိုမြို့နယ်နှင့်မြိုင်မြို့နယ်၊ ရှင်မတောင်အနီးတစ်ဝိုက်ကျေးရွာများသည် သနပ်ခါးမျိုးစေ့ရောင်းဝယ်ခြင်း၊ ပျိုးပင်ပေါက်ရောင်းဝယ်ခြင်းနှင့် သနပ်ခါးခြံစိုက်ခြင်းလုပ်ငန်းများကို အဓိကထား၍လုပ်ကိုင်လာကြသည်။ ယခုအခါ သနပ်ခါးကို မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းဒေသကြီးတို့တွင် တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရပါသည်။ ရေစကြိုမြို့နယ်ရှိ ရှင်မတောင်သနပ်ခါးသည် အခြားဒေသမှထွက်သော သနပ်ခါးများထက် အပွေးကောင်းခြင်း၊ အရောင်အဆင်းကောင်းခြင်း၊ မာကျောခြင်း၊ အသွေးခံခြင်း၊ ရနံ့သင်းပျံ့မွှေးကြိုင်ခြင်းတို့ကြောင့် လူကြိုက်များကြောင်း သိရသည်။

သနပ်ခါးပင်၏ တန်ဖိုးသည် သူ၏အခေါက်နှင့်အပွေးတို့ဖြစ်သည်။ ဈေးကွက်၌ ခုနစ်နှစ်သားသက်တမ်းရှိ သနပ်ခါးတစ်ပင်ကို ကျပ် ငါးသောင်းမှ သိန်းဂဏန်းအထိရှိကြောင်း၊ လူကြီးလက်ကောက်ဝတ်လုံးပတ် အရှည်တစ်ထွာပြတ်တစ်တုံးကျပ် ၃၀၀၀ မှ ၈၀၀၀ နှုန်းရောင်းရကြောင်း၊ အပွေးသနပ်ခါးအနေဖြင့် ရှားပွေး၊ မာလကာပွေး၊ အဝါပွေး၊ အဖြူပွေးတို့မှာ လူကြိုက်များ၍ အရောင်းသွက်ကြောင်း ရေစကြိုမြို့သနပ်ခါးကုန်သည်တစ်ဦးထံမှ သိရှိရပါသည်။

➲ စာမျက်နှာ ၂၄ သို့

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 16, No.25 Monday July 11 2016

## (၇) နေ့ သားသမီးများအတွက်


## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၁-၇-၂၀၁၆ မှ ၁၇-၇-၂၀၁၆ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းအဆက်အသွယ်ကောင်းများရရှိမည်။ အလုပ်ကိုမိမိကိုယ်တိုင်ဦးဆောင်သော်လည်း အခက်အခဲအနည်းငယ်တွေ့ပြီးမှ အောင်မြင်မှုရရှိနိုင်သည်။ စီးပွားရေးတွင် အတိုက်အခံများသော်လည်း အဆင်ပြေမည်။ အသက်မွေးဝမ်းကျောင်းပညာများ အကျိုးပြုမည်။ နိုင်ငံရပ်ခြားသို့မကြာခဏသွားရတတ်သည်။ အခက်အခဲကြားမှ မင်္ဂလာကိစ္စများ အောင်မြင်မှုရရှိလာလိမ့်မည်။ ကျန်းမာရေးတွင် မျက်စိသတိပြုသင့်သည် ရေချိုးမမှားရန် သတိထားပါ။ **ယတြာ။ ။အုန်းဆွမ်းကပ်ပါ။**



**တနင်္လာသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံမှုမှ အမြတ်အစွန်းရရှိမည်။ အထက်လူကြီးများ၏ ယုံကြည်မှုရရှိတတ်သည်။ ဝင်ငွေထက်ထွက်ငွေများနေတတ်သည်ကို သတိပြုပါ။ ပညာရေး အထူးအောင်မြင်မည်၊ ဘွဲ့လွန်သင်တန်းများအကျိုးပြုမည်၊ ဘာသာရပ်လုပ်ငန်းများပါဝင်ဆောင်ရွက်ရလိမ့်မည်၊ အချစ်ရေးတွင် မိမိကအလိုလိုက်နေရမည်။ မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်ဆုံတွေ့ရတတ်သည်။ ကျန်းမာရေး ဂရုစိုက်သင့်သောကာလ ဖြစ်နေတတ်ပါသည်။ **ယတြာ။ ။မြေပဲယိုလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေအစုလိုက်ဝင်တတ်သည်။ စီးပွားရေးလုပ်ငန်းအကျိုးအမြတ်ရရှိနိုင်သည်။ စပ်တူလုပ်ငန်း သတိထားသင့်သည်။ အဆင်မပြေမှုများ ရှိတတ်ပါသည်။ ပညာရေး အားကောင်းတတ်သော်လည်း ဝီရိယလိုအပ်မှု သတိထားပါ။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေမှုအားနည်းလိမ့်မည်။ ကျန်းမာရေးတွင် သွေးတိုး ဝေဒနာခံစားရမှုရှိနေတတ်သည်။ **ယတြာ။ ။ကြာဆံကျော်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** နိုင်ငံခြားခရီးအားကောင်းနေသည်။ မိမိလုပ်ငန်းကိစ္စများတွင် သတိထားဆောင်ရွက်သင့်သည်။ ငွေကြေးကိစ္စဂရုစိုက်ပါ။ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာမည်။ ကျန်းမာရေးတွင် ခြေထောက်အောက်ပိုင်းနှင့် ခါးအောက်ပိုင်းသတိပြုပါ။ အကြောဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ဆေးပရုပ်ဆီလှူဒါန်း ပေးပါ။**



**ကြာသပတေးသားသမီးများအတွက်** ဆက်သွယ်ရေးလုပ်ငန်းအကျိုးပြုသည်။ လုပ်ငန်းတွင် ပြိုင်ဆိုင်မှု များတတ်သည်။ ရာထူးတိုးမြှင့်ခန့်ထားခြင်း ခံရမည်။ ပညာရေးတွင် အခက်အခဲတွေ့တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိစိတ်တိုင်းကျ မရရှိနိုင်သေးပါ။ နှစ်ခါပြန်ကြိုးစားရတတ်သော သဘောရှိနေလိမ့်မည်။ ကျန်းမာရေးတွင်လေရောဂါ သတိထားပါ။ ဘာသာရေးဆိုင်ရာ ပရိတ်ပဌာန်းများ ရွတ်ဖတ်ပါက သက်သာနိုင်ပါသည်။

**ယတြာ။ ။ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ ရိုသေကန်တော့ပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းနှင့် ပတ်သက်ပြီး တိုးတက်မှုရှိသကဲ့သို့ အခက်အခဲတွေ့ပြီးမှ အောင်မြင်မှုရရှိမည်။ ဆရာသမားများ၏ အကူအညီ ရရှိတတ်သည်။ ဆေးပစ္စည်းရောင်းဝယ်ခြင်း အကျိုးခံစားရမည်။ ပညာရေးကောင်းမွန်တတ်သော်လည်း ဝီရိယလွန်ကဲမှုဂရုပြုပါ၊ အိမ်ထောင်ဘက်ကောင်း ရရှိတတ်သည်။ ကျန်းမာရေးတွင် မျက်စိနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။စကြာပန်းသက်စေ့ ဘုရားကပ် လှူလိုရာဆုတောင်းပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်း တိုးချဲ့နိုင်သော်လည်း ကိုယ်တိုင်ကြိုးစားအားထုတ် နိုင်မှသာ အဆင်ပြေလိမ့်မည်။ အနုပညာ၊ စာပေ၊ ကွန်ပျူတာလုပ်ငန်းများ အထူးအကျိုးပေးမည်။ ပညာရေးတွင် အခက်အခဲတွေ့တတ်သည်။ အချစ်ရေးကံမကောင်းသေးပါ။ အိမ်ထောင်ရေးတွင် စိတ်တိုင်းကျမှုမရှိဖြစ်နေမည်။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းကိုက်နှင့်မျက်စိဝေဒနာများကို သတိပြုပါ။

**ယတြာ။ ။နွားနို့ဆွမ်းကပ်လှူပါ။**

# လှည်းကူးပညာရေးကောလိပ်နှင့် လှိုင်မြို့နယ်မေတ္တာဝါဒီပရဟိတစာသင်တိုက်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲများ ကျင်းပ



စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်နှင့် တာဝန်ရှိသူများသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်းကာ ဇွန် ၂၉ ရက်တွင် လှည်းကူးမြို့နယ် ပညာရေးကောလိပ်တွင် တက်ရောက် ပညာသင်ကြားနေသော မူလတန်းနှင့်အထက်တန်းပြ ဆရာ/ဆရာမ သင်တန်းသား/ သင်တန်းသူများနှင့် ပညာရေးကောလိပ်အတွင်းရှိ တန်းပြဆင်း အလယ်တန်းကျောင်းမှ ကျောင်းသားများအားလည်းကောင်း၊ ဇူလိုင်၆ ရက်တွင် လှိုင်မြို့နယ် မေတ္တာဝါဒီဟာသိတ (ပရဟိတ) ကျောင်းရှိ သံဃာတော်များ၊ရှင်သာမဏေများနှင့် ကျောင်းသားများအားလည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အကြောင်း အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့်ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်တို့က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ အကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူများကလည်း ကျန်းမာရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရန် အချက်များ၊ အစားအသောက်များ စားသုံးရာတွင် ဆိုးဆေးကင်းစင်ပြီး ဘေးအန္တရာယ်ကင်းတဲ့ အစားအသောက်များ ရွေးချယ်စားသုံးရန်၊ သက်တမ်းလွန်နေသော အစားအသောက်များ မစားသောက်ရန်တို့ကို ဟောပြောခဲ့ကြပါသည်။

လှည်းကူး ပညာရေးကောလိပ်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးဟောပြောပွဲသို့ သင်တန်းသားကျောင်းသားကျောင်းသူ ဆရာဆရာမ စုစုပေါင်း ၅၇၀ တက်ရောက်ခဲ့ကြပြီး မေတ္တာဝါဒီပရဟိတစာသင်တိုက်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးဟောပြောပွဲသို့ ရှင်သာမဏေအပါး ၁၂၀ နှင့် ကျောင်းတိုက်နေ ကျောင်းသား ၂၇၀ ဦး၊ စုစုပေါင်း ၃၉၀ တက်ရောက်ခဲ့ကြကြောင်း သိရသ ည်။

ဆွေးနွေးဟောပြောပွဲ အသီးသီးသို့ တက်ရောက်လာကြသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၏ ပထမပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ တွံတေးခရိုင်အတွင်း(၅) နေရာ၊ သန်လျင်ခရိုင် အတွင်း(၄)နေရာ၊ လှည်းကူးခရိုင်အတွင်း (၅) နေရာ၊ အင်းစိန်ခရိုင်အတွင်း (၄) နေရာတို့တွင် စားသုံး သူအကာအကွယ်ပေးရေး အသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးအသိပညာပေးမှုများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

## ➲ စာမျက်နှာ ၂၃ - သနပ်ခါးအကြောင်း. . . မှ အဆက်

ရေစကြို၊ ပခုက္ကူနှင့် မြိုင်မြို့များတွင် သနပ်ခါးကြိတ်စက်များစွာရှိရာ သနပ်ခါးမြစ်များကြိတ်ပြီး အခဲ (သနပ်ခါးခဲ) ပြုလုပ်၍လည်းကောင်း၊ အမွှေးတိုင်ပြုလုပ်ရန်အတွက် သနပ်ခါးနှင့် တွဲဖက်၍ မန်ကျည်းသား၊ သီးသားတို့နှင့် ရောစပ်ကြိတ်ပြီး အနှစ်ဖက်(အစာဖတ်) ပြုလုပ်၍လည်းကောင်း တွင်ကျယ်စွာ လုပ်ကိုင်နေကြသည်။ သနပ်ခါးမြစ်ခဲတစ်ခဲလျှင် ကျပ် ၂၀၀ ဖြင့်လည်းကောင်း၊ အမွှေးတိုင် လိပ်ရန်အနှစ်ဖတ်(အစာဖတ်) ပိဿာ ၃၀ ဝင်တစ်အိတ်လျှင် ကျပ် ၄၂၀၀ နှုန်းဖြင့် ရောင်းရပါကြောင်း ရေစကြိုမြို့သနပ်ခါးကြိတ်စက်ပိုင်ရှင်တစ်ဦးထံမှ သိရှိရပါသည်။

မြန်မာနိုင်ငံ၏ သနပ်ခါးအမျိုးအစားထဲတွင် ရှင်မတောင်သနပ်ခါးနှင့် ရွှေဘိုသနပ်ခါးသည် နာမည်ကျော်ပြီး လူကြိုက်များလှသည်။ မြန်မာမှန်လျှင် သနပ်ခါးကြိုက်ပြီး နှစ်သက်စွာလိမ်းခြယ်ကြသည်။ ရှေးမြန်မာ ဘိုးဘွားများလက်ထက်မှစပြီး ယနေ့အထိ ကလေးငယ်များကို သနပ်ခါးလိမ်းပေးတိုင်း သနပ်ခါးကျွေးခြင်းဓလေ့ ရှိခဲ့ပါသည်။ သနပ်ခါးလိမ်းခြင်း၊ သနပ်ခါးစားခြင်းဓလေ့ကို ငယ်စဉ်ကလေးဘဝကတည်းကရရှိခဲ့သော မြန်မာတို့မှာ သနပ်ခါးဖြင့် ကင်းကွာ၍ မနေနိုင်ကြောင်း၊ သနပ်ခါးကျွေးခြင်းသည် ညှော်ဒဏ်ခံနိုင်ကြောင်း၊ ဝမ်းအေးကြောင်း၊ ဝမ်းတွင်းမှအပူကို ငြိမ်းစေကြောင်း၊ ပြည်ပမှနာမည်ကြီး မိတ်ကပ်၊ ပေါင်ဒါ၊ အသားလှအရည်များ မည်မျှ ပြောင်းလဲလိမ်းသော်လည်း အထက်အညာအပူပိုင်းဒေသမှ အမျိုးသမီးကြီးငယ်မရွေး သနပ်ခါးကို နှစ်သက်မြတ်နိုးစွာ လိမ်းကြဆဲပင်ဖြစ်ပါသည်။ သနပ်ခါးလိမ်းခြင်းသည် ပူပြင်းသည့်ရာသီဥတု၌ အေးမြသော ခံစားမှုဖြစ်စေပြီး အေးမြသော ရာသီတွင် လိမ်းပါက နွေးထွေးမှုကိုရရှိကာ အသားအရေအေး၍ သင်းပျံ့မွှေးကြိုင်ကာ ပတ်ဝန်းကျင်ကိုပါ မွှေးကြိုင်၍ စိတ်ကြည်လင်လန်းဆန်းစေပါသည်။

အလှကုန်ဈေးကွက်ထဲတွင် သဘာဝသနပ်ခါးတုံးများရှိသကဲ့သို့ အသင့်အသုံးပြုနိုင်ရန် သနပ်ခါးကိုအခဲပြုလုပ်၍လည်းကောင်း၊ အရည်အနှစ် စသည်ဖြင့် တာရှည်ခံအောင်ပြုလုပ်၍လည်းကောင်း ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ ဈေးကွက်အတွင်း ပြည်တွင်းဖြစ် သနပ်ခါးဖြစ်သော ဒေါ်သီသနပ်ခါး၊ ရွှေဘိုမင်းသမီး၊ နတ်မိမယ်၊ ရွှေပြည်နန်း စသည်ဖြင့် အမှတ်တံဆိပ်ပေါင်း ၂၀ ခန့်ရှိပြီး ဈေးနှုန်းမှာ တစ်ဘူးလျှင်ကျပ် ၅၀၀ မှ ၁၀၀၀ အထိရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် မြန်မာသနပ်ခါးကို မြန်မာနိုင်ငံမှ အလှကုန်ထုတ်လုပ်သူများအနေဖြင့် ကမ္ဘာ့အဆင့်အတန်းမီ ကုန်ချောပစ္စည်း Value Added ထုတ်လုပ်၍ အာဆီယံမှတစ်ဆင့် ကမ္ဘာ့အလှကုန်ပစ္စည်းဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် အမှတ်တံဆိပ်အရည်အသွေးနှင့် ထုပ်ပိုးမှုစနစ်များကောင်းသထက်ကောင်း အောင်ကြိုးစားကြခြင်းဖြင့် ပို့ကုန်မြှင့်တင်ကြရန် တိုက်တွန်းလိုက်ရပါသည်။



## မြို့ကြီးများ၏ ၁၁-၇-၂၀၁၆ မှ ၁၅-၇-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၁-၇-၂၀၁၆) | အင်္ဂါ(၁၂-၇-၂၀၁၆) | ဗုဒ္ဓဟူး(၁၃-၇-၂၀၁၆) | ကြာသပတေး(၁၄-၇-၂၀၁၆) | သောကြာ(၁၅-၇-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မန္တလေးမြို့ | နေသာ ၃၁°C/၉၅°F | နေသာ ၃၆°C/၉၆°F | တိမ်အသင့်အတင့် ၃၇°C/၉၇°F | တိမ်အသင့်အတင့် ၃၇°C/၉၇°F | နေသာ ၃၆°C/၉၆°F |
| မြစ်ကြီးနား | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၂°F |
| လားရှိုး | ၄၀% ၂၉°C/၈၄°F | ၅၀% ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၂°F | ၅၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၄၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၇°F | ၄၀% ၃၀°C/၈၆°F | ၄၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F |
| လွိုင်ကော် | ၆၀% ၂၆°C/၈၀°F | ၇၀% ၂၆°C/၈၀°F | ၅၀% ၂၇°C/၈၁°F | ၆၀% ၂၆°C/၇၉°F | ၅၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၅၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၄°F | ၆၀% ၂၄°C/၇၅°F | ၅၀% ၂၃°C/၇၄°F | ၅၀% ၂၃°C/၇၄°F |
| မော်လမြိုင် | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ဘားအံ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| တောင်ငူ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မုံရွာ | နေသာ ၃၄°C/၉၃°F | ၃၀% ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | တိမ်ထူထပ် ၃၆°C/၉၆°F | တိမ်ထူထပ် ၃၅°C/၉၅°F |
| ပုသိမ် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| မြိတ် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F |
| စစ်တွေ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| မကွေး | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F |
| ဖလမ်း | ၈၀% ၂၂°C/၇၂°F | ၇၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F | ၆၀% ၂၃°C/၇၄°F |



## အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း နီပါတက် တရုတ်(တိုင်ပေ) အရှေ့ပိုင်းကမ်းခြေဒေသသို့ ဝင်ရောက်တိုက်ခတ်

အင်အားပြင်းတိုင်ဖွန်မုန်တိုင်း နီပါတက်သည် တရုတ်(တိုင်ပေ)နိုင်ငံ၏ အရှေ့ပိုင်းကမ်းခြေဒေသသို့ ဇူလိုင် ၈ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြထားသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်းနီပါတက်သည် တစ်နာရီလျှင် ၁၆၅ မိုင်နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်(တိုင်ပေ)အရှေ့ပိုင်းရှိမြို့တော်ဖြစ်သည့် Taitung မြို့တွင် အိမ်အမိုးများ ပျက်စီးခြင်း၊ ကားများ ပျက်စီးခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ လဲပြိုကျခြင်း၊ နေရာအနှံ့ မိုးများသည်းထန်စွာရွာသွန်းခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး ၆၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများက ဖော်ပြထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်(တိုင်ပေ) အရှေ့ပိုင်းဒေသများရှိ ပြည်သူ ၂၇၀၀၀၀ ကျော်မှာ လျှပ်စစ်မီး ပြတ်တောက်သည့်ဒုက္ခကို ခံစားခဲ့ရကြောင်း စီအန်န်အန်န်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

မုန်တိုင်းမတိုက်မီ တစ်ရက်အလို ကတည်းက လေကြောင်းလိုင်းများ ပြေးဆွဲမှုကို ရပ်ဆိုင်းထားခဲ့ပြီး အဓိက လေဆိပ်နှစ်ခုကို ပိတ်ထားခဲ့ကြောင်း၊ ပြည်တွင်းရှိ ကမ္ဘာလှည့်ခရီးသည်များနှင့် မုန်တိုင်းသွားရာလမ်းကြောင်း တစ်လျှောက်ရှိ ပြည်သူများအား မုန်တိုင်းလွတ်ရာသို့ ရွှေ့ပြောင်းပေးထားခဲ့ကြောင်း တရုတ်(တိုင်ပေ) သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့က ပြောကြားခဲ့သည်။

နီပါတက်တိုင်ဖွန်းမုန်တိုင်းသည် ၂၀၁၆ ခုနှစ်အတွင်း ပထမဦးဆုံးတိုက်ခတ်သည့် အင်အားပြင်းမုန်တိုင်းတစ်ခုဖြစ်ခဲ့ပြီး ခြောက်နှစ်အတွင်း တိုက်ခတ်ခဲ့သည့် မုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံးသော မုန်တိုင်းတစ်ခုဖြစ်ကြောင်း တရုတ်(တိုင်ပေ)မိုးလေဝသဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအင်အားပြင်မုန်တိုင်း နီပါတက်သည် တရုတ်(တိုင်ပေ)ကို ဝင်ရောက်တိုက်ခတ်ပြီးနောက် တရုတ်နိုင်ငံအရှေ့ပိုင်း ဖူ့ယန်ပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း၊ ဖူ့ယန်ပြည်နယ်တွင် မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။ **မယ်သီတာ**

## ယန်စီမြစ်ရေမြင့်တက်မှုကြောင့်ရေလွှမ်းမိုးမှုများအား ထိန်းချုပ်နိုင်ရန် တရုတ်တပ်မတော်အင်အားများ ထပ်မံဖြည့်တင်း

တရုတ်နိုင်ငံတွင် ယန်စီမြစ်ရေ မြင့်တက်မှုကြောင့် ရေလွှမ်းမိုးမှုများအား ထိန်းချုပ်နိုင်ရန် တရုတ်ပြည်သူ့တပ်မတော်မှ စစ်သည်အင်အားများ ထပ်မံဖြည့်တင်းပေးရန် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ပင်ကညွှန်ကြားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယန်စီမြစ်ရေမြင့်တက်မှုကြောင့် ယန်စီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့များ၊ ကျေးရွာများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ လူပေါင်း ၁၂၈ ဦးသေဆုံးပြီး ၄၂ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ချောင်းများတွင် မြစ်ရေများ လျှံတက်ကာ ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေမှုများကြောင့် နေအိမ်ပေါင်း ၄၁၀၀၀ ကျော် လဲပြိုပျက်စီးခဲ့ပြီး လူပေါင်း ၁ ဒသမ ၃၄ သန်းမှာ ရေဘေးဒုက္ခနှင့် တွေ့ကြုံနေရသည်။

ထို့ပြင် လူပေါင်း ခြောက်သိန်းခန့်မှာ အရေးပေါ် လူမှုကူညီကယ်ဆယ်ရေးလုပ်ငန်းများ လိုအပ်လျက်ရှိနေပြီး ၂၃ ဒသမ ၃သန်းမှာ ရေလွှမ်းမိုးမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။

ရေလွှမ်းမိုးမှုသည် ဟူဘေးပြည်နယ်တွင် အဆိုးရွားဆုံးဖြစ်ပြီး စိုက်ပျိုးမြေဧက ဟက်တာပေါင်း ၂၉၅၂၀၀ ဟက်တာ ပျက်စီးဆုံးရှုံးခဲ့ပြီး မြေပြိုကျမှုများနှင့်ရေလွှမ်းမိုးမှုများကြောင့် ဆက်သွယ်ရေးများ၊ လျှပ်စစ်ဓာတ်အားများ ပျက်စီးခဲ့ရသည်။

ရေလွှမ်းမိုးမှုများနှင့် မြေပြိုကျမှုများကြောင့် ပျက်စီးဆုံးရှုံးရသည့် တန်ဖိုးမှာ ယွမ် ၃၈ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံခန့်) ရှိနေပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးကော်မရှင်က ဟူနန်နှင့် ဂေါင်ဇုပြည်နယ်တို့တွင် ရေလွှမ်းမိုးမှုအဆင့်ကို အဆင့်လေးအဖြစ် သတ်မှတ်ထားသည်။

ဟူနန်ပြည်နယ်သို့ အရေးပေါ်ကူညီကယ်ဆယ်ရေးအစီအစဉ်အဖြစ် ယွမ်သန်း ၃၀ တန်ဖိုးရှိသည့် အစားအစာ၊ အဝတ်အထည်၊ ရွက်ဖျင်တဲနှင့် ဂွမ်းကပ်တို့ကို ပို့ဆောင်ပေးခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

# မောင်တောကုန်သွယ်ရေးစခန်းမှ ဇွန် ကုန်သွယ်မှု ဆောင်ရွက်ချက်

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှာ ၂၀၁၆ ခုနှစ် ဇွန်တွင် ပို့ကုန်ဒေါ်လာ သုည ဒသမ ၅၅၇ သန်း၊ သွင်းကုန် ဒေါ်လာ သုညဒသမ ၀၀၆ သန်း၊ ကုန်သွယ်မှု ပမာဏ ဒေါ်လာ သုညဒသမ ၅၆၃ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဇွန်အတွက် ကုန်သွယ်မှု လျာထားချက် စုစုပေါင်း ဒေါ်လာ သုညဒသမ ၇၀၀ သန်းဖြစ်၍လျာထားချက်အပေါ် ၈၀ ဒသမ ၄၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါတယ်။

ပို့ကုန်ပစ္စည်းအနေဖြင့် ရေထွက်ကုန်တွေဖြစ်တဲ့ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ငါးကုန်းညှိခြောက်၊ ရေငန်ပုစွန်၊ ငါးသလောက်၊ ငါးမြစ်ချင်း၊ သစ်တောထွက်ကုန် ဝါး ၊ ကြိမ်၊ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ်၊ ထွန်းရွှေဝါ ၊ သနပ်ခါးခဲတို့ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် လူသုံးကုန်ပစ္စည်း ရေတံုကင်၊ ပလတ်စတစ်ပုံး၊ဒန်ရေတကောင်း၊လူကြီး/ ကလေး စီးဖိနပ်၊ တီရှပ်၊ စွပ်ကျယ်ပိတ်စတို့ တင်သွင်းနိုင်ခဲ့ကြောင်း သိရပါတယ်။

တင်ပို့မှုအခြေအနေကို ယခင်လ အနီးစပ်ဆုံး ကာလနဲ့နှိုင်းယှဉ်ပါက ယခုလတွင် ပို့ကုန်ဒေါ်လာ သုညဒသမ ၀၃၁ သန်း၊ သွင်းကုန် ဒေါ်လာ သုညဒသမ ၀၀၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခင် ဘဏ္ဍာနှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း ပို့ကုန် ဒေါ်လာ သုည ဒသမ ၁၆၅ သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၀၀၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရကြောင်း၊ ယခင်နှစ်ကာလတူနဲ့ရော အနီးစပ်ဆုံး မေလတို့ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း လျာထားချက်ပြည့်မီအောင် မဆောင်ရွက်နိုင်ခဲ့ပါ။ အဓိကပို့ကုန် ရေထွက်ပစ္စည်းတွေဖြစ်တဲ့ ငါးသလောက်၊ ရေငန်ပုစွန်တို့ ပိုမိုတင်ပို့နိုင်ပေမယ့် လယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့နိုင်မှု မရှိခြင်း၊ သစ်တောထွက် ဝါး၊ ကြိမ်တို့ မှာလည်း ရာသီကုန်ဆုံးနေပြီဖြစ်လို့ တင်ပို့မှုလျော့နည်းခဲ့ခြင်း၊ ယခင်လမှာ တင်ပို့နိုင်ခဲ့တဲ့ အမယ်သစ်ပို့ကုန် ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွမှာလည်း ယခုလတွင် ငါးမြစ်ချင်း တစ်ခု တည်းသာ အနည်းငယ်တင်ပို့ခဲ့တာကြောင့် လျာထားချက်ပြည့်မီအောင် မဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လာမယ့်လများမှာ လျာထားချက်ပြည့်မီကျော်လွန်အောင် OSS ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ ဦးစီးအရာရှိ ဦးသာထွန်းစိန်မှ ကုန်သွယ်မှုမြင့်တင်ရေး အစည်းအဝေးတွင် ပြောကြားခဲ့ပါတယ်။

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး အခက်အခဲများရှိပါက အချိန်မရွေး လာရောက် ဆွေးနွေးနိုင်ပါကြောင်း၊ မိမိတို့ဖြေရှင်းနိုင်သည်များကို ချက်ချင်းဖြေရှင်းပေးမည်ဖြစ်ပြီး မဖြေရှင်းနိုင်ပါက အထက်ဌာနအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်းပြောကြားခဲ့ပါတယ်။

**မော်မော်အောင်**

# မြဝတီကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ် ကာလတူထက်ပါ ကုန်သွယ်မှုပိုမို

မြဝတီ ကုန်သွယ်ရေးဇုန်မှ ဇွန်အတွင်း ကုန်သွယ်မှု ပမာဏ အမေရိကန် ဒေါ်လာ ၈၃ ဒသမ ၁၆၄ သန်း ဆောင်ရွက်နိုင်ပြီး အနီးစပ်ဆုံး ကာလဖြစ်တဲ့ မေလထက် အမေရိကန် ဒေါ်လာ ၄ ဒသမ ၁၅၁ သန်းနဲ့ ယမန်နှစ်ကာလတူထက် အမေရိကန် ဒေါ်လာ ၃၆ ဒသမ ၀၇၂ သန်း ပိုမိုဆောင်ရွက်ခဲ့ပါတယ်။ အနီးစပ်ဆုံး ကာလထက် ကုန်သွယ်မှု ပိုမိုရခြင်းမှာ မြဝတီကုန်သွယ်ရေးဇုန်ရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ လယ်ယာထွက်ကုန်ပစ္စည်း လျော့နည်းတင်ပို့ခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများဖြစ်တဲ့ လေယာဉ်နဲ့ လေယာဉ်အပိုပစ္စည်းများ၊ သင်္ဘောနဲ့ သင်္ဘောအပိုပစ္စည်းများ၊ ရုပ်မြင်သံကြားစက်များ၊ အင်ဂျင်များ၊ ဖန်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ပစ္စည်းများ၊ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများ၊ ဝါယာကြိုးများ၊ ဓာတ်ပုံ ကင်မရာနဲ့ ဆက်စပ်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။ ထို့ပြင် မြဝတီကုန်သွယ်ရေးဇုန်တွင် Re -Export ဆောင်ရွက်နိုင်ခြင်း၊ ယာဉ်/ ယန္တရားများ တင်သွင်းခွင့် ပြန်လည်ခွင့်ပြုခဲ့ခြင်းများကြောင့်ကုန်သွယ်မှုပမာဏ အနည်းငယ် တိုးတက်လာတယ်လို့ မြဝတီ ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဇွန်အတွင်း အများဆုံး ပို့ကုန်ပစ္စည်းများကတော့ မြေပဲဆန်၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ မတ်ပဲ၊ ငါးမျိုးစုံ၊ ပဲတီစိမ်း၊ ကဏန်း၊ သီဟိုဠ်စေ့တို့ ဖြစ်ပြီး အများဆုံး သွင်းကုန်ပစ္စည်းများကတော့ သကြား၊ Toyota Hilux Pickup နဲ့ B/N Honda Click 125 cc တို့ဖြစ်ပါတယ်။

**ခင်မိုးသူ**

# ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းရဲ့ ဇွန်ပို့ကုန် ယခင်နှစ်ထက် မြင့်တက်ပြီး သွင်းကုန်ကျဆင်း

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းက ၂၀၁၆ ခုနှစ် ဇွန်လတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၀၉၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၃၂ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၂၂၂ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယမန်နှစ်ကာလတူထက် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၃၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၆ သန်းလျော့နည်း ဆောင်ရွက်ခဲ့ တယ်လို့ သိရပါတယ်။ ယခုနှစ်တွင် ကြက်ဆူစေ့၊ ကြံ၊ ခဲသတ္တု တင်ပို့မှုမရှိခဲ့ပေမယ့် ယမန်နှစ်က တင်ပို့ခြင်း မရှိခဲ့တဲ့ ငရုတ်သီးခြောက်၊ ဆန်၊ မကျည်းသီးနဲ့ ပြောင်းတို့ တင်ပို့နိုင်ခဲ့သလို ပဲတီစိမ်း၊ မြေပဲဆန် တင်ပို့မှုများ သိသိသာသာ တိုး တက်ခဲ့တဲ့အတွက် ပို့ကုန်တန်ဖိုး ပိုမို လာရခြင်း ဖြစ်ပါတယ်။ သွင်းကုန်ပိုင်း မှာတော့ ဓာတ်မြေဩဇာ တင်သွင်းမှု များစွာ တိုးတက်လာသော်လည်း နန်းခွေ တင်သွင်းဈေးနှုန်းတွေ လျော့ကျမှုကြောင့် တင်သွင်းပမာဏ ပိုပေမယ့် တင်သွင်း တန်ဖိုး ကျဆင်းခဲ့ရတာ ဖြစ်ပါတယ်။

အနီးစပ်ဆုံးကာလ ၂၀၁၆ မေ နဲ့နှိုင်းယှဉ်ရာမှာတော့ ပို့ကုန်ရော သွင်းကုန်ပါ လျော့နည်းခဲ့တဲ့အတွက် ကုန်သွယ် မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၄ သန်း လျော့နည်း ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

ယခုလတွင် ကြံတင်ပို့မှု မရှိတော့ခြင်း၊ ဆန်နဲ့ ပြောင်းတင်ပို့မှု များစွာ လျော့ကျခြင်း၊ မြေပဲဆန်၊ နှမ်း ဈေးကွက်တွင်လည်း ပစ္စည်းလက်ကျန် နည်းပါးပြီး တင်ပို့မှုလည်း လျော့ကျသော်လည်း ပဲတီစိမ်းတင်ပို့မှုမှာ များစွာပိုမိုခဲ့သဖြင့် ပို့ကုန်တန်ဖိုးသိသာစွာ ကျဆင်းခြင်း မရှိကြောင်း သိရပါတယ်။ သွင်းကုန်ပိုင်း ဓါတ်မြေဩဇာ တင်သွင်းမှုတွင် မန္တလေး ရှိဂိုဒေါင်များ၌ လက်ကျန်များနေသဖြင့် တင်သွင်းရန် အခက်အခဲဖြစ်နေကြောင်း သိရပါတယ်။

အဆိုပါ ကုန်သွယ်ရေးစခန်းရဲ ဇွန်လအတွင်း တင်ပို့ခဲ့တဲ့ ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန် ပဲအမျိုးမျိုး၊ ငရုတ်သီးခြောက်၊ ငစိန်ဆန် ၂၅ မှတ်၊ နာနတ်သီး၊ ရော်ဘာ၊ နှမ်းရောင်စုံနဲ့ ပြောင်းဖူးစေ့၊ ရေထွက်ကုန်ပစ္စည်း ငါးရှဉ့်(အရှင်)နဲ့ သစ်တောထွက် ပစ္စည်း ကြိမ်တို့ဖြစ်ပါတယ်။ သွင်းကုန်များမှာ ဓါတ်မြေဩဇာ၊ ဘိလပ်မြေ၊ လူသုံး/ အိမ်သုံးပစ္စည်း အမျိုးမျိုး၊ သကြား၊ အချိုမှုန့်တို့ ဖြစ်ပါတယ်။

**မော်မော်အောင်**

# မြဝတီနဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ရေထွက်ပိုမိုတင်ပို့

မြန်မာ- ထိုင်း နယ်စပ်ဖြစ်တဲ့ မြဝတီနဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ဇွန် ၂၅ မှ ဇူလိုင် ၁ ရက်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၅၉ သန်းတန်ဖိုးရှိရေထွက်ကုန် တန် ၅၀၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်ကထက် မြဝတီရော ကော့သောင်း ကုန်သွယ်ရေး စခန်းကပါ ရေထွက်ကုန် တန် ၁၀၀ ကျော် ပိုမို တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ငါးမျိုးစုံ တန် ၆၀ ကျော်နဲ့ ကဏန်း တန် ၂၀ ကျော်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ငါးမျိုးစုံ တန်၄၀၀ ကျော်၊ ကင်းမွန် ၁၅ တန်ကျော်၊ ပုစွန်နှစ်တန်ကျော် ကဏန်း တစ်တန်ကျော်နဲ့ အခြားရေထွက်ကုန် ၁၈ တန်ကျော် အသီးသီး တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ် ။

**ခင်မိုးသူ**

# မူဆယ် ကုန်သွယ်ရေးဇုန်မှ ဆီးဆန် ၁၉ တန်ကျော် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၂၅ ရက်မှ ဇူလိုင်၁ ရက်အတွင်း အမေရိကန်ဒေါ်လာသုညဒသမ ၁၀၈ သန်း တန်ဖိုးရှိ ဆီးဆန် ၂၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ဆီးဆန် ၆ တန်ကျော်သာ တင်ပို့ခဲ့တာကြောင့် ယခုသီတင်းပတ်မှာ ၁၉ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ ဆီးဆန် တင်ပို့မှုမရှိသော်လည်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၂ သန်း တန်ဖိုးရှိ ဆီးဖတ် ၂၁ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၂ သန်း တန်ဖိုးရှိ ဆီးယိုထုပ် ၅ တန် နဲ့ အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၃ သန်း တန်ဖိုးရှိ မန်ကျည်းစေ့ ၄၉ တန်ကို တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေး စခန်း များမှ သိရပါတယ်။

**ခင်မိုးသူ**

# တမူးနဲ့ ရိဒ် ကုန်သွယ်ရေးစခန်းများမှ တစ်ဖက် အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတန် ၇၀၀ ကျော် တင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်တဲ့ တမူးနဲ့ ရိဒ် ကုန်သွယ်ရေးစခန်းများမှ အိန္ဒိယနိုင်ငံသို့ ဇွန် ၂၅ မှ ဇူလိုင် ၁ ရက်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃၆ သန်း တန်ဖိုးရှိ ကွမ်းသီး တန် ၈၀၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ အဓိက ပို့ကုန်ဖြစ်တဲ့ ကွမ်းသီးကို တမူးကုန်သွယ်ရေးစခန်းမှ တန် ၆၂၀ နဲ့ ရိဒ် ကုန်သွယ်ရေးစခန်းမှ တန် ၂၀၀ ကျော် အသီးသီးတင်ပို့ခဲ့ပါတယ်။ တမူးနယ် စပ်မှ ကွမ်းသီးအပြင် အုန်းသီး ၄၈ တန်၊ ပန်းသီးတန် ၂၀၊ သရက်သီး ၂ တန် ၊ စီးကရက် ၁၂ တန်နဲ့ နမ့်ဖာလုံ အမယ်စုံတို့ကို တင်ပို့နိုင်ခဲ့ပြီး ရိဒ် ကုန် သွယ်ရေးစခန်းမှ စီးကရက် ၆ တန် ကျော်၊ စောင် ၆ တန်ကျော်နဲ့ မဝတ် တီရှပ် တန်၃၀ ကျော်ကို တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

**ခင်မိုးသူ**

# တရုတ်နဲ့ အိန္ဒိယ နယ်စပ်မှ မြန်မာ့သစ်သီးဝလံများ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန်လ အတွင်း အမေရိကန်ဒေါ်လာ ၂၈၈၈၆၄၀ တန်ဖိုးရှိ သရက်သီး၊ ၈၄၉၆ တန်၊ အမေရိကန်ဒေါ်လာ ၂၀၉၈၀၉ တန်ဖိုးရှိ နာနတ်သီး ၂၂၄၃ တန်ခွဲ၊ အမေရိကန်ဒေါ်လာ ၄၄၂၇၅ တန်ဖိုးရှိ အုန်း သီး ၈၈ တန် တင်ပို့ခဲ့သလို မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၀၈၆ တန်ဖိုးရှိ အုန်းသီး ၄၈ တန်၊ အမေရိကန်ဒေါ်လာ ၅၀၅၃ တန်ဖိုးရှိ ပန်းသီး တန် ၂၀ နဲ့ အမေရိကန်ဒေါ်လာ ၁၆၈၄ တန်ဖိုးရှိ သရက်သီး ၂ တန်ကို တရုတ်နိုင်ငံ နဲ့ အိန္ဒိယနိုင်ငံသို့ အသီးသီး တင်ပို့ခဲ့ကြပါတယ်။

မူဆယ် ကုန်သွယ်ရေးစခန်းမှာ သစ်သီးဝလံတင်ပို့မှုတွေ ရှိသလို ပန်းသီး၊ ပန်းသစ်တော်နဲ့ လိမ္မော်သီး တန်ချိန် ၄၅၀၀ ကျော်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၁ သန်းဖိုး တင်သွင်းလာခဲ့တယ်လို့ မူဆယ် သစ်သီးဝလံ ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်၊

**မော်မော်အောင်**



## ရက်ကက်ကို လွှင့်ပစ်ခဲ့သည့် ဟီသာဝပ်ဆန် ပေါင် ၉၀၀၀ ဒဏ်ရိုက်ခံရ

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ ပထမအကျော့ ပွဲစဉ်တစ်ပွဲဖြစ်သည့် ဟီသာဝပ်ဆန်နှင့် အန်နီကာဘတ်တို့၏ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ရသည့် ဟီသာဝပ်ဆန်သည် ၎င်း၏ရက်ကက်ကို လွှင့်ပစ်ခဲ့သဖြင့် ပေါင် ၉၀၀၀ ဒဏ်ရိုက်ခံခဲ့ရကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အဆိုပါပွဲတွင် ဟီသာဝပ်ဆန်သည် အန်နီကာဘတ်ကို ၃-၆၊ ၆-၀၊ ၁၂-၁၀ ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ နှစ်ပွဲတစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ရသဖြင့် စိတ်တိုကာ ဒေါသထွက်နေသည့် ဟီသာဝပ်ဆန်သည် ၎င်း၏ရက်ကက်ကို ဒိုင်လူကြီးများ၏ရှေ့ ကစားကွင်းမြက်ခင်းပြင်တွင် လွှင့်ပစ်ခဲ့သဖြင့် ယခုကဲ့သို့ ဒဏ်ရိုက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယင်းကဲ့သို့ ဒဏ်ရိုက်ခဲ့ခြင်းမှာ တရားမျှတမှုမရှိကြောင်း ဟီသာက ပြောကြားခဲ့သည်။ ဟီသာဝပ်ဆန်ကဲ့သို့ ရက်ကက်လွှင့်ပစ်ခဲ့သဖြင့် ဒဏ်တပ်ရိုက်ခံရသည့် တင်းနစ်ကစားသမားများရှိခဲ့ရာ ၎င်းကို တပ်ရိုက်ခဲ့သည့်ပေါင် ၉၀၀၀ မှာ များပြားလွန်းသည်ဟု ဟီသာက ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ဟီသာဝပ်ဆန်ကဲ့သို့ တင်းနစ်ရက်ကက်ကို လွှင့်ပစ်ခဲ့သဖြင့် ပတ်ဘလိုကာ့ဖ်သည် ပေါင် ၇၀၀၀ ဒဏ်ရိုက်ခံခဲ့ရပြီး မာဆယ်ဂရန်နိုလာက ပေါင် ၅၈၀၀ ဒဏ်ရိုက်ခံခဲ့ရသည်။ သို့သော် ဟီသာဝပ်ဆန်ကိုမူ ပေါင် ၉၀၀၀ဒဏ်ရိုက်ခဲ့သဖြင့် ဟီသာဝပ်ဆန်က တရားမျှတမှုမရှိဟု ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီလိုဒဏ်ရိုက်မှုမျိုးကို တရားမျှတတယ်လို့ ကျွန်မ မထင်ပါဘူး။ တကယ်ကို တုန်လှုပ်မိပါတယ်။ စာရွက်တစ်ရွက်ပေါ်က စာလုံးတွေ အပေါ်မှာပဲ ဆုံးဖြတ်နေကြတယ်။ ရက်ကက်တစ်ချောင်း ပစ်ပေါက်လိုက်တာနဲ့ ပေါင် ၉၀၀၀ ဆိုတာကတော့ တော်တော်ကို များသွားပါပြီ။ကစားသမားတစ်ယောက်ရဲ့ အရင်တုန်းက သမိုင်းကြောင်းကို ပြန်မကြည့်ဘဲ ဆုံးဖြတ်နေကြတယ်"ဟု ဟီသာဝပ်ဆန်က ပြောကြားခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ဟီသာဝပ်ဆန်သည် တစ်ဦးချင်းပြိုင်ပွဲ၌ ရှုံးနိမ့်ခဲ့ရသော်လည်း နှစ်ယောက်တွဲပြိုင်ပွဲတွင်မူ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာဘရူဝါရီကုမ္ပဏီ လီမိတက်တို့ နှစ်ဦးသဘောတူ စပွန်ဆာစာချုပ် ချုပ်ဆို




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်က Official Partner အဖြစ် ပံ့ပိုးကူညီဆောင်ရွက်ရန် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပွဲကို ဇူလိုင် ၅ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်မက်စ်တွင် ကျင်းပခဲ့သည်။

"မြန်မာနိုင်ငံအတွက်ရော၊ နိုင်ငံသူနိုင်ငံသားတွေအတွက်ပါ ကျွန်တော်တို့ အမြဲရှိနေပါမယ်။ မြန်မာနိုင်ငံနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွက် ကျွန်တော်တို့တတ်စွမ်းသမျှ ကူညီပေးသွားပါ့မယ်လို့ ကတိပြုပါတယ်။ကျွန်တော်တို့မှာ CSR လုပ်ငန်းတွေ ဆောင်ရွက်တဲ့အဖွဲ့ရှိပါတယ်။ ကရုဏာရှေးရှုမြန်မာမှုလို့အမည်နာမပေးထားတဲ့ Myanmar Careအဖွဲ့ပဲဖြစ်ပါတယ်။ Myanmar Care အဖွဲ့နဲ့ MBL တို့ဟာ ပရဟိတအကျိုးပြုလုပ်ငန်းတွေကို နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာ့ဘောလုံးအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိခဲ့ပါတယ်။ အနာဂတ် မြန်မာ့လက်ရွေးစင်အသင်းအောင်မြင်မှုရရှိဖို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပြီး မြန်မာအသင်းနဲ့အတူ ပိုပြီးတောက်ပတဲ့ အနာဂတ်ကို အတူတကွလက်တွဲ သွားကြမှာပါ" ဟု မြန်မာဘရူဝါရီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာတာကဲရှိမီနာကာတာက ပြောကြားခဲ့သည်။

ယခုသဘောတူစာချုပ်အရ မြန်မာဘရူဝါရီလီမိတက်အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ Official Partner အဖြစ် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ အထိ ငါးနှစ်တာ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းကာလအတွင်း မြန်မာ့ဘောလုံးလောကနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်အသင်းကြီး အောင်မြင်မှုရရှိရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာဘရူဝါရီလီမိတက်သည် ယခင်နှစ်များစွာကပင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ပံ့ပိုးကူညီနေခြင်းဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကြီးကို ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်တို့တွင် Title Sponsor အဖြစ် သုံးနှစ်ဆက်တိုက် ပါဝင်ကူညီခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း စပွန်ဆာအဖြစ် ပါဝင်ကူညီခဲ့သည်။

မြန်မာဘရူဝါရီလီမိတက်သည် လာမည့် ဇူလိုင် ၁၀ ရက်တွင် စတင်ကျင်းပမည့် အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို AFF Myanmar Futsal Club Championship 2016 အမည်ဖြင့် လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင်ကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကိုAFF Myanmar Women's Championship 2016 အမည်ဖြင့်လည်းကောင်း Title Sponsor အဖြစ် ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

## မြန်မာယူ-၁၉အသင်း၏မန်နေဂျာအဖြစ် ဦးစိုင်းခင်မောင်အေးအား ခန့်အပ်

အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းအတွက် အသင်းမန်နေဂျာအဖြစ် ဦးစိုင်းခင်မောင်အေးအား ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်သည်။

ဦးစိုင်းခင်မောင်အေးသည် အသင်း၏နည်းပြ ချုပ်ဖြစ်သူ ဦးမျိုးလှိုင်ဝင်းနှင့်တွဲဖက်၍ မြန်မာ ယူ- ၁၉အသင်း အောင်မြင်မှုရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဦးစိုင်းခင်မောင်အေးသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကြီးစတင်ခဲ့သည့် ၂၀၀၉ခုနှစ်က ရန်ကုန်ယူနိုက်တက်အသင်း အုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီးတက်ကြွသည့် လူငယ်တစ်ဦးဖြစ်ကြောင်း သိရသည်။

## တိုင်ဆန်ဖူရီနှင့် ကလစ်ရှ်ကိုတို့ ယှဉ်ပြိုင်ထိုးသတ်မည့်ရက်ကို ရွှေ့ဆိုင်း

တိုင်ဆန်ဖူရီနှင့် ဝလာဒီမာကလစ်ရှ်ကိုတို့ ပြန်လည်ထိုးသတ်မည့်ရက်ကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ ကမ္ဘာ့ဟဲဗီးဝိတ်သရဖူ ကာကွယ်ပွဲအဖြစ် တိုင်ဆန်ဖူရီနှင့် ကလစ်ရှ်တို့သည် လာမည့် အောက်တိုဘာ ၂၉ ရက်တွင် မန်ချက်စတာဧရိယာနာ၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ၎င်းတို့နှစ်ဦး၏ပွဲစဉ်တွင် ဖူရီကကလစ်ရှ်ကိုကို ၁၂ ချီထိုးသတ်ကာ အနိုင်ယူခဲ့သော်လည်း ကမ္ဘာ့ဟဲဗီးဝိတ်သရဖူကို ဆက်လက်ထိန်းသိမ်းလိုသဖြင့် ယခုကဲ့သို့ ထပ်မံယှဉ်ပြိုင်ထိုးသတ်ကြခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ ထိုးသတ်ပွဲကို မူလက ဇူလိုင် ၉ ရက်တွင်ကျင်းပရန်စီစဉ်ထားသော်လည်း တိုင်ဆန်ဖူရီ၏ လက်ကောက်ဝတ်ဒဏ်ရာကြောင့် ပွဲကို ယခုကဲ့သို့ ထပ်မံရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်ဟု ပွဲစီစဉ်သူ ဂျက်ပေါလ်ဝဲလ်ကပြောကြားခဲ့သည်။

ထို့ပြင် ဖူရီသည် တားမြစ်ဆေးဝါးသုံးစွဲခြင်း ရှိမရှိဆိုသည့်ကိစ္စရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းခံနေရသဖြင့်လည်း ယခုကဲ့သို့ ပွဲကိုရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ကလစ်ရှ်ကိုသည် ဖူရီကို ၂၀၁၅ ခုနှစ်က ရှုံးနိမ့်ခဲ့ရခြင်းမှာ ၁၁ နှစ်အတွင်း ပထမဦးဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ကလစ်ရှ်ကိုသည် ၂၀၀၄ ခုနှစ် ဧပြီ ၁၀ ရက်က အမေရိကန်နိုင်ငံသား လက်ဝှေ့ကျော် လာမွန်ဘရူစတာကို ရှုံးနိမ့်ခဲ့ပြီးသည့်နောက်ပိုင်း ၁၁ နှစ်ကြာမှ တိုင်ဆန်ဖူရီကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ယခုထိုးသတ်မည့်ပွဲသည် WBA(Super), WBO နှင့် IBO ချန်ပီယံသရဖူကာကွယ်ပွဲအတွက် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ကြောင်း သိရသည်။

## အင်တာမီလန်အသင်း၏ ငွေကြေးတောင်းခံမှုပမာဏ များပြားနေ၍ အကျိုးတူပူးပေါင်းရန် အခက်အခဲရှိနေ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အီတလီစီးရီးအေကလပ်အသင်းဖြစ်သည့် အင်တာမီလန်ကလပ်အသင်းနှင့် အကျိုးတူပူးပေါင်းရန် ဇူလိုင် ၄ ရက်က ရန်ကုန်မြို့၌တွေ့ဆုံဆွေးနွေးခဲ့ရာ အင်တာမီလန်အသင်းဘက်မှ ငွေကြေးတောင်းဆိုမှုပမာဏများနေ၍ စာချုပ်ချုပ်ဆိုရန် အခက်အခဲရှိနေကြောင်း မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်က ပြောသည်။

အဆိုပါဆွေးနွေးမှုတွင် လူငယ်စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကယ်ဒမီနှင့် အင်တာမီလန်အကယ်ဒမီအသင်းတို့ ပူးပေါင်းပြီး ကစားသမားများစေလွှတ်မှု၊ နည်းပြများ အကူအညီရရှိမှု၊ ခြေစမ်းပွဲများနှင့် အင်တာမီလန်မှ ပြုလုပ်သော လူငယ်ပြိုင်ပွဲများတွင် မြန်မာအသင်းများ ပါဝင်ခွင့်ရမှု စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ "သူတို့ဘက်က အကျိုးတူပူးပေါင်းတဲ့အပြင် ငွေကြေးတောင်းတာလည်းရှိတယ်။ ဒါက ခန့်မှန်းသားပြီးသားဆိုပေမယ့် သူတို့တောင်းတဲ့ ငွေကြေးပမာဏက မှန်းထားတာထက် ပိုပြီးများနေပါတယ်။ လောလောဆယ်တော့ ဆက်ပြီးညှိနှိုင်းဦးမှာပါ။ ငွေကြေးပမာဏကိုတော့ အင်တာမီလန်က တောင်းဆိုထားလို့ထုတ်ဖော်ပြောကြားလို့ မရပါဘူး"ဟု ဦးစိုးမိုးကျော်က ပြောသည်။

# ဘားအံ၊ မြဝတီ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်မြို့တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့်စစ်ဆေးခြင်းများ ဆောင်ရွက်

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့်ဈေးစစ်ဆေးခြင်း၊ ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းတို့ကို ပုံမှန်ဆောင်ရွက်နေကြောင်း သတင်းရရှိပါတယ်။

ဇွန် ၁၉ ရက်မှာ ကော့ကရိတ်မြို့ အမှတ်(၂)ရပ်ကွက်မှာ လည်းကောင်း၊ ဇွန် ၂၁ရက်တွင်ကျုံဒိုးမြို့နယ်မှာလည်းကောင်း၊ ဇွန် ၂၀ ရက် က မြဝတီမြို့ အထက(၂)နဲ့ အလက ခွဲ(၃)တွင်လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် မြဝတီမြို့ အထက (၁)၊ အလက ခွဲ(၂) တွင်လည်းကောင်း၊ ဇွန် ၂၂ ရက်တွင် မြဝတီ အထက ခွဲ(၁)၊ အလက(၂) တို့တွင် လည်းကောင်း၊ အသိပညာပေး ဟောပြောခြင်းနဲ့ ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။ ဇွန် ၂၁ ရက်က ဘားအံမြို့တွင် "စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၆) သင်တန်း"တွင် ပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်းက သင်တန်းသား၊ သင်တန်းသူများအား ကုန်သွယ်မှုနဲ့ ASEAN,AEC,AFTAနှင့် Consumer Affairs အကြောင်း အသိပညာပေး ဟောပြောပြီး ဇွန် ၂၂ ရက်မှာ ဘားအံမြို့ အမှတ်(၁)စံပြဈေးနှင့် အမှတ်(၂) စံပြဈေး (မဲဘောင်) တို့တွင် လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဌာနတွင် ကုန်စုံဆိုင်ရှင်များ၊ ဆေးဆိုင်ပိုင်ရှင်တို့အား လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် အမက (၁) မူလွန်ကျောင်း၌လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောပို့ချပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည်- ကရင်ပြည်နယ်**

# မုဒုံမြို့တွင် "ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ" ကျင်းပ

မွန်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ " အခမ်းအနားကို မုဒုံမြို့နယ်၊ နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံရှိ ခန်းမ၌ ဇွန်လ ၂၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် မွန်ပြည်နယ်၊ စားသုံးသူ ရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်အားရှင်းလင်းပြီး "ကုန်သွယ်မှုနှင့် ဈေးကွက်အကြောင်း သိကောင်းစရာများ " ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကာ မွန်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်ခင်မော်သက်က "အသေးစားစက်မှုလက်မှုလုပ်ငန်းအကြောင်း သိကောင်း စရာများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်/မြို့နယ် ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်း ရှင်များ၊ ကျောင်းဆရာ/ဆရာမများ၊ ဒေသခံ ရပ်မိရပ်ဖများ၊ အသေးစားအလတ်စား လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်)**

# ချမ်းမြသာစည်၊ မဟာအောင်မြေနှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပ

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနသည် ဇွန်၂၀ ရက်၊ ၂၁ရက်၊ ၂၃ရက်၊ ၂၈ရက်တို့တွင် ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်တို့တွင် စားသုံးသူ အကာအကွယ်ပေး ဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ဇွန်၂၀ရက်တွင် ချမ်းအေးသာစံမြို့နယ် အ-မ-က (၂)တွင် လည်းကောင်း၊ ဇွန် ၂၁ရက်တွင် မဟာအောင်မြေမြို့နယ် အ-ထ-က (၃)တွင် လည်းကောင်း၊ ဇွန် ၂၃ရက်တွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်ဈေးတွင် လည်းကောင်း၊ ဇွန် ၂၈ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အ-ထ-က (၂၈)တွင် လည်းကောင်းစားသုံးသူ အကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများ ကျင်းပခဲ့ကြပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲ အသီးသီးမှာ သက်ဆိုင်ရာ တာဝန်ရှိသူများက စားသုံးသူကာကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူများ၏ အခွင့်အရေးများ၊ အစားအသောက်များ စားသောက်ရာမှာ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ၊ နိုင်ငံတော်ပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြထားသည့် စားသုံးရန်မသင့်တဲ့ အစားအသောက်များ၊ ပိုးသတ်ဆေးကြွင်းများရဲ့ အန္တရာယ်များကို စိတ်ဝင်တစား ဟောပြောပေးခဲ့ကြပါသည်။

ယင်းဟောပြော ဆွေးနွေးပွဲသို့ ချမ်းအေးသာစံမြို့နယ် အ-မ-က(၂) တွင် ကျောင်းသား/ကျောင်းသူ ၂၅၀ ခန့်၊ မဟာအောင်မြေမြို့နယ် အ-ထ-က (၂)တွင် ၃၀၀ခန့်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ဈေးတွင် ၄၀ခန့်၊ ချမ်းမြသာစည်မြို့နယ် အ-ထ-က(၂၈) တွင် ၄၀၀ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **တင်ချစ်ကောင်း၊ ဇော်မော်ထွန်း၊ သီတာဝင်း**

## ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ (၅၈) ကြိမ် ပြုလုပ်နိုင်ခဲ့

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ပခုက္ကူခရိုင်ရုံးမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇွန်လအတွင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြော ဆွေးနွေးဆောင်ရွက်မှုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသည့် စားသုံးရန်မသင့် အစားအစာများနှင့် ကုန်ပစ္စည်းများရောင်းချခြင်း ရှိ/မရှိများကို ပခုက္ကူခရိုင်အတွင်းရှိငါးမြို့နယ်နှင့် ဂန့်ဂေါခရိုင်အတွင်းရှိ လေးမြို့နယ်တို့တွင် သွားရောက်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါ တယ်။

အဆိုပါပြုလုပ်ဆောင်ရွက်မှုများတွင် ပခုက္ကူခရိုင်အတွင်းရှိပခုက္ကူမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ခြောက်ကြိမ်၊ စည်ပင်သာယာဈေးတွင် တစ်ကြိမ်၊ ပခုက္ကူတက္ကသိုလ်တွင် တစ်ကြိမ်၊ အသင်းအဖွဲ့ (ကုန်စည်ဒိုင်၊ ကုန်သည်)များတွင် နှစ်ကြိမ်၊ မြိုင်မြို့နယ်တွင် ခုနစ်ကြိမ်၊ ပေါက်မြို့နယ်တွင် ခြောက်ကြိမ်၊ ရေစကြိုမြို့နယ်တွင် ခုနစ်ကြိမ်၊ ဆိပ်ဖြူမြို့နယ်တွင် ခုနစ်ကြိမ်၊ ဂန့်ဂေါခရိုင်အတွင်းရှိဂန့်ဂေါမြို့တွင် ရှစ်ကြိမ်၊ ထီးလင်းမြို့နယ် တွင်ခုနစ်ကြိမ် ဆောမြို့ နှင့်ကျောက်ထုမြို့တို့တွင် ခြောက်ကြိမ်ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ထိုစားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲသို့ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့တွင် လူဦးရေ စုစုပေါင်း ၁၂၁၆၇ ဦးတက်ရောက်၍ လက်ကမ်းစာစောင် ၉၄၃၈ စောင်အား ဖြန့်ဝေခဲ့ပြီး စုစုပေါင်း ၅၈ ကြိမ် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

**ပပရွှေ(ပခုက္ကူ)**

# ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရဲ့ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် ဇွန်လ ၂၉ ရက်က ပြုလုပ်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌစီမံ/ဘဏ္ဍာဝန်ကြီး ဦးမော်မော်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

အစည်းအဝေးတွင် ဥက္ကဋ္ဌစီမံ/ဘဏ္ဍာဝန်ကြီးဦးမော်မော်က စားသုံးသူရေးရာဦးစီးဌာနရဲ့ ရက်(၁၀၀) စီမံချက်အရ ကွင်းဆင်းစစ်ဆေးမှုနဲ့ဟောပြောဆွေးနွေးပွဲများကြောင့် အကျိုးကျေးဇူးများရှိကြောင်း၊ စာသင်ကျောင်းများမှာ ဇူလိုင်လအတွင်း ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ပေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက မိမိတို့ဌာနအနေဖြင့် အသိပညာပေးဆွေးနွေးပွဲများကို ရပ်ကွက်၊ ကျေးရွာများအနှံ့ လိုက်လံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပြီး အများပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လာတာတွေ့ရှိရပါကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားစာနှစ်စောင် လက်ခံရရှိရာ ပထမတိုင်ကြားစာမှာ မြန်မာနိုင်ငံပြောင်းစိုက်ပျိုးရေးအသင်းမှ ဦးမြင့်မောင်က တရားမဝင် စိုက်ပျိုးရေးဆေးများ ဝင်ရောက်ခြင်းနဲ့ ဒေသခံများအတွက် ဈေးကွက်ဖန်တီးပေးနိုင်ရေး ကိစ္စဖြစ်ပြီး၊ ဒုတိယစာမှာ လွိုင်ကော်မြို့နာနတ်တောရပ်ကွက်မှာ အမဲသားရောင်းချခြင်းနဲ့ ပတ်သက်၍ တိုင်ကြားတဲ့ ကိစ္စဖြစ်ပါကြောင်း၊ တိုင်ကြားစာများကို ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနဲ့စီစစ်ပြီး ဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘုန်းကြွယ်က အမဲသားရောင်းချမှုကိစ္စတွင် လိုင်စင်ရှိသူများသာ ဈေးအတွင်းရောင်းချခွင့်ရှိကြောင်းနဲ့ မိမိတို့ဌာနအနေဖြင့် အဆင့်ဆင့်ဆက်လက်ဆောင်ရွက်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်စိုက်ပျိုးရေးဌာနမှ ပြည်နယ်ဦးစီးမှူးဦးမျိုးခန့်က တရားမဝင်ဆေးများ ဝင်ရောက်ခြင်းနဲ့ပတ်သက်ပြီး မိမိတို့ ရုံးချုပ်မှဆောင်ရွက်နေပါကြောင်း၊ ပညာပေးကာလကျော်လွန်လာပြီဖြစ်သည့်အတွက် ယခု လက်ရှိဌာနအနေဖြင့် သင်တန်းများကို ဆောင်ရွက်ပေးနေပါကြောင်း၊ တစ်ဖက်က စားသုံးသူ ပြည်သူများက ပူးပေါင်းပါဝင်မှသာ တားဆီးနိုင် မှာဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပြီး စက်မှုရပ်ကွက်မှ ဦးခင်မောင်မြင့်က ကြက်သား၊ ဝက်သားများတွင် ဓာတုဓာတ်ကြွင်းများ ကျန်ရှိနေမှုနှင့် ပတ်သက်၍ FDA နှင့်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန တို့ ပူးပေါင်း၍ စစ်ဆေးပေးစေလိုကြောင်း၊ အသားငါးများ ထိန်းသိမ်းမှုတွင်ရေခဲများမလုံ လောက်၍ စည်ပင်ဈေးထဲတွင် ဆိုင်ခန်းတစ်ခန်း၊ မီတာတစ်လုံးတပ်ပေးနိုင်ပါက အဆင်ပြေလာနိုင်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ကြသည်ဟု သတင်းရရှိပါတယ်။

**လွင်ကိုအောင်-လွိုင်ကော်**

# ဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာ ဦးစီးဌာနတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေများကို ဟောပြောပို့ချ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးသည် ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဟင်္သာတခရိုင် အတွင်းရှိမြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများကို သင်ကြားပို့ချပေးခဲ့ပါသည်။



သင်တန်းတွင် စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ ထမ်းဆောင်ရမည့် တာဝန်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ၊ မြန်မာနိုင်ငံ၏စားသုံးသူ အကာအကွယ်ပေးရေး ကိစ္စရပ်များတွင် အာဆီယံ နိုင်ငံများ၊ အခြားပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံနိုင်ငံများ၏ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ၊ အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စားသုံးသူတိုင်ကြားမှုစနစ်များနှင့်အရေးယူဆောင်ရွက်မှု အစီအစဉ်ပုံစံများ၊ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများအား အပြန်အလှန် မေးမြန်းဆွေးနွေးသည့် ပုံစံမျိုးဖြင့် ပို့ချခဲ့ပါသည်။

ထိုသို့ သင်ကြားပို့ချခြင်းဖြင့် စားသုံးသူရေးရာကိစ္စများကို ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအနေဖြင့် စားသုံးသူ ဥပဒေများကို ကျေကျေညက်ညက် နားလည်တတ်ကျွမ်းကာ စားသုံးသူ ပြည်သူများအား ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ လုံခြုံစိတ်ချမှုရှိလာအောင် ဆောင်ရွက်ပေးနိုင်ပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး ကိစ္စများတွင်လည်း တိကျစွာဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကာ မြန်မာနိုင်ငံတွင် စားသုံးသူ ယဉ်ကျေးမှုများ ထွန်းကားလာပြီး စားသုံးသူများ လုံခြုံစိတ်ချဘေးအန္တရာယ် ကင်းရှင်းသော လူမှုစနစ်တစ်ခုသို့ တဖြည်းဖြည်း ရောက်ရှိလာမည်ဖြစ်ကြောင်း သိရပါသည်။

**မောင်ပုသိမ်(စိုးဦး)**

# စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲ ဆင့်ပွား သင်တန်းဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇွန် ၂၉ ရက်က "စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲ ဆင့်ပွားသင်တန်း" အား ကျင်းပပေးခဲ့ကြောင်း သိရပါ တယ်။

အဆိုပါဆင့်ပွားသင်တန်းသို့ သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ကြပြီး ဇွန် ၂၉ ရက်မှ ဇူလိုင် ၂ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်းသိရပါတယ်။ အဆိုပါဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းမှာ စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဟောပြောပွဲများ စည်းစနစ်တကျ ဟောပြောနိုင်ရေး၊ ကာလဒေသအလိုက် ခွဲခြားဟောပြောနိုင်ရေး၊ ပြည်သူလူထုထံသို့ နားလည်သဘောပေါက်လွယ်သော စကားလုံးအသုံးအနှုန်းများဖြင့် ဟောပြောနိုင်ရေးနဲ့ လျာထားချက်ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများအားလုံး မိမိ၏အရည်အသွေးကို မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင်(မန္တလေး)**

# စစ်ကိုင်းခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနသည် ဇွန် ၁ ရက်မှ ၂၉ ရက်အတွင်း စစ်ကိုင်းမြို့နယ်တွင် ၁၀ ကြိမ်၊ မြင်းမူမြို့နယ်တွင် ကိုးကြိမ်၊ မြောင်မြို့နယ်တွင် ငါးကြိမ်၊ မုံရွာမြို့နယ်တွင် ရှစ်ကြိမ်၊ ချောင်းဦးမြို့နယ်တွင် ၁၂ ကြိမ်၊ အရာတော်မြို့နယ်တွင် ရှစ်ကြိမ်၊ ဘုတလင်မြို့နယ်တွင် ရှစ်ကြိမ် စုစုပေါင်း အကြိမ် ၆၀ ကျင်းပနိုင်ခဲ့ရာ ၁၂၈၂၉ ဦး တက်ရောက်ကြပြီး လက်ကမ်းစာစောင်များ ဝေငှနိုင်ခဲ့ပါသည်။

စစ်ကိုင်းခရိုင်တွင် ယခုလ၏ ထူးခြားချက်အရ အောင်မြေဦး ဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်းနှင့် ရွှေသမားဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်းများမှ ရဟန်းသံဃာအပါး ၁၈၀၀ နှင့် သီလရှင်အပါး ၁၇၀၀ စုစုပေါင်း အပါး ၂၅၀၀ ကျော်ခန့် အား စားသုံးသူအကာအကွယ်ပေးရေးအသိပညာများ ဟောပြောနိုင်ခဲ့ပါသည်။

အလားတူ ဇွန် ၂၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆီလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ၊ လက်လီလက်ကားရောင်းချသူများအား တွေ့ဆုံ၍ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်းများနှင့် FDA မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ထို့ပြင် တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနသည် ဇွန် ၃၀ ရက်တွင် မုံရွာမြို့၊ ချင်းတွင်းရတနာဈေးအတွင်း တားမြစ် စားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိကို သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ စစ်ဆေးခဲ့ရာတွင် ငါးပိ၊ ငါးခြောက်ဆိုင်များနှင့် ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင် ၂၁ ဆိုင်အား အစားအသောက်များတွင် သုံးစွဲခွင့်ပြုမထားသော တားမြစ်ဆိုးဆေးများနှင့် ယင်မနားဆေးများ ပါဝင်သည့် ကုန်ပစ္စည်းများကို မရောင်းချရန်နှင့် မည်သည့်ဒေသမှ ဝယ်ယူခဲ့ကြောင်းကို စစ်ဆေး မေးမြန်းခဲ့ပြီး ဈေးဆိုင်ပိုင်ရှင်များအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိ ပါသည်။

**ခင်မောင်ဝင်း၊ ခင်မြတ်မူ၊**
**သူဇာကျော်(မုံရွာ) စစ်ကိုင်း**

# ပုလဲမြို့နယ်ရှိ ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်ရဲ့ ကြီးကြပ်လမ်းညွှန်မှုဖြင့် ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းပိုနဲ့ ဝန်ထမ်းများက ပုလဲမြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိ ပညာပေးရေးအတွက် သွားရောက်ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဇွန် ၂၁ ရက်တွင် ပုလဲမြို့နယ် ချောင်းကန် အမကကျောင်း၊ ပုလဲမြို့ တောင်ပိုင်းရပ်ကွက် အမက ကျောင်း၊ အလယ်ဘုံ အမက ကျောင်းတွင်လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ပုလဲမြို့နယ် ရွာနောင် အလကခွဲကျောင်း၊ ကမ္ဘာ့ရပ် အမက ကျောင်းတွင်လည်းကောင်း၊ ဇူလိုင် ၁ ရက်တွင် အေးကုန်း အမက ကျောင်း၊ ကြိုးကြာဥ အမကကျောင်း၊ သေတ္တရာကျေးရွာနဲ့ ကြောင်ဘန်းကျေးရွာတို့တွင်လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် ရွာထင်အလက(ခွဲ)၊ ရွာသာလိန်ကုန်းအလက(ခွဲ)၊ ချင်ပြစ် အထက ကျောင်းနဲ့ ရွာနောင်ကျေးရွာတို့တွင်လည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် မြကုန်း အမက ကျောင်းနဲ့ ကုက္ကိုကုန်း အမက ကျောင်းတို့တွင် လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေး နွေးခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် ယင်းမာပင်ခရိုင် ဦးစီးမှူးဦးသန်းပိုနှင့် တာဝန်ရှိသူများက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ၊ စားသုံး ဆီများ၊ အချိုရည်နှင့် မုန့်မျိုးစုံများ အကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်း ဟောပြောခဲ့ကြပါတယ်။

အဆိုပါ ဟောပြောပွဲများသို့ ဆရာ/ဆရာမများ၊ ကျောင်းသား ၊ ကျောင်းသူများ စုစုပေါင်း ၁၇၂၃ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန FDA မှ ထုတ်ပြန် ထားသည့် အစားအသောက်များစာရင်းနှင့် Commerce ဂျာနယ်တို့ကို ဖြန့်ဝေပေးခဲ့ကြောင်းသတင်းရရှိပါတယ်။

**သီတာခိုင်(ယင်းမာပင်)၊**
**မိုးမိုးမြင့်(ဆားလင်း)**

# ဟားခါးမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

ချင်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် စားသုံး သူရေးရာဌာနခွဲ တာဝန်ခံဦးဇော်မင်းနှင့်ဝန်ထမ်းများသည် ဇွန် ၂၀ ရက်တွင် ဟားခါးမြို့၊ ဈေးဟောင်းရပ်ကွက် ရှိ အခြေခံပညာမူလတန်းကျောင်း၌ တစ်ကြိမ်၊ ဇွန် ၂၂ ရက် ပြည်တော်သာရပ်ကွက်ရှိ အခြေခံပညာအထက်တန်း ကျောင်း၊ အမှတ်(၃)၌ အုပ်စုသုံးစုခွဲ၍ ခြောက်ကြိမ်၊ ဇွန် ၂၄ ရက်တွင် ပြည်တော်သာရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အ. ထ. က(၁) ၌အုပ်စုသုံးစုခွဲ၍ လေးကြိမ် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့ပြင် ဇွန် ၂၇ ရက်တွင် အခြေခံပညာမူလွန်ကျောင်း၊ တပ်ကုန်း၌လည်းကောင်း၊ ဇွန် ၂၉ ရက်တွင် မြို့သစ် ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) ဗိုလ်ကြွမ်ဘိခ်ခန်းမ၌လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာ အသိပညာပေး ဟောပြော ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီးများ/ဆရာမကြီးများနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများစုစုပေါင်း တစ်သောင်းကျော်တို့ တက်ရောက်ခဲ့ကြပြီး လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များစာရင်း၊ စံမညီမြေပဲဆီများစာရင်းများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသိပညာပေး ဟောပြောပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ကျောင်းသား၊ ကျောင်းသူအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် Projector၊ PowerPoint ၊ Video Clip များဖြင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

**ဒေါ်ကြယ် (ဟားခါးမြို့)**

# နှစ်နှစ်အတွင်း ပြည်တွင်းဆန်ဖူလုံအောင် ဆောင်ရွက်ဖို့ ဖိလစ်ပိုင်နိုင်ငံရည်မှန်း

နှစ်နှစ်အတွင်း ပြည်တွင်းစားသုံးမှု ဖူလုံအောင် ပြည်တွင်းဆန်ကို ထုတ်လုပ်ဖို့ ဒူတာတေးအစိုးရက ရည်မှန်းထားကြောင်းနဲ့ ရည်မှန်းချက် အောင်မြင်မှုနဲ့ ကျဆုံးမှုမှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများအပေါ် မူတည်နေကြောင်း ဒေးလီး အင်ကွာရာသတင်းမှာ ဇူလိုင် ၃ ရက်က ဖော်ပြထားပါတယ်။

အစိုးရသစ်ရဲ့ ရည်မှန်းချက်နဲ့ ပတ်သက်ပြီး ပြောကြားရာမှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပီနိုးရဲ့ ပြောကြားချက်တွေက တစ်ခုနဲ့တစ်ခု ကွဲလွဲမှုတွေရှိနေပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်နှစ်ပတ်က လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှာ ကျင်းပတဲ့ အကူးအပြောင်းကာလ အစည်းအဝေးကျင်းပပြီးနောက် ပြောကြားရာမှာ ဒူတာတေးအစိုးရက ပြည်တွင်းဆန်ဖူလုံရေးမူဝါဒကို ဆက်လက်ထိန်းသိမ်းသွားမှာဖြစ်ကြောင်း ပြောပါတယ်။ ဒီရည်မှန်းချက်ကို ဆောင်ရွက်ရာမှာ ခြောက်နှစ် သို့မဟုတ် ဒူတာတေး သမ္မတသက်တမ်းကုန်မှ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောပါတယ်။

နောက်ရက်သတ္တ တစ်ပတ်ခန့်အကြာမှာတော့ ပြည်တွင်းဆန်ဖူလုံရေးလုပ်ငန်းက ခက်ခဲမှုရှိပေမယ့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အနေအထားရှိကြောင်းနဲ့ ဒူတာတေးလက်ထက်မှာ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပီနိုကသူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာမှာ ရေးပါတယ်။

နှစ်နှစ်တာ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ဖို့ ဒေသန္တရညွှန်ကြားရေးမှူးတွေ မိမိတို့သက်ဆိုင်ရာ နယ်မြေတွေမှာ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ထိုသို့မဆောင်ရွက်နိုင်ပါက မိမိတို့ ရာထူးကို စွန့်လွှတ်ရမှာဖြစ်ကြောင်း ပီနိုးကပြောပါတယ်။


ဒေသန္တရ ညွှန်ကြားရေးမှူးများအား ရေသွင်းစိုက်ပျိုးရေးအတွက် လိုအပ်ချက်များ၊ မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာနဲ့ သွင်းအားစု အပါအဝင် လိုအပ်သမျှကို ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း သူကပြောပါတယ်။

ဒါပေမယ့် လုပ်ငန်းအောင်မြင်အောင် မဆောင်ရွက်နိုင်ရင် အလုပ်မှထုတ်ပယ် မှာဖြစ် ကြောင်း သူကပြောပါတယ်။ လုပ်ငန်းများကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ဘူးဆိုရင် အစိုးရအလုပ်ကို ဘယ်သူမှလုပ်ခွင့်မရှိဘူးလို့ ပီနိုက ပြောပါတယ်။

# ယခုနှစ် ပထမနှစ်ဝက်မှာ ဗီယက်နမ် သစ်သီးနဲ့ ဟင်းသီးဟင်းရွက် တင်ပို့မှုမြင့်တက်

၂၀၁၆ ခုနှစ်၊ ပထမနှစ်ဝက်မှာ ဗီယက်နမ်နိုင်ငံရဲ့ သစ်သီးတင်ပို့မှုက နှစ်အလိုက်နှိုင်းယှဉ်ရင် ၃၃ရာခိုင်နှုန်း မြင့်တက်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ ဘီလီယံ အထိရှိခဲ့တယ်လို့ သက်ဆိုင်ရာ တာဝန်ရှိသူများကပြောကြောင်း ဗီယက်နမ် နယူးသတင်းမှာ ဖော်ပြပါတယ်။

ယခုလိုတင်ပို့မှု မြင့်တက်ခဲ့ရတာက တရုတ်ဈေးကွက်ရဲ့ ဝယ်လိုအားမြင့်တက်လာဖို့ဖြစ်ကြောင်း ဗီယက်နမ်သစ်သီးနဲ့ ဟင်းသီးဟင်းရွက်အသင်းက ပြောပါတယ်။ ဗီယက်နမ်သစ်သီးနဲ့ ဟင်းသီးဟင်းရွက်များအတွက် တရုတ်နိုင်ငံ၏ အကြီးမားဆုံး ပို့ကုန်ဈေးကွက်ကြီးဖြစ်ပြီး ယခုနှစ် ပထမငါးလပတ် အတွင်းမှာ အဆိုပါ ပို့ကုန်ပစ္စည်းများရဲ့ အမျိုးသားပို့ကုန်ပမာဏရဲ့ ၉၀ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း အကောက်ခွန် အထွေထွေစာရင်းအင်း ဌာနရဲ့ စာရင်းတွေအရ သိရပါတယ်။



ပြည်တွင်းသစ်သီးနဲ့ ဟင်းသီးဟင်းရွက် ထုတ်ကုန်များရဲ့ စုစုပေါင်းပို့ကုန်တန်ဖိုးက ပထမ ငါးနှစ်အတွင်းမှာ နှစ်အလိုက်တိုးတက်မှု ၈၀ရာခိုင်နှုန်းရှိပြီး အမေရိကန်ဒေါ်လာ ၆၉၂ သန်းအထိ ရောက်ရှိခဲ့ကြောင်း အကောက်ခွန်ဌာနက ပြောပါတယ်။ ပြည်တွင်းသစ်သီးများအတွက် အကြီးမားဆုံး ပို့ကုန်ဈေးကွက်က အမေရိကန်ပြည်ထောင်စုဖြစ်ပြီး နှစ်အလိုက်ပို့ကုန်တန်ဖိုး မြင့်တက်မှုက ၆၂ ရာခိုင်နှုန်းရှိကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၅ သန်းရှိခဲ့ပါတယ်။

တောင်ကိုရီးယားက တတိယအကြီးမားဆုံး ဈေးကွက်ဖြစ်ပြီး နှစ်အလိုက် တိုးတက်မှုနှုန်းက ၂၅ ဒသမ ၇၀ ရာခိုင်နှုန်းရှိကာ တန်ဖိုးအားဖြင့် ၃၅ ဒသမ ၄၀ သန်း ရှိခဲ့ပါတယ်။ ယခုနှစ်ပထမနှစ်ဝက် ဗီယက်နမ်နိုင်ငံရဲ့ သစ်သီး တင်ပို့မှုပမာဏက ၄၆၀၈ တန်ရှိပြီး တင်ပို့တဲ့ဈေးကွက်တွေက အမေရိကန် ပြည်ထောင်စု၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်နဲ့ ဩစတြေးလျတို့ဖြစ်ပါတယ်။ တင်ပို့တဲ့ သစ်သီးများရဲ့ ၇၂ ရာခိုင်နှုန်းက နဂါးမောက်သီးတွေဖြစ်ပါတယ်။

ဗီယက်နမ်မှ တရုတ် (တိုင်ပေ) သို့ တင်ပို့တဲ့ နဂါးမောက်သီးတွေကို တရုတ်(တိုင်ပေ) က ပိတ်ပင်ထားတာကို ပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်တဲ့အတွက် နောင်အနာဂတ်ကာလမှာ နဂါးမောက်သီးတင်ပို့မှု ပိုမိုမြင့်တက်လာနိုင်ပါတယ်။ တရုတ်(တိုင်ပေ)က တစ်နှစ်ကို ဗီယက်နမ် နဂါးမောက်သီး တန်ချိန် ၁၄၀၀၀ ကနေ ၁၆၀၀၀ အထိ တင်သွင်းဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ထိုင်း အကောက်ခွန်ဌာနက အိုင်တီကို အဆင့်မြှင့်တင်မည်

ဈေးနှုန်းနဲ့ တစ်ခြားအခြေခံအချက်အလက်တွေကို ဆုံးဖြတ်ချက် ချမှတ်ရာမှာ သက်ဆိုင်ရာ အရာရှိများကိုယ်တိုင် ဆုံးဖြတ်ချက် ချရတဲ့လုပ်ငန်းများ လျော့ပါးစေရန်အတွက် ထိုင်းအကောက်ခွန်ဌာနက အိုင်တီစနစ်ကို အဆင့်မြှင့်တင်သွားမှာဖြစ်ကြောင်းနဲ့ ယခုလအကုန်မှာ အဓိကပို့ကုန်အမယ် ၁၄၄ မျိုးကိုစတင်ဆောင်ရွက်မှာဖြစ်ကြောင်း နေးရှင်းသတင်းမှာဖော်ပြထားပါတယ်။

စတင်ဆောင်ရွက်ရမယ့် ပို့ကုန်အမယ် ၁၄၄ မျိုးကို စနစ်သစ်အရ စတင်ဆောင်ရွက်ရာမှာ အထည်ချုပ်လုပ်ငန်း၊ ဖက်ရှင်ထုတ်ကုန်များ၊ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ မော်တော်ကား၊ မော်တာ်ဆိုင်ကယ်နဲ့ ဝိုင်တွေပါဝင်ပါတယ်။

အကောက်ခွန်ဌာနလုပ်ငန်းများ စတင်ဆောင်ရွက်တဲ့အခါ ထိုင်းနိုင်ငံအတွင်းရှိပင်လယ်ရေနက်ဆိပ်ကမ်းကြီးတွေဖြစ်တဲ့ လမ်ချဆန် ဆိပ်ကမ်းနဲ့ ဗန်ကောက်ဆိပ်ကမ်းတွေမှာ စတင်ဆောင်ရွက်မှာဖြစ်ကြောင်း အကောက်ခွန်ဌာန၊ ညွှန်ကြားရေးမှူးချုပ် ကူးလစ်ဆွမ်ဘတ်ဆီရီက ပြောပါတယ်။

အကောက်ခွန်ဌာနက ၂၀၁၆ ဘဏ္ဍာနှစ် ( ၂၀၁၅ ခုနှစ် အောက်တိုဘာမှ ၂၀၁၆ခုနှစ် စက်တင်ဘာ ) မှာ အကောက်ခွန်လျာထားချက် ဘတ်ငွေ ၆ ဘီလီယံရရှိဖို့သတ်မှတ်ထားပါတယ်။ ဒါပေမယ့် ယခုနှစ်အတွက် လျာထားချက်ပြည့်မီနိုင်မယ့် အလားအလာမရှိကြောင်း လေ့လာသိရှိရပြီး နောက်ပိုင်းယခု အစီအမံ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ယခုလျာထားသတ်မှတ်တဲ့ ပမာဏအနက် ဘတ် လေးဘီလီယံကို ထိုင်းနိုင်ငံက လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတွေထံမှ ရမှာဖြစ်ပြီး ကျန်ပမာဏကို တခြားပို့ကုန်အမယ်တွေက ရမှာဖြစ်ပါတယ်။

အဆင့်မြှင့်တင်ထားတဲ့ အကောက်ခွန်စနစ်ကို အကောက်ခွန်ဌာနရဲ့ ဘဏ္ဍာရေးဝန်ကြီး အပီဆက်တန်တီမိုရာဝေါင်းထံတင်ပြပြီး အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာတဲ့ သဘော်ာတင်ပို့ရေး အေဂျင်စီတွေကို ပထမဦးစွာ သတိပေးမှာဖြစ်ပြီး ဆိုးဆိုးရွားရွား ပြစ်မှုကျူးလွန်သူတွေကို နာမည်ပျက်စာရင်းသွင်းမှာဖြစ်ပါတယ်။

# စင်ကာပူကုမ္ပဏီများရဲ့ ကြွေးမြီ ပေးချေမှုက ဒုတိယသုံးလပတ်များမှာ ပိုမိုလျင်မြန်လာ

စင်ကာပူကုမ္ပဏီများရဲ့ ကြွေးမြီပေးချေမှုက ၂၀၁၆ ခုနှစ်၊ ပထမ သုံးလပတ်က တစ်ဟုန်ထိုး နှေးကွေးကျဆင်းခဲ့ရာမှ ဒုတိယသုံးလပတ်မှာ ပိုမိုလျင်မြန်လာကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

ဧပြီ-ဇွန်လ သုံးလပတ်ကာလအတွင်း လျင်မြန်စွာ ကြွေးမြီပေးဆပ်မှုက စုစုပေါင်းကြွေးမြီပေးဆပ်မှုရဲ့ ငါးပုံနှစ်ပုံ ရှိခဲ့ပါတယ်။ နောက်ကျပြီး ကြွေးမြီပေးဆပ်မှုက ပေးဆပ်မှုအားလုံးရဲ့ ထက်ဝက်ပင်မရှိကြောင်း စင်ကာပူကူးသန်းရောင်းဝယ်ရေး ကြွေးမြီဗျူရို (SCCB) ရဲ့ နောက်ဆုံးထုတ်ပြန်တဲ့ စာရင်းတွေအရ သိရပါတယ်။

အားလုံးခြုံကြည့်ရင် လျင်မြန်စွာ ပေးချေမှုတိုးတက်မှုနှုန်းက ပထမသုံးလပတ်မှာ ၄၁ ဒသမ ၁၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒုတိယသုံးလပတ်မှာ ၄၉ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်မှုနှုန်း မြင့်မားလာတာကို တွေ့ရပါတယ်။ နှစ်အလိုက် အခြေခံနဲ့နှိုင်းယှဉ်ရင် လျင်မြန်စွာ ကြွေးမြီပေးဆပ်မှုက ယခင်နှစ် ဒုတိယသုံးလပတ်မှာ ၄၈ ဒသမ ၄၇ ရာခိုင်နှုန်းရှိခဲ့တဲ့အတွက် ယခုနှစ် တိုးတက်မှုနှုန်းအား ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ကြွေးမြီ နောက်ကျပေးဆပ်မှုက ပထမသုံးလပတ်မှာ ၄၆ ဒသမ ၅၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒုတိယသုံးလပတ်မှာ ၄၂ ဒသမ ၆၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် နှစ်အလိုက် အခြေအနေနဲ့ကြည့်ရင် ၂၀၁၅ ခုနှစ်၊ ဒုတိယသုံးလပတ်မှာ ၄၁ ဒသမ ၃၅ ရာခိုင်နှုန်းရှိခဲ့တဲ့အတွက် ယခုနှစ် သုံးလပတ်မှာ အနည်းငယ်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

SCCB ရဲ့ ထုတ်ပြန်တဲ့ စာရင်းအရ နောက်ကျငွေပေးချေမှုက လုပ်ငန်းကဏ္ဍ ငါးရပ်စလုံးမှာ တိုးတက်များပြားခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် ၂၀၁၆ ခုနှစ်၊ ပထမ သုံးလပတ်နဲ့ နှိုင်းယှဉ်ရင်တော့ လုပ်ငန်းကဏ္ဍငါးရပ်စလုံးမှာ နောက်ကျငွေပေးချေမှု အရေအတွက် ကျဆင်းခဲ့ပါတယ်။ နှစ်အလိုက် နှိုင်းယှဉ်ရင်တော့ လုပ်ငန်းကဏ္ဍငါးရပ်အနက် သုံးခုက နောက်ကျငွေပေးချေမှု အရေအတွက်မြင့်တက်ပြီး ၂၀၁၆ ခုနှစ်၊ ပထမသုံးလပတ်မှာ လုပ်ငန်းကဏ္ဍငါးခုအနက်တစ်ခုက နောက်ကျပေးချေမှုမြင့်တက်ခဲ့ပါတယ်။

စုစုပေါင်း ကြွေးမြီရဲ့ ၉၀ ရာခိုင်နှုန်းကို သတ်မှတ်ထားတဲ့ကာလအတွင်း ပေးချေရင် လျင်မြန်စွာ ပေးချေမှုအဖြစ် သတ်မှတ်ပြီး စုစုပေါင်းကြွေးမြီရဲ့ ၅၀ ရာခိုင်နှုန်းကျော်ကို သတ်မှတ်ကာလထက် နောက်ကျမှပေးဆပ်ရင် နောက်ကျပေးချေမှုအဖြစ် သတ်မှတ်ပါတယ်။

# ဘရက်ဇစ်က အာဆီယံအတွက် အချက်ပေးသံဖြစ်ကြောင်း အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးပြော

ဘရက်ဇစ်ခေါ် အီးယူမှ ဗြိတိန်နုတ်ထွက်ရန် မဲပေးခြင်းက ကုန်သွယ်ရေးသဘောတူစာချုပ်များကို ချုပ်ဆိုရာမှာ စီမံကိန်းကို ဆောင်ရွယ်မယ့် လုပ်ငန်းရှင်များအတွက်သာမက အလုပ် လုပ်တဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်များကိုပါ ထည့်သွင်းတွက်ချက်ဖို့ အာဆီယံအဖွဲ့ကို အချက်ပေးလိုက်ခြင်းဖြစ်တယ်လို့ အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီး သောမတ်လမ်ဘောင်းကပြောကြောင်း ဘလွမ်းဘတ်သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံဒေသမှာ အကောက်ခွန် အတားအဆီးများကို ဖယ်ရှားပေးထားပြီးဖြစ်တဲ့အပြင် အကောက်ခွန်မဟုတ်တဲ့ အတားအဆီးတွေကိုလည်း အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံက ၂၀၂၅ခုနှစ်မှာ အပြီးသတ်ဖယ်ရှားပေးဖို့ ရည်မှန်းထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် အာဆီယံဒေသတွင်း နိုင်ငံများရဲ့ အစိုးရများအနေဖြင့် အများပြည်သူများအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကိုလည်း အချိန်နဲ့ စွမ်းအားပါ ပိုမိုစိုက်ထုတ် လုပ်ဆောင်ဖို့လိုကြောင်း ရင်းနှီးမြှုပ်နှံမှုဘဏ်လုပ်ငန်းရှင်တစ်ဦးအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးသူ လမ်ဘောင်းက ဒေသဆိုင်ရာ နိုင်ငံ့ခေါင်းဆောင်များကို တိုက်တွန်းပြောကြားပါတယ်။

"ကျွန်တော်တို့က ပြည်သူလူထုအတွက် လုံလောက်တဲ့ အချိန်၊ ငွေကြေးနဲ့ အားထုတ်ကြိုးပမ်းမှု မပေးဘဲ လူ့အဖွဲ့အစည်းအတွင်းရှိ အထက်တန်းလွှာများအတွက် စီမံကိန်းတွေကို အာဆီယံက ရေးဆွဲဆောင်ရွက်မယ်ဆိုရင် အလားတူအန္တရာယ်မျိုးနဲ့ကြုံတွေ့ရမှာကို စိုးရိမ်မိပါတယ်။ စီးပွားရေးအသိုက်အဝန်းက ဆောင်ရွက်တဲ့ သဘောတူစာချုပ်တွေ၊ ကုန်သွယ်ရေးသဘောတူစာချုပ်တွေနဲ့ စည်းမျဉ်းစည်းကမ်းတွေ ရေးဆွဲတဲ့အခါ ပြည်သူလူထုအတွက် အလေးပေးဆောင်ရွက်ရမယ်ဆိုတဲ့အချက်ကို ဘရက်ဇစ် အကျိုးဆက်များက အာဆီယံကုန်သွယ်ရေးဝန်ကြီးတွေအတွက် တပ်လှန့်နှိုးဆော်သံသ ဖွယ်ဖြစ်နေပါတယ်။

အာဆီယံပေါင်းစည်းရေးအတွက် နှေးကွေးကြန့်ကြာလွန်းခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် သတ်မှတ်ရက်ကျော်လွန်တတ်ခြင်းနဲ့ ထောက်ပံ့ပို့ဆောင်ရေး အတားအဆီးများကို ဖယ် ရှားရာတွင် နှောင့်နှေးကြန့်ကြာခြင်းတို့အတွက် ဝေဖန်မှုများကို အာဆီယံအဖွဲ့က မကြာခဏ ရင်ဆိုင်နေရပါတယ်။

ဒါပေမယ့် ပေါင်းစည်းရေးအတွက် အချိန်ဇယားရေးဆွဲရာတွင် ကြန့်ကြာမှုနဲ့ လူရွှေ့ပြောင်းနေထိုင်ရေးအပါအဝင် အရေးကြီးတဲ့ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်းမပြုသေးဘဲ ဆိုင်းငံ့ထားခြင်း စတဲ့ အခြေအနေများကြောင့် အာဆီယံရဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားနိုင်ကြောင်း သူကပြောပါတယ်။

# ဘရက်ဇစ်ကြောင့် ဗြိတိန်နိုင်ငံအတွက် ရှည်လျားကြမ်းတမ်းတဲ့လမ်းကြောင်းကို ဖြစ်ပေါ်စေနိုင်

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ဖို့ (ဘရက်ဇစ်) အတွက် ဆောင်ရွက်ခဲ့ကြသူတွေမှာ စနစ်တကျ စီစဉ်ဆောင်ရွက်မှု မရှိခဲ့တာကြောင့် နုတ်ထွက်ရေးလုပ်ငန်းစဉ် တစ်လျှောက်လုံးမှာ ဗြိတိန်နိုင်ငံအတွက် စိန်ခေါ်မှု အပြောက်အမြားနဲ့ တွေ့ကြုံနိုင်တယ်လို့ ပြင်သစ်နိုင်ငံတောင်ပိုင်းမှာကျင်းပတဲ့ ကွန်ဖရင့်တစ်ခုမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ညွှန်ကြားရေးမှူးချုပ်ဟောင်း ပါစကယ်လာမီကပြောကြောင်း CNBC သတင်းမှာ ဖော်ပြပါတယ်။

"နုတ်ထွက်ရေးလုပ်ငန်းအတွက် အချိန်အကြာကြီး ယူရပါလိမ့်မယ်၊ ပထမအချက်က အီးယူဥပဒေကြောင်း အရ ဆောင်ရွက်မှုကနေ ယူကေ ဥပဒေအရဆောင်ရွက်ဖို့ ရှင်းလင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ အလွန်ခက်ခဲမယ့် လုပ်ငန်းဖြစ်ပါတယ်။ ဒီကိစ္စကို ဖြေရှင်းဆောင်ရွက်ပြီးပြီဆိုတာနဲ့ ဒုတိယ အခက်အခဲတစ်ခုကို ကြုံရမှာဖြစ်ပါတယ်။ ယူကေနဲ့ ဥရောပတိုက်ဆက်ဆံရေး အသစ်ထူထောင်ဖို့ကိစ္စဖြစ်ပါတယ်" လို့ သူက ပြောပါတယ်။

ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းတွေ ရှုပ်ထွေးပြီး ခက်ခဲတဲ့ ခရီးတစ်ခုဖြစ်နိုင်ပါတယ်။ ပိုမိုကြီးမားတဲ့ စိန်ခေါ်မှုက စားသုံးသူ သန်း ၆၀ နဲ့ ၆၅ သန်းကြားရှိတဲ့ ဗြိတိန်နိုင်ငံနဲ့ စားသုံးသူ သန်း ၄၅၀ ရှိတဲ့ အီးယူတို့ စေ့စပ်ညှိနှိုင်းရေးဖြစ်ပါတယ်။ ဘရက်ဇစ်အတွက် စိုးရိမ်ကြသူတွေထဲမှာ ယူရိုဇုံအတွင်းမှာရှိတဲ့ ဈေးကွက်နဲ့ နိုင်ငံရေးဆန်းစစ်သူတွေတင်မက ဒီလိုဆောင်ရွက်မှုကြောင့် ပြင်းထန်တဲ့ တန်ပြန်မှုတွေ ဖြစ်လိမ့်မယ်လို့ ယုံကြည်ထားကြတဲ့ ဒေသတွင်းရှိ နိုင်ငံရေးခေါင်းဆောင်တွေလည်း ပါဝင်ပါတယ်။ ဒါပေမယ့် ဗြိတိန်နိုင်ငံရဲ့ အခြေအနေနဲ့ ဥရောပတိုက်ရဲ့ အခြေအနေက တူညီမှု မရှိပါဘူးလို့ လာမီက ပြောပါတယ်။

"ဥရောပတိုက်မှာရှိတဲ့ နိုင်ငံ ၂၇ နိုင်ငံကိုကြည့်ရင် ဥရောပသမဂ္ဂကို စွန့်ခွာနိုင်တဲ့သူအများစုရှိတဲ့ နိုင်ငံမရှိပါဘူး။ ဒါကြောင့် ဗြိတိန်နိုင်ငံကိစ္စက ထူးခြားတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်" လို့ သူက ပြောပါတယ်။

ဆန္ဒခံယူပွဲနောက်ပိုင်းမှာ ဗြိတိန်နိုင်ငံလို နုတ်ထွက်တဲ့လမ်းကြောင်းနောက်လိုက်ပါတဲ့ နိုင်ငံတွေပေါ် ပေါက်လာနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေရှိနေပါတယ်။ ဒါပေမယ့် နိုင်ငံခေါင်းဆောင်အများစုကမူ ဗြိတိန်နိုင်ငံရဲ့လမ်းစဉ်နောက်ကို လိုက်ပါဖို့ငြင်းဆိုကြပါတယ်။



# အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

အာဆီယံအဖွဲ့ဝင် နိုင်ငံများ အချင်းချင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် အရေးပါတဲ့ အခမ်းအနားတစ်ခုအဖြစ် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်တစ်ခုကို ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပပေးမှာဖြစ်တဲ့အတွက် အဆိုပါဖိုရမ် ကျင်းပရေးအတွက် အသေးစိတ်စီမံကိန်းတစ်ရပ်ရေးဆွဲဖို့ ယဉ်ကျေးမှု၊ အားကစားနဲ့ ခရီးသွားလုပ်ငန်းဝန်ကြီးကို ဝန်ကြီးချုပ်က အမိန့်ပေးထားကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်မှာ အဓိကအရေး ပါတဲ့ လုပ်ငန်းတွေအနက် အာဆီယံခရီးသွားဝန်ကြီးများ အစည်းအဝေးများလည်း ပါဝင်မယ့် အပြင် အာဆီယံဝန်ကြီးများနဲ့ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ရုရှားနဲ့ တောင်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များရဲ့ အစည်းအဝေးများလည်း ပါဝင်မှာဖြစ်ပါတယ်။

အခမ်းအနားမှာ ATF Travex (Travel Exchange) ဆိုတဲ့ အာဆီယံခရီးသွားဖိုရမ်ရဲ့ ခရီးသွားလုပ်ငန်းဖလှယ်ရေး အစီအစဉ်လည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီအစီအစဉ်အရ အာဆီယံခရီးသွားလုပ်ငန်းများက ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။

ယခုအခမ်းအနားမှာ အာဆီယံအဖွဲ့ရဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမယ့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြမယ့် ဆွေးနွေးပွဲတွေကို ကျင်းပသွားမှာ ဖြစ်ပါတယ်။

အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်ကို ကျင်းပခြင်းဖြင့် ဗီယက်နမ်နိုင်ငံရဲ့ ပြည်သူများနဲ့ မြေမျက်နှာပြင် အခင်းအကျင်းတွေကို အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းနဲ့ မိတ်ဆက်ပေးနိုင်တဲ့ အခွင့်အလမ်းတစ်ရပ်အဖြစ် ဗီယက်နမ်အစိုးရက ယူထားပါတယ်။

အာဆီယံအဖွဲ့ ပေါင်းစည်းရေး အထူးသဖြင့် ယခင်နှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ဆောက်ရေးမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ထမ်းဆောင်ရမယ့် တာဝန်တစ်ရပ်အဖြစ်လည်း ခံယူထားပါတယ်။

ဖိုရမ်ကို ကျင်းပပေးခြင်းဖြင့် ဗီယက်နမ် ခရီးသွားကုမ္ပဏီများက စီးပွားရေးလုပ်ငန်း ချိတ်ဆက်မှုများ တိုးမြှင့်ဖို့နဲ့ နိုင်ငံရဲ့ခရီးသွားလုပ်ငန်းအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဆွဲဆောင်နိုင်မယ့် အခွင့်အလမ်းတွေရရှိနိုင်မှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အာဆီယံမြို့တော်များက စမတ်စီးတီးများ ထူထောင်ရန် နည်းပညာကုမ္ပဏီများကို ရှာဖွေ

ကမ္ဘာ့ဒေသအသီးသီးမှာရှိကြတဲ့ မြို့တွေတိုင်းက ခေတ်မီမြို့တော်ဖြစ်တဲ့ စမတ်စီးတီးတွေဖြစ်လာဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။ ဒီအထဲမှာ အာဆီယံဒေသများမှာရှိတဲ့ မြို့တွေလည်း ပါဝင်ပါတယ်။

စမတ်စီးတီးဆိုတာက အာရုံခံကိရိယာ (Sensor) များနဲ့ ဒေတာအချက်အလက်များ မျှဝေခြင်းတို့ကို ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ပေးခြင်းဖြင့် အရာရာကို ဆုံစည်းပေးနိုင်စွမ်းရှိတဲ့ မြို့များအဖြစ် ဖန်တီးပေးခြင်းဖြစ်သည်။ အရှေ့တောင်အာရှဒေသမှာ ဒစ်ဂျစ်တယ်ပိုးလမ်းမ တည်ဆောက် ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ထိုအစီအစဉ်တွင် မလေးရှားနိုင်ငံရှိ ကွာလာလမ်ပူနဲ့ ဂျိုဟိုး၊ ဖိလစ်ပိုင်နိုင်ငံရှိ မနီလာ၊ အင်ဒိုနီးရှားရှိ ဘင်ဒေါင်း၊ မကာဆာနဲ့ ထိုင်းနိုင်ငံရှိ ဗန်ကောက်မြို့ကြီးတွေ ပါဝင်ပါတယ်။

သို့ဖြစ်ရာ သက်ဆိုင်ရာအစိုးရများက စမတ်စီးတီးများ တည်ဆောက်ရာတွင် ကူညီဆောင်ရွက်မည် ဆိုပါက ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများနဲ့ ထူထောင်စလုပ်ငန်းများအတွက် စီးပွားရေးအခွင့်အလမ်းများ ထွက်ပေါ်စေနိုင်မယ့်သဘောရှိပါတယ်။

ယူကေမှ နည်းပညာကုမ္ပဏီ ၁၀ ခုက မလေးရှားနိုင်ငံ ကွာလာလမ်ပူနဲ့ ဂျိုဟိုးတို့သို့ လည်းကောင်း၊ စင်ကာပူနိုင်ငံသို့ လည်းကောင်း လာရောက်ပြီး အစိုးရ၊ ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းများနဲ့ ရင်းနှီးမြှုပ်နှံသူတို့ကို တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

အင်နိုဘိတ်ယူကေနဲ့ ယူကေ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအဖွဲ့တို့ရဲ့ ဦးဆောင်မှုအရ " Connected Cities Misson" လို့ခေါ်တဲ့ မစ်ရှင်အဖွဲ့ က အာဆီယံနိုင်ငံများရဲ့ စမတ်စီးတီးရည်မှန်းချက်ကို အကောင်အထည်ဖော်ရာမှာ ယူကေအင်စ်အမ်အီးများအတွက် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခဲ့သည်။

အာဆီယံဒေသမှာ နေထိုင်သူများမှာ အင်တာနက်ချိတ်ဆက်မှု မြှင့်တက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်မှာ ဒေသတွင်းနေထိုင်သူ သန်း ၃၆၀ ရှိမယ်လို့လည်း ခန့်မှန်းထားပါတယ်။ တစ်ချိန်တည်းမှာ လူလတ်တန်းစား၊ လူငယ်လူရွယ်နဲ့ ပညာတတ်လက်လုပ်လက်စားများလည်း ပေါ်ထွန်းလာမှာဖြစ်သလို မြို့ပြဖွံ့စည်းမှုကလည်း ကျယ်ပြန့်လာမယ့် သဘောရှိနေပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**မနီလာ**

အစိုးရကမိုက်ကရို အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေကို အားပေးမယ်လို့ စီးပွားရေးလုပ်ငန်းခေါင်းဆောင်တွေက ယုံကြည်မှုရှိနေတဲ့အတွက် ဖရန်ချိုက်ခေါ် လုပ်ငန်းခွဲများ ထူထောင်မယ့် လုပ်ငန်းတွေ များပြားလာလိမ့်မယ်၊ လောလောဆယ် ဖရန်ချိုက်စနစ်နဲ့ ဖိလစ်ပိုင်ဈေးကွက်ထဲဝင်ဖို့ တာစူနေတဲ့ ပြည်ပကုန်အမှတ်တံဆိပ် ၁၅၀ ခန့်ရှိတယ်လို့ ဖိလစ်ပိုင် ဖရန်ချိုက်အသင်းဥက္ကဋ္ဌက ပြောကြောင်း ဖိလစ်ပင်းစတား သတင်းမှာ ဖော်ပြပါတယ်။

**ဗန်ကောက်**

တရုတ်စီးပွားရေးသမားတွေက စာရွက်စာတမ်း အထောက်အထားအတုတွေသုံးပြီး ခရီးသွားလုပ်ငန်းဆောင်ရွက်နေတဲ့ ဖူးခက်ရှိခရီးသွားလုပ်ငန်း ၁၃ ခုကို နိုင်ငံခြားစီးပွားရေးလုပ်ငန်းဥပဒေ (Foreign Business Act) အရ စီးပွားရေးလုပ်ငန်းလိုင်စင်ရုပ်သိမ်းခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

**ဝင်ကာဘူ**

အာရှဒေသတွင်း လာမယ့်နှစ်တွေမှာ အလုပ်အတော်များများကို စက်ရုပ်တွေနဲ့ အစားထိုးမယ်ဆိုပေမယ့် ဒီနည်းပညာကိုကိုင်တွယ်လုပ်ကိုင်နိုင်မယ့် ကျွမ်းကျင်လုပ်သားတွေလိုမယ်၊ ဒါကြောင့်(Science, Technology, Engineering, Maths-STEM) ဆိုတဲ့ ဘာသာရပ်တွေကို ကျောင်းသားတွေက အာရုံစိုက်သင်ယူသင့်တယ်လို့ ဇူလိုင် ၇ရက်က ထုတ်ပြန်တဲ့ အိုင်အယ်လ်အို အစီရင်ခံစာမှာဖော်ပြထားကြောင်းစထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။

**ဆိုးလ်**

ပြည်တွင်းသုံးစွဲမှု တိုးတက်အောင်ဆောင်ရွက်ခဲ့ပေမယ့် ပြည်တွင်းလုပ်သားဈေးကွက်က ဆက်လက်ကျဆင်းနေတဲ့အတွက် တောင်ကိုရီးယား စီးပွားရေးအခြေအနေက ဆက်လက် ကျဆင်းနေလိမ့်ဦးမယ်လို့ ဇူလိုင် ၈ ရက်က မဟာဗျူဟာနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

**EAST ASIA**

## ဂျပန်နဲ့ ဆွေးနွေးပွဲ ပျက်ပြားပြီးနောက် တောင်ကိုရီးယား လက်လီလုပ်ငန်းများက ငါးပေးသွင်းမည့်သူရှာဖွေ

ယခင် ရက်သတ္တပတ်အတွင်း ဂျပန်နဲ့ ပြုလုပ်ခဲ့တဲ့ ငါးဖမ်းယူရေးသဘောတူညီချက် စေ့စပ်ညှိနှိုင်းမှုများ ပျက်ပြားခဲ့ရပြီးနောက် ပြည်တွင်းမှာ လူကြိုက်များတဲ့ ငါးများပေးသွင်းမယ့်သူများကို တောင်ကိုရီးယားလက်လီလုပ်ငန်းရှင်များက စတင်ရှာဖွေလျက်ရှိကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ဆွေးနွေးပွဲတွေ ပျက်ပြားသွားပြီဆိုတဲ့အတွက် နှစ်နိုင်ငံစလုံးက အခြားတစ်နိုင်ငံရဲ့ သီးသန့်ရေပိုင်နက်ဇုန်ထဲကို ဝင်ရောက်ငါးဖမ်းခွင့်ရှိတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကိုရီးယားစားသုံးသူတွေ အကြိုက်များတဲ့ ငါးနှစ်မျိုးဖြစ်တဲ့ Belt Fish နဲ့ မက်ကရယ်ငါးနှစ်မျိုးရဲ့ ရောင်းလိုအားကို ထိခိုက်မှုရှိစေနိုင် ပါတယ်။

ဂျပန်နဲ့ပြန်ပြီး စေ့စပ်ညှိနှိုင်းတော့မှာ မဟုတ်ဘူးဆိုရင် တရုတ်၊ အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါတို့ အပါအဝင် အခြားနိုင်ငံတွေကနေ ငါးတွေကို မှာယူတော့မှာဖြစ်ကြောင်း စူပါမားကက်လုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ အီးမတ်က ပြောပါတယ်။ လောလောဆယ်မှာအီးမတ်က နော်ဝေနဲ့စကော့တလန်ကနေ မက်ကရယ်ငါးကို တင်သွင်းလျက်ရှိပြီး Belt Fish ကိုတော့အခြားရရှိနိုင်တဲ့ဒေသတွေ ဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုက တင်သွင်းဖို့ စီစဉ်ထားပါတယ်။

လက်လီရောင်းချရေး လုပ်ငန်းအများစုကတော့ ပင်လယ်ဝါဒေသနဲ့ ဂျယ်ဂျူကျွန်းစုက ဖမ်းယူရရှိတဲ့ မက်ကရင်ငါးတွေကို ယခုနှစ်ကုန်အထိ ဝယ်ယူရရှိမှာဖြစ်ပြီး Belt Fish ငါးတွေကိုတော့ အောက်တိုဘာအထိ ဝယ်ယူရောင်းချနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်နောက်ပိုင်းတွေမှာ ဂျပန်နိုင်ငံနဲ့ စာချုပ် ချုပ်ဆိုဖို့ အဆင်မပြေဘူးဆိုရင်တော့ အခြားရနိုင်တဲ့ နေရာတွေက ဝယ်ယူရောင်းချရမှာဖြစ်ကြောင်း တာဝန်ရှိသူတွေက ပြောပါတယ်။ ငါးရရှိနိုင်မယ့် အခြေအနေကို စူးစမ်းလေ့လာဖို့အတွက် တောင်ကိုရီးယားရဲ့ အဓိက ငါးဖမ်းနယ်မြေတွေဖြစ်တဲ့ ဆူဆန်နဲ့ ဂျယ်ဂျူကို ဝယ်လက်စေလွှတ်ထားကြောင်း အခြားလက်လီလုပ်ငန်းစုကြီးဖြစ်တဲ့ ဟုမ်းပလပ်စ်က ပြောကြားပါတယ်။

**SOUTH EAST ASIA**

## ဘရက်ဇစ်နောက်ပိုင်း ယူကေရှိ အိမ်ခြံမြေကုမ္ပဏီ ခြောက်ခုလုပ်ငန်းရပ်ဆိုင်း

ဘရက်ဇစ်ခေါ် အီးယူမှဗြိတိန်နိုင်ငံ နုတ်ထွက်ဖို့ မဲခွဲဆုံးဖြတ်ပြီးနောက်ပိုင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနေရာကို ဆက်ခံမယ့် ခေါင်းဆောင်မှုနေရာရရှိရေး တိုက်ပွဲပြင်းထန်မှုကြောင့် လုပ်ငန်းအခက်အခဲများနဲ့ ကြုံတွေ့ရတဲ့အတွက် ဗြိတိန်နိုင်ငံရှိ အိမ်ခြံမြေ ရောင်းဝယ်ရေးကုမ္ပဏီ သုံးခုက ဇူလိုင် ၆ ရက်ကစပြီး လုပ်ငန်းတွေကိုယာယီရပ်ဆိုင်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။

ဟင်ဒါဆင်ဂလိုဘယ် အင်ဗက်စတာ၊ ကိုလံဘီယာ၊ သရက်နီဒဲလ်နဲ့ ကနေဒါလိုက်ဖ်ကုမ္ပဏီသုံးခုတို့က အခုလို ကြေညာလိုက်တဲ့အတွက် လုပ်ငန်းယာယီရပ်ဆိုင်းဖို့ကြေညာတဲ့ ကုမ္ပဏီ ခြောက်ခုရှိသွားပြီ ဖြစ်ပါတယ်။

အမ်အင်န်ဂျီအင်ဗက်စမင့်၊ အဗီဗာအင်ဗက်စတာနဲ့ စတန်းဒတ်လိုက်တို့ကလည်း ယခုရက်သတ္တပတ်




စောစောပိုင်းက အလားတူကြေညာထားပြီးဖြစ်ပါတယ်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များက စီမံကွပ်ကဲဆောင်ရွက်နေတဲ့ ငွေကြေးစာချုပ် စာတမ်းတွေရဲ့ တန်ဖိုးက စတာလင်ပေါင် ၁၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄ ဘီလီယံ ) ရှိပါတယ်။

ဇွန် ၂၃ ရက်က ဥရောပ သမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်ဖို့ဆုံးဖြတ်ပြီးနောက် နိုင်ငံရေးနဲ့ စီးပွားရေး ကသောင်းကနင်းဖြစ်မှုတွေ ဗြိတိန်နိုင်ငံမှာ မကြုံစဖူးပေါ်ပေါက်ခဲ့ပြီးနောက် အိမ်ခြံမြေလုပ်ငန်းများရဲ့ ရှယ်ယာဈေးတွေ ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ဖောက်သည်တွေက ရန်ပုံငွေအဖွဲ့တွေကနေ အပြေးအလွှားနုတ်ထွက်လာကြပါတယ်။ အာဏာရကွန်ဆာဗေးတစ်ပါတီက ဒေးဗစ်ကင်မရွန်းရဲ့နေရာကို အစားထိုးဖို့အတွက် ကိုယ်စားလှယ်လောင်း နှစ်ဦးကို ရွေးချယ်တဲ့နေ့မတိုင်မီ တစ်ရက်အလိုကစပြီး အိမ်ခြံမြေဈေးကွက်ထဲမှာ ကသောင်းကနင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရွေးချယ်ခံခဲ့သူ နှစ်ဦးအနက် ပြည်ထဲရေးဝန်ကြီး သီရဲဆာမေက လူကြိုက်အများဆုံး ဖြစ်နေပါတယ်။

ဗြိတိန်နိုင်ငံရှိ အိမ်ခြံမြေ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များအနက် ထက်ဝက်နီးပါးက လုပ်ငန်းများယာယီရပ်ဆိုင်းထားပြီဖြစ်ကြောင်း စတော့ပွဲစားဟားဂရေ့လင်း စဒေါင်းကပြောပါတယ်။

**MIDDLE EAST**

## ဆော်ဒီအာရေးဘီးယား လူငယ်လူရွယ်တို့ ပုဂ္ဂလိက လုပ်ငန်းများဘက်ဦးလှည့်တော့မယ်

အစိုးရလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရင်း အေးအေးလူလူ နေထိုင်ခဲ့တဲ့ ဘဝနဲ့ ဆော်ဒီလူငယ်တွေ အသားကျခဲ့တာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ကြောင်းနဲ့ နိုင်ငံတော်ရဲ့ ပက်ထရိုဒေါ်လာခေါ် ရေနံမှရတဲ့ ဝင်ငွေကြောင့်လည်း သူတို့တစ်တွေ လခကောင်း ကောင်းကျိုးခံစားခွင့်ကောင်းကောင်းရခဲ့ကြောင်း ဖိုင်နန်ရှယ်တိုင်းမ် သတင်းမှာ ဖော်ပြထားပါတယ်။

ဒါကြောင့် ဆော်ဒီအာရေးဘီးယား လူဦးရေ သန်း ၃၀ ရဲ့ သုံးပုံတစ်ပုံရှိတဲ့ နိုင်ငံခြားလုပ်သားတွေက ဆော်ဒီအာရေးဘီးယားရဲ့ ပုဂ္ဂလိကအလုပ်အကိုင် ၈၅ ရာခိုင်နှုန်းကို ပါဝင်လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် ဆော်ဒီအာရေးဘီးယားရဲ့ ဒုတိယအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆဲလ်မန်က ဒီအခြေအနေကိုပြောင်းလဲလိုတဲ့ဆန္ဒရှိပါတယ်။ ဒုတိယ အိမ်ရှေ့မင်းသားက ၂၀၂၀ ပြည့်နှစ်မှာ အစိုးရန်ထမ်းအရေအတွက်ကို လျှော့ချပြီး အလုပ်အကိုင်ရှာဖွေနေတဲ့ ဆော်ဒီအာရေးဘီးယားလူငယ်တွေကို ပုဂ္ဂလိကလုပ်ငန်းတွေမှာ ဝင်ရောက်နိုင်အောင် စီမံကိန်းချဆောင်ရွက်လျက်ရှိပါတယ်။ ရေနံကို မှီခိုအားထားနေရတဲ့ ဆော်ဒီအာရေးဘီးယား စီးပွားရေးကို ခေတ်မီအောင်ပြင်ဆင်နိုင်တဲ့ ပြောင်းလဲမှုတွေ ဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့အချက်ကိုတော့ လေ့လာဆန်းစစ်သူတွေက သဘောတူ လက်ခံပါတယ်။ ဒါပေမယ့် စိုးရိမ်စရာကောင်းတာက လူမှုရေး ပြုပြင်ပြောင်းလဲမှုတွေကြောင့် အများပြည်သူ ဆန့်ကျင်မှုတွေဖြစ်လာမှာပဲ ဖြစ်ပါတယ်။

ဒုတိယအိမ်ရှေ့မင်းသားရဲ့ အမျိုးသားပြုပြင်ပြောင်းလဲရေး စီမံကိန်းကို ဇွန်လအတွင်းက ချမှတ်ခဲ့တာဖြစ်ပါတယ်။ စီမံကိန်းရဲ့ အဓိကရည်ရွယ်ချက်က အလုပ်လက်မဲ့နှုန်းကို လက်ရှိ ၁၁ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၀၂၀ ပြည့်နှစ်မှာ ၉ ရာခိုင်နှုန်းနဲ့ နောင်လာမယ့် ဆယ်စုနှစ်မှာ ၇ ရာခိုင်နှုန်းထိ လျှော့ချဖို့ဖြစ်ပါတယ်။

**SOUTH ASIA**

## ကျောက်မီးသွေးထုတ်လုပ်မှု မြင့်တက်လာတဲ့အတွက် ပြည်ပသို့ တင်ပို့ရန် အိန္ဒိယနိုင်ငံ ကြိုးပမ်း

အိန္ဒိယနိုင်ငံက ကျောက်မီးသွေးတင်သွင်းခဲ့တဲ့နိုင်ငံဖြစ်ပေမယ့် ယခုအခါ ထုတ်လုပ်မှုတိုးတက်နှုန်းက သုံးစွဲမှုကို ကျော်လွန်လာပြီဖြစ်တဲ့အတွက် အိန္ဒိယနိုင်ငံမှာ ကျောက်မီးသွေးအများဆုံး ထုတ်လုပ်တဲ့နိုင်ငံပိုင်ကုမ္ပဏီဖြစ်တဲ့ Coal India Ltd. က ပြည်ပသို့ ကျောက်မီးသွေးတင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

အိန္ဒိယနိုင်ငံမှ အဖွဲ့တစ်ဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မကြာသေးမီက သွားရောက်ခဲ့ပြီးနောက် ဈေးကွက်အလားအလာတွေကို လေ့လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှ NTPC နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံလျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ဘုတ်အဖွဲ့တို့က ဖက်စပ်လုပ်ငန်းတစ်ခုအဖြစ် မီဂါဝပ် ၁၃၂၀ ထုတ်လုပ်မယ့် စီမံကိန်းတစ်ခုကို ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းက အိန္ဒိယကျောက်မီးသွေးကိုဝယ်ယူမယ့် ဖောက်သည်ဖြစ်ဖို့ အလားအလာရှိတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

ဝန်ကြီး Piyush Goyal ရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကြောင့် အိန္ဒိယနိုင်ငံရဲ့ ကျောက်မီးသွေး ထုတ်လုပ်မှုက ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ပြီး တန်ချိန် ၅၃၆ သန်းအထိ ရောက်ရှိခဲ့ပါတယ်။ ကျောက်မီးသွေး၊ လျှပ်စစ်စွမ်းအားနဲ့ ပြန်ပြည့်မြဲစွမ်းအင် ဝန်ကြီးအဖြစ် တာဝန်ယူပြီးချိန်ကစပြီး Goyal က ကျောက်မီးသွေးတွင်းသစ်များ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

Coal India ရဲ့ထုတ်လုပ်မှုမြင့်မားလာတဲ့အတွက် အိန္ဒိယနိုင်ငံမှာ ကျောက်မီးသွေးအများဆုံး သုံးစွဲလျက်ရှိတဲ့ NTPC က ယခုဘဏ္ဍာနှစ်မှာ ပြည်ပမှ ကျောက်မီးသွေး တင်သွင်းတော့မှာ မဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်က ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ်ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် သံမဏိစက်ရုံနဲ့ ကမ်းရိုးတန်းဒေသရှိ စွမ်းအင်စက်ရုံများအတွက် အနည်းငယ်တော့ တင်သွင်းနေရဆဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လအထိ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံရဲ့ ကျောက်မီးသွေး တင်သွင်းမှုက ၂၇ ရာခိုင်နှုန်းမြင့်တက်ပြီး တန်ချိန် ၂၁၂ သန်းအထိ ရှိခဲ့ပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အမေရိကန် အလုပ်သမားဈေးကွက်အခြေအနေက ယခင်စစ်တမ်းများမှာ ဖော်ပြခဲ့တဲ့ အခြေအနေထက် ပိုမိုခိုင်မာမှု ရှိ/မရှိ သိရှိနိုင်ဖို့အတွက် ထုတ်ပြန်တော့မယ့် အမေရိကန်ပြည်ထောင်စုရဲ့ အလုပ်အကိုင် ကိန်းဂဏန်းတွေကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်နေတဲ့အတွက် ဇူလိုင် ၈ ရက်က အာရှဈေးကွက်ရှိ အဓိကငွေကြေးများနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ မြင့်တက်နိုင်မယ့် အလားအလာတွေရှိနေပါတယ်။

ယခု ရက်သတ္တပတ်အတွင်းမှာ လူမည်းနှစ်ဦးကို အမေရိကန်ပြည်ထောင်စုရဲတပ်ဖွဲ့က ပစ်သတ်မှုနဲ့ပတ်သက်ပြီး ဒါးလက်မြို့မှာကန့်ကွက်ဆန္ဒပြပွဲတွေဖြစ်ပေါ်ခဲ့ပါတယ်။ အဆိုပါဆန္ဒပြပွဲမှာ ရဲအရာရှိလေးဦး သေနတ်နဲ့ ပစ်သတ်ခံရပြီး ခုနစ်ဦး ဒဏ်ရာရခဲ့ပါတယ်။ ဒါကြောင့် ဂျပန်ယန်းငွေတန်ဖိုး မြင့်တက်လာပြီး ဒေါ်လာကို ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှု ကျဆင်းခဲ့ပါတယ်။

### တရုတ်ယွမ်

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကို အခွင့်ကောင်းယူပြီး ပို့ကုန်လုပ်ငန်းမြှင့်တင်နိုင်ရန်အတွက် တရုတ်နိုင်ငံက ယွမ်ငွေကြေးတန်ဖိုးကို ချထားခဲ့ပါတယ်။ ဒါကြောင့်ယွမ်ငွေ ကြေးတန်ဖိုးက ဇူလိုင် ၈ ရက်နေ့ နံနက်က ရှန်ဟဲမှာ ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဘဏ်လွမ်းဘတ်က ပြုစုထားတဲ့ ကိန်းဂဏန်းများအရ ဇူလိုင် ၈ ရက်နေ့ နံနက် ၁၁ နာရီ ၂၅ မိနစ်မှာ On shore ယွမ်ငွေကြေးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၈၄၇ ယွမ်နှုန်းရှိတဲ့အတွက် ယခင်နေ့နဲ့ နှိုင်းယှဉ် ရင် သုည ဒသမ ၀၈ ရာခိုင်နှုန်း တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဟောင်ကောင်ရှိ Offshore ယွမ်တန်ဖိုးက အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၉၈၂ ယွမ်ရှိပြီး သုညဒသမ ၀၄ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

### အိန္ဒိယရူပီး

ပြည်ပရန်ပုံငွေများ ပြန်လည်စီးထွက်သွားချိန်မှာ သွင်းကုန်လုပ်ငန်းရှင်များရဲ့ အမေရိကန်ဒေါ်လာ ဝယ်လိုအား မြင့်တက်လာခဲ့တဲ့အတွက် ဇူလိုင် ၈ ရက်က အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ၁၀ ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၄၉ ရူပီးနှုန်း ရှိခဲ့ ပါတယ်။

ဒါပေမယ့် ကမ္ဘာ့အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းမှုက ရူပီးတန်ဖိုးကျဆင်းမှုကို သက်သာစေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

အမေရိကန် ဒေါ်လာတန်ဖိုးက ယန်းငွေနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၁၀၀ ဒသမ ၅ ယန်းအထက်မှာ ရှိခဲ့ပါတယ်။ ငွေကြေးနှစ်ခုဖလှယ်နှုန်းက ဇူလိုင် ၇ ရက် ညနေ ၅ နာရီက နယူးယောက် ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၀၀ ဒသမ ၆၅ ယန်းနဲ့ တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၀၁ ဒသမ ၀၂ ယန်းနှုန်းရှိခဲ့ရာမှ ဇူလိုင် ၈ ရက်နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၀၀ ဒသမ ၇၆ ယန်းနှုန်း ရှိခဲ့ပါတယ်။

ယူရိုတန်ဖိုးက ဇူလိုင် ၇ ရက် ညနေက နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၀၅၉ ဒေါ်လာနဲ့ ၁၁၁ ဒသမ ၄၀ ယန်းနှုန်းဖြင့် လည်းကောင်း၊ တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၀၆၂ ဒေါ်လာနဲ့ ၁၁၁ ဒသမ ၇၅ ယန်းဖြင့် လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၀၆၄ ဒေါ်လာနဲ့ ၁၁၁ ဒသမ ၄၉ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

အမေရိကန်ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာတဲ့အတွက် ဇူလိုင် ၈ ရက်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားများက ပြောပါတယ်။

ဇူလိုင် ၇ ရက်ညနေက ငွေကြေးဖလှယ်နှုန်းက အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၀၂ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၁၆ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၃ ရင်းဂစ်နှုန်းအထိ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဇူလိုင် ၆ ရက်နဲ့ ၇ ရက်မှာ အစ်ပွဲတော်အတွက် ဈေးတွေပိတ်ထားတာကြောင့် အရောင်းအဝယ်ပါးပါတယ်။ တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက အတက်အကျ အမျိုးမျိုး ရှိပါတယ်။

### တောင်ကိုရီးယားဝမ်

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တောင်ကိုရီးယား ရှယ်ယာများကို ရောင်းထုတ်လာကြတဲ့အတွက် ဇူလိုင် ၈ ရက်မှာ တောင်ကိုရီးယား ရှယ်ယာတန်ဖိုးက သုညဒသမ ၆၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ပြည်တွင်း ဝမ်ငွေကြေးကတော့ အမေရိကန်တစ်ဒေါ်လာကို ၁၁၅၈ ဒသမ ၉၀ ဝမ်နှုန်းရှိပြီး ဇူလိုင် ၇ ရက် ဈေးပိတ်ချိန်က ရှိခဲ့တဲ့ နှုန်းအောက် ၄ ဒသမ ၃၀ ဝမ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

### ထိုင်းဘတ်

ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ ဘတ်ငွေတန်ဖိုးက ဇူလိုင် ၇ ရက်မှာ အမေရိကန် တစ်ဒေါ်လာကို ၃၅ ဒသမ ၁၈ ဘတ်နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့မှာ သုညဒသမ ၀၄ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၃၅ ဒသမ ၁၉ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## တောင်ကိုရီယားနိုင်ငံရဲ့ စီးပွားရေးမရေရာမှုများကြောင့် ရင်းနှီးမြှုပ်နှံသူတို့ ငွေကြေးများကို လုံခြုံစိတ်ချရာ နေရာများသို့ ပြောင်းရွှေ့မြှုပ်နှံ

တိုင်ပြည်စီးပွားရေးတွင် မရေရာမှုများ တိုးတက်ဖြစ်ပေါ်နေတဲ့အတွက် တောင်ကိုရီးယားရှိ ရင်းနှီးမြှုပ်နှံသူတို့က သူတို့ငွေကြေးများကို လုံခြုံစိတ်ချရတဲ့ နေရာများသို့ ပြောင်းရွှေ့မြှုပ်နှံမှုတွေ ပိုမိုများပြားလာကြောင်း ဇူလိုင် ၈ ရက်က ထုတ်ပြန်တဲ့ ကိန်ဂဏန်းတွေကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာဖော်ပြပါတယ်။

အချိန်မရွေးထုတ်ယူနိုင်တဲ့ Demand Deposit နဲ့ ခြောက်လမကျော်မီအတွင်းမှာပင် ပြန်လည်ထုတ်ယူနိုင်တဲ့ Time Deposite အပါအဝင် ရေတိုငွေကြေးအပ်နှံမှုများရဲ့ တန်ဖိုးက မေလကုန်အထိ စာရင်းအရဝမ် ၈၇၆ ဒသမ ၂ထရီလီယံ ( အမေရိကန်ဒေါ်လာ ၇၅၇ ဘီလီယံ ) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကုန်ကရှိခဲ့တဲ့ ဝမ် ၈၄၈ ဒသမ ၆ ထရီလီယံနဲ့နှိုင်းယှဉ်ရင် ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တောင်ကိုရီးယားဗဟိုဘဏ်ကပြုစုထားတဲ့ စာရင်းအရ သိရပါတယ်။



ငွေ အခြေအနေကိုကြည့်ရင် ရေတိုအပ်နှံငွေ၊ ဘွန်းစာ ချုပ်နဲ့ အခြား စာချုပ်စာတမ်းအတွက် သုံးစွဲငွေမှာ မေလကုန် စာရင်းအရ ဝမ် ၁၁၅၇ ဒသမ ၆ ထရီလီယံရှိကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်က ပြောပါတယ်။

ပြည်တွင်းရှိ စုစုပေါင်း အပ်နှံငွေ ဝမ် ၂၀၂၇ ဒသမ ၅ ထရီလီယံရှိရာ ကာလတိုအပ်ငွေက စုစုပေါင်း အပ်နှံငွေရဲ့ ၄၃ ရာခိုင်နှုန်း ရှိပါတယ်။ ဘွန်းစာချုပ်ကိုဝယ်ယူထားတဲ့ တန်ဖိုးက မေလကုန်စာရင်းအရ ဝမ် ၂၈၁ဒသမ ၄ ထရီလီယံ ရှိပါတယ်။ အကျိုးအမြတ်နည်းပေမယ့် အန္တရာယ်ကင်းတဲ့ အပ်နှံ

Demand Deposit က အချိန်မရွေး ပြန်လည်ထုတ်ယူနိုင်ပါတယ်။ Time Deposit သတ်မှတ်ကာလအတွင်း ထုတ်ယူနိုင်ပြီး Periodic Deposit က အပ်နှံငွေကို အချိုးညီ သတ်မှတ်ပြီး သတ်မှတ်ကာလအတိုင်း ပုံမှန်ထုတ်ယူနိုင်ပါတယ်။

## အတိုးနှုန်းမြှင့်တင်ပေးရေးကိစ္စအတွက် အမေရိကန် ဗဟိုဘဏ် ကော်မတီအတွင်း သဘောထားကွဲလွဲ

ဗဟိုဘဏ်အတိုးနှုန်းများမြှင့်တင်ပေးရန်အတွက် အမေရိကန်စီးပွားရေး အခြေအနေတိုးတက်မှုရှိမရှိ အမေရိကန်ဗဟိုဘဏ် မူဝါဒရေးဆွဲသူများအကြား သဘောထားကွဲလွဲမှုရှိခဲ့တာကို ဇူလိုင် ၆ ရက်က ထုတ်ပြန်တဲ့ ပြည်ထောင်စု လွတ်လပ်တဲ့ဈေးကွက်ကော်မတီ (Federal Open Market Committee-FOMC) ရဲ့ ဇွန် ၁၄၊ ၁၅ ရက်အစည်းအဝေးမှတ်တမ်းမှာ တွေ့ရကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

အလုပ်သမား အလုပ်အကိုင်ဈေးကွက်မှာ တိုးတက်မှုတွေ ရရှိနေပြီဖြစ်ကြောင်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းများမှာ မြင့်လာပြီဖြစ်တဲ့အတွက် အဆမတန် နိမ့်ကျနေတဲ့ အတိုးနှုန်းများကို မြှင့်တင်ဖို့ အထောက်အပံ့တွေရှိနေကြောင်း ကော်မတီဝင်အချို့က ယူဆထားပါတယ်။

ဒါပေမယ့် အမေရိကန်စီးပွားရေးက ထူးထူးခြားခြား ကျဆင်းမယ့် လက္ခဏာတွေရှိနေကြောင်း၊ အစည်းအဝေးမှာ တချို့ကော်မတီဝင်တွေက တင်ပြတဲ့အတွက် FOMC ကော်မတီက အတိုးနှုန်းမြှင့်တင်ရေးကိစ္စကို ဆိုင်းငံ့ထားပါတယ်။ လောလောဆယ်မှာ အမေရိကန်ဗဟိုဘဏ်ရဲ့ အခြေခံစံထား အတိုးနှုန်းက သုည ဒသမ ၂၅ ရာခိုင်နှုန်းနဲ့ သုည ဒသမ ၅၀ ရာခိုင်နှုန်း အကြား သတ်မှတ်ထားရှိပါတယ်။

အဖွဲ့ဝင်အားလုံးက အီးယူမှ ဗြိတိန်နိုင်ငံခွဲထွက်ဖို့ ဆုံးဖြတ်မှုကြောင့် ဖြစ်ပေါ်လာမယ့်ရလဒ်တွေကို စောင့်ကြည့်ပြီးမှ ဆောင်ရွက်ဖို့ သဘောတူကြပါ တယ်။ FOMC ရဲ့ နောက်တစ်ကြိမ် အစည်းအဝေးကို ဇူလိုင် ၂၆ ရက်နဲ့ ၂၇ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။


TOKYO PIPE & KYOTO ELECTRONIC
uPVC Pipes အမျိုးမျိုး
HDPE Pipe
HDPE Pipe Fitting များ
HDPE Pipe များ
Screen Pipe & Casing Pipe များ
Super Spring Hose
Super Braid Hose & Water Discharge Hose
33 KV, 11 KV, 0.4 KV Wire Cables အမျိုးမျိုး
Electrical Conduits Pipe & Fitting များ
Nickel Coatted Copper
H-Bean များ
ဘီလပ်မြေများ
(Deformed Bar)
Submersible Pump & Expension Joint များ
Corner များ
PVC
PVC/HDPE
ကော်စေ့များ
PVC Car Pets
Manual/Electric Stacker
Electric Chain Hoist
လုပ်ငန်းသုံး Inkjet Printer
Imperial Leather Soap & Products
Hotel နှင့် အိမ်သုံး Kyoto Electronic အမျိုးမျိုး
YAMAHA
Multi Passenger & Personal Transportation Vehicle
MYANMAR PIPES & ACCESSORIES CO., LTD.
Excel Treasure Tower
Tel : 95-1-559 744, 09-500 1326
Fax: 95-1-558 869

# RHYTHM®

## SPECIAL PROMOTION

*RHYTHM Showroom* နှင့်ချယ်ရီဦး နာရီဆိုင်တိုင်းတွင် မည်သည့် *Brand* မဆို
နာရီတစ်လုံး ဝယ်ယူပြီး *Cash Back Coupon* တစ်စောင်ရယူလိုက်ပါ။
*Coupon* ဖြင့် *RHYTHM* နာရီတစ်လုံးဝယ်ယူသည့်အခါ တွင်အောက်ပါအတိုင်းငွေသားပြန်ပေးသွားမည်ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| 500,000 Ks | ~ | above Ks | → | 100,000 Ks |
| 300,000 Ks | ~ | 499,999 Ks | → | 60,000 Ks |
| 100,000 Ks | ~ | 299,999 Ks | → | 20,000 Ks |
| 50,000 Ks | ~ | 99,999 Ks | → | 10,000 Ks |
| 30,000 Ks | ~ | 49,999 Ks | → | 6,000 Ks |

*July-1 to August - 31*

Magic motion Clocks ဝယ်ယူပါက 50% Discount ရရှိနိုင်မည့်အခွင့်အရေးလည်းရှိနေပါပြီ




Available at: **CHERRY OO**

Showroom: No.209, Corner of 32nd Street (Middle Block) and Anawrahta Road, Pabedan Township, Yangon. Tel:01-373193,09-977122580.

☎ :09-254159733,09-73145658,09-31248534,09-31247328,01-242452,02-72992,067-23107,057-22580,081-2123821.



COMMERCE INTERNATIONAL

# ထိုင်းနိုင်ငံက ဆန်တန်ချိန်လေးသန်းနီးပါးကို ဇူလိုင်လအတွင်း လေလံတင်မည်



ထိုင်းနိုင်ငံ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဇူလိုင် ၂၅ ရက်မှာ ဆန်တန်ချိန် ၃ ဒသမ ၇ သန်းကို လေလံ တင်ရောင်းချမည်ဖြစ်ရာ လေလံတင်ရောင်းချခဲ့တဲ့ ပမာဏများအနက် အများဆုံးဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အကယ်၍ လေလံတင်မယ့် ဆန်ပမာဏအားလုံးကို ရောင်းချနိုင်မည်ဆိုပါက အစိုးရရဲ့ သိုလှောင်ရုံတွေထဲမှာ ဆန်လက်ကျန် တန်ချိန် ၆ သန်းသာရှိတော့မှာ ဖြစ်ပါတယ်။

လေလံတင်ရောင်းချမယ့်တန်ချိန် ပမာဏအနက် ဆန်ကုန်သည်များအား ပို့ကုန်အဖြစ်နဲ့ တိုက်ရိုက်ရောင်းချမှုအဖြစ် ဆန်တန်ချိန် ၂ ဒသမ ၁၈ သန်း၊ ပြည်တွင်းစားသုံးဖို့အတွက် တိုက်ရိုက်လေလံတင်ရောင်းချမယ့်ဆန်က တန်ချိန် ၇၃၀၀၀၀ နဲ့ ကျန်တဲ့ဆန်တွေကိုတော့ တိရစ္ဆာန်အစာနဲ့ အစားအစာမဟုတ်တဲ့ လုပ်ငန်းတွေမှာ သုံးဖို့ ရောင်းချပေးမှာဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူး ဒူရာပွန်ရောဖားယားက ပြောပါတယ်။

ဈေးကွက်မှာ ဝယ်လိုအား မြင့်တက်လိမ့်မယ်၊ ကောက်ရိတ်သိမ်းရာသီ မရောက်မီ လာမယ့် လအနည်းငယ်အတွင်းမှာ ကျန်သိုလှောင်ဆန်တွေကို ပိုမိုရောင်းချနိုင်လိမ့်မယ်လို့ အစိုးရက ခန့်မှန်းထားကြောင်း ဒူရာပွန်က ပြောပါတယ်။

အဓိက သီးနှံရိတ်သိမ်းချိန် နောက်ကျနိုင်သလို ဆန်အထွက်ကလည်း ၂၀၁၅ ခုနှစ်က တန် ၃၁ သန်း ထွက်ရှိခဲ့ရာမှ ယခုနှစ်မှာ တန် ၂၇ သန်းသာ ထွက်ရှိမယ်လို့ ယူဆထားတဲ့အတွက် ပုဂ္ဂလိက ကုန်သည်တွေအနေနဲ့ လေလံပွဲမှာ စိတ်အား ထက်သန်စွာ ပူးပေါင်းပါဝင်ကြဖို့ သူကပြောပါတယ်။

ယခင်လေလံတင်ခဲ့စဉ်က ဆန်ရောင်းချမှုနဲ့ပတ်သက်ပြီး မသမာမှုကြောင့် နိုင်ငံရေးသမားလေးဦးနဲ့ အစိုးရအရာရှိနှစ်ဦးထံမှ ရရန်ကြွေးဘတ်သန်း ၂၀ ရှိပါတယ်။ ဒီအမှုက ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီမှာ သက်တမ်းကုန်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါလျော်ကြေးများ ရရှိအောင် ဆောင်ရွက်ဖို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဌာနက ဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချားကို တင်ပြထားပါတယ်။

UNT







Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 11th July 2016

<< June And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI .25 | 1.55 | 1.90 | 2.20 | 3.50 | 21.6.2016 | | | | 20.6.2016 | 19.6.2016 | | | | 30.6.2016 | 4.7.2016 | 18.7.2016 |
| | S/O CUT | | | | 17.6.2016 | | | | 16.6.2016 | 15.6.2016 | | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | 10.7.2016 | | 13.7.2016 | 14.7.2016 | | 8.7.2016 | | 23.7.2016 | 27.7.2016 | |
| | S/O CUT | | | | | 8.7.2016 | 6.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI .26 | 1.55 | 1.90 | 2.20 | 3.50 | 26.7.2016 | | | | 27.7.2016 | 28.7.2016 | | | | 5.8.2016 | 9.8.2016 | |
| | S/O CUT | | | | 22.7.2016 | | | | 23.7.2016 | 24.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | 12.8.2016 | | 10.8.2016 | | 13.8.2016 | 14.8.2016 | | 8.8.2016 | | 24.8.2016 | 27.8.2016 | |
| | S/O CUT | | | | 8.8.2016 | | 6.8.2016 | | 9.8.2016 | 10.8.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

# တစ်ဖက်နိုင်ငံမှာ အဝယ်လိုက်နေတဲ့ မြန်မာ့ကြက်သွန်နီ များများတင်ပို့နိုင်ဖို့



နီနီမော် ၊ မူဆယ်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇွန်လအတွင်း နေ့စဉ် ကြက်သွန်နီ ကားအစီးရေ ငါးစီးမှ ၂၀ စီးအထိ တင်ပို့လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၈၂ သန်း တန်ဖိုးရှိ ကြက်သွန်နီတန်ချိန် ၁၆၁၂၉ ဒသမ ၂၄၀ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီလကနေ ဇွန်လကုန်ထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၂ သန်းတန်ဖိုးရှိ ကြက်သွန်နီတန်ချိန် ၂၁၀၂၈ ဒသမ ၄ တင်ပို့လာနိုင်လို့ ယခင်နှစ်ကထက် ကြက်သွန်နီဈေးကွက် ပိုမိုကျယ်ပြန့်လာတာကို တွေ့ရှိရပါတယ်။

မြန်မာပြည်တွင်းမှာ ‘ကြက်သွန်နီ’ ကို မုံရွာ၊ မြင်းခြံ၊ တောင်သာ၊ ပခုက္ကူ၊ မန္တလေး၊ ကျောက်ဆည်၊ မကွေးဒေသတို့မှာ အများဆုံးစိုက်ပျိုး ထွက်ရှိပါတယ်။ ထွက်ရှိသည့် အရွယ်အစားကို လိုက်ပြီး သုံးမျိုးလောက် ခွဲခြားထားပြီး အသေးဆိုဒ် (20 MM- 30 MM) အလတ်ဆိုဒ် (25 MM -35 MM) အကြီးဆိုဒ် (35 MM – UP) အနေနဲ့ ခွဲခြားထားပြီး တစ်ဖက် တရုတ်နိုင်ငံကတော့ (25 MM-35 MM) အရွယ်အစားရှိအလတ်ဆိုဒ် အခွံပါး၊ခေါင်းကျစ်တဲ့ RC မြစ်သားမျိုးကို ကြိုက်နှစ်သက်တယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံကထွက်ရှိတဲ့ ကြက်သွန်နီကို ယခင်ကာလများက စီးပွား/ ကူးသန်း ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) တွင်သာ လိုင်စင်လျှောက်ထား ခွင့်ပြုပေမယ့် တစ်ဖက် တရုတ်နိုင်ငံရဲ့ ဝယ်လိုအား အခြေအနေအရ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်မှ စတင်ပြီး ကုမ္ပဏီအနေနဲ့ လိုင်စင်တစ်စောင်လျှင် တန် ၁၀၀ နှုန်းနဲ့ နယ်စခန်းတွင် ပို့ကုန်လိုင်စင် လျှောက်ထားလို့ရပါတယ်၊ လိုင်စင်တစ်ခါ လျှောက်ရင် လိုင်စင်တစ်စောင်ကို တန် ၁၀၀ နှုန်းသာခွင့်ပြုပေမယ့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ယာဉ်စစ်ကွင်းကို ကုန်တင်ယာဉ်များနဲ့ တင်ဆောင်လာတဲ့ ကြက်သွန်နီ ပမာဏအတိုင်း လိုင်စင်တစ်စောင် တန် ၁၀၀ နှုန်းနဲ့ တင်လာသလောက် ကြက်သွန်နီလိုင်စင်ကို လိုသလောက် တစ်နာရီအတွင်းမှာ ထုတ်ပေးနေပါတယ်။ ဒါကြောင့်မို့ ဧပြီလတည်းက ယခု အချိန်ထိ နေ့စဉ်ကြက်သွန်နီ ပို့ကုန်ကားတွေ ဝင်နေတာတွေ့ရပြီး တစ်နေ့ကိုကား ၁၀ စီးဝန်းကျင် ဝင်ရောက်လျက်ရှိနေပါတယ်။

ကြက်သွန်နီ တင်ပို့လိုတဲ့ ကုန်သည်တစ်ဦးအနေနဲ့ကတော့ အဆက်အသွယ်မရှိဘဲ တစ်ဖက်နိုင်ငံကို တင်ပို့ရောင်းချလိုပါက မူဆယ်(၁၀၅)မိုင်မှာရှိတဲ့ ပဲ၊ ပြောင်း၊နှမ်း၊ လယ်ယာထွက်ကုန်ပစ္စည်းကုန်စည်ဒိုင်ရဲ့ ဖုန်း ၀၈၂-၅၅၀၉၂ ၊ ၀၈၂- ၅၅၃၀၀ ကို ဆက်သွယ်လိုက်ပါက အဆိုပါ ကုန်စည်ဒိုင်က တစ်ဖက်နိုင်ငံမှ ဝယ်ယူသူနဲ့ ချိတ်ဆက်၍ ရောင်းချပေးကြောင်း၊ အဲဒီလို ချိတ်ဆက်ရောင်းချပေးတဲ့အတွက် ကုန်စည်ဒိုင် အနေနဲ့ ငွေကြေးတစ်စုံတစ်ရာ ရယူမှုမရှိဘူးလို့ သိရပါတယ်။

မြန်မာနိုင်ငံက LDC နိုင်ငံဖြစ်တဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ မြန်မာ့ကြက်သွန်နီတင်ပို့မှုကို ၂၀၁၃ ခုနှစ် ကတည်းက တစ်ဖက်သတ် အခွန်ကင်းလွတ်ခွင့်ပေးထားပါတယ်။ တစ်ဖက် တရုတ်နိုင်ငံက ကြက်သွန်နီဝယ်တဲ့ ကုမ္ပဏီရဲ့ တောင်းဆိုချက်ရှိခဲ့ရင် Form-E ထုတ်ပေးမှာဖြစ် ပါတယ်။ ဒါကြောင့် မိမိ ကုန်သည်အတွက် တရုတ်နိုင်ငံရဲ့ အခွန်ကင်းလွတ်ခွင့်ရရှိမှာဖြစ်တာကြောင့် အားသာချက်ရှိတဲ့ ပို့ကုန်ပစ္စည်းဖြစ် ပါတယ်။ ငွေပေးချေမှုကိုတော့ ရွှေလီမှာ ပစ္စည်းရောင်းချပြီးမှ ငွေရရှိ တယ်လို့ ဆိုပါတယ်။

လိုင်စင်ရရှိ အခွန်ဆောင်ပြီး ကြက်သွန်နီတွေကိုတော့ တစ်ဖက် နိုင်ငံသို့ တင်ပို့ရောင်းချရန်အတွက် ဝန်ဆောင်မှုပေးတဲ့ တရုတ်လူမျိုး ကိုယ်စားလှယ်သာချောနှင့် လျှောက်ရန်ဆိုသူတို့နဲ့ ဆက်သွယ်ပြီး ရောင်းချရမှာဖြစ်ပါတယ်။ အဆိုပါ ကိုယ်စားလှယ်များက မန်ဝိန်းပေါက်အထိ လာရောက်ခေါ်ယူပြီး ရွှေလီမြို့ထန်ချန်း၊ တယ်လုံ ကားကွင်းအတွင်းရှိ ဂိုထောင်များမှာ ပစ္စည်းချပြီးမှ အရောင်းအဝယ်ပြုလုပ်ကြောင်း သိရပါတယ်။ မြန်မာ့ကြက်သွန်နီဟာ ရွှေလီ-ကူမင်းမှ ကွမ်ကျိုးပြည်နယ်၊ စိချွမ်ပြည်နယ်များရှိ ဈေးကွက်များအထိ ရောက်ရှိပါတယ်။

ထန်ချန်း၊ တယ်လုံကားကွင်းထဲရှိဂိုထောင်များရဲ့ ကြက်သွန်နီထားသိုပုံ စနစ်ကတော့ အိတ် ၃၀စာ ဝင်ဆံ့တဲ့ သံလှောင်အိမ်များနဲ့ ကြက်သွန်နီကို မပျက်စီးအောင် သိုလှောင်ထားရှိကြောင်း သိရပါတယ်၊ မြန်မာကုန်သည်များအနေဖြင့်လည်း ဒီလိုသံလှောင်အိမ်လိုမျိုးနဲ့ ထားနိုင်မယ်ဆိုရင်တော့ ပျက်စီးဆုံးရှုံးမှုနည်းပြီး ရေရှည်အထားခံတဲ့အတွက် ဈေးတက်ချိန်ကို စောင့်ပြီး ရောင်းနိုင်မှာဖြစ်ရာ ဒီလို သိုလှောင်မှုမျိုးနဲ့ ဆောင်ရွက်သင့်တယ်လို့ အကြံပေးချင်ပါတယ်။

ပြည်တွင်းမှာတော့ ကြက်သွန်နီထွက်ရှိတဲ့ ဒေသတွေမှာ ဝယ်မယ်ဆိုရင် တစ်ဖက်တရုတ်နိုင်ငံက ကြိုက်တဲ့ အလတ်ဆိုဒ် (25 MM -35MM) က တစ်ပိဿာ ၃၅၀ ကျပ် ဈေးရှိပြီး မန္တလေးကုန်စည်ဒိုင်မှာ တော့ တစ်ပိဿာ ၄၀၀ ကျပ်နှုန်း ဈေးပေါက်တယ်လို့ သိရပါတယ်။ သယ်ယူပို့ဆောင်စရိတ်ကတော့ မန္တလေးမှ ကျယ်ဂေါင်အထိ တစ်ပိဿာ ၇၂ ကျပ် ခန့် ပေးရတယ်လို့ သိရပါတယ်၊ ကြက်သွန်နီ တစ်တန် တင်ပို့ မယ်ဆိုရင် ကုန်ကျစရိတ်ကတော့ မန္တလေးကုန်စည်ဒိုင် ကြက်သွန်နီ တစ်တန်ဝယ်ဈေး ၂၄၄၈၀၀ ကျပ်၊ မန္တလေး-ကျယ်ဂေါင် ကားခ တစ်တန်လျှင် ၄၄၀၆၄ ကျပ် ၊ ၂ ရာခိုင်နှုန်းအခွန် ၇၉၃၇ ကျပ် ဝန်းကျင်ခန့်ကုန်ကျတာကြောင့် စုစုပေါင်း ၂၉၆၈၀၀ ကျပ် ဖြစ်ပါတယ်။ ၁၂ ဘီးကားဆိုရင်တော့ ၁၆ တန် ၁၇ တန်လောက် တင်နိုင်ပြီး ၂၂ ဘီးကားဆိုရင်တော့ ၃၂ တန် ၃၃ တန် လောက် တင်နိုင်တယ်လို့ သိရပါတယ်။တစ်ဖက်နိုင်ငံ ကျယ်ဂေါင်-ရွှေလီမှာတော့ တစ် ကီလိုကို ၂ ဒသမ ၂ ယွမ်လောက်ရရှိပြီး ဂိုဒေါင်ငှားရမ်းခ အပါအဝင် အထွေထွေကုန်ကျစရိတ်အဖြစ် တစ်ကီလိုကို သုည ဒသမ ၂ ယွမ်ကျသင့်မှာဖြစ်ပြီး ၎င်းကုန်ကျစရိတ်ကို မြန်မာကုန်သည်က ကျခံပေးရတယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ကုန်သည်က တစ်ကီလိုကို ၂ ယွမ်ရရှိမှာဖြစ်ပြီး ငွေလဲနှုန်း တစ်ယွမ်ကို ၁၇၂ ကျပ်နှုန်း၊ တစ်ကီလို ကို ၃၄၄ ကျပ်နှုန်းဖြင့် တစ်တန်လျှင် ၃၄၄၀၀၀ ကျပ်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကြက်သွန်နီ တစ်တန် တင်ပို့မယ်ဆိုရင် ကုန်သည်အနေနဲ့ ၄၇၁၉၉ ကျပ် အကျိုးအမြတ်ရရှိမှာ ဖြစ်ပါတယ်။ တစ်ဖက် တရုတ်နိုင်ငံရဲ့ ကြက်သွန်နီ လိုအပ်ချက်က ကုန်းတွင်းကျတဲ့ ပြည်နယ်များသာမက ပြည်မကြီးအထိပါ လိုအပ်ချက်များလှတဲ့အတွက် ကုန်သည်များအနေဖြင့် မြန်မြန်ပို့ များများမြတ် အကျိုးကျေးဇူးများ သီးပွင့်ခံစားနိုင်ကြမှာဖြစ်ပါတယ်။

## ပြည်ပသို့ တင်ပို့မည့် တိရစ္ဆာန်များနှင့် ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများကို မွေးမြူရေးနှင့် ကုသရေဦးစီးဌာနမှ ထုတ်ပြန်

ပြည်ပသို့တင်ပို့မည့် တိရစ္ဆာန်များနှင့် ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများကို မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ထုတ်ပြန်လိုက်တယ်လို့ သိရပါတယ်။ တင်ပို့နိုင်တဲ့ တိရစ္ဆာန်များကတော့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက်၊ ခွေးနဲ့ ကြောင်တို့ဖြစ်ပြီး တင်ပို့တဲ့ရည်ရွယ်ချက်ကတော့ မွေးမြူရန်နဲ့ စားသုံးရန်ဖြစ်ပါတယ်။

တင်ပို့ခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းတွေကတော့ တင်ပို့လိုတဲ့ တိရစ္ဆာန်များနဲ့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ခွင့်ပြုထုတ် ပေးထားတဲ့ သက်တမ်းမကျော်တဲ့ ပို့ကုန်လိုင်စင်နဲ့သက်ဆိုင်တဲ့ ပြည့်စုံသော ဖော်ပြချက်များ (သို့) သက်သေခံ မှတ်တမ်းအပြည့်အစုံ ဖော်ပြချက်ပါရှိသည့် သက်သေခံလက်မှတ်နှင့် တင်ပို့မှုကို လက်ခံသော နိုင်ငံတော် လိုအပ်ချက်ပေါ် မူတည်၍ တိရစ္ဆာန် အမျိုးအစားအလိုက် ကူးစက်ရောဂါ စစ်ဆေးထိန်း ချုပ်ရေးစခန်းတွင် (၁၀ ရက်မှ ၆၀) ရက်အထိ ထိန်းသိမ်းထား ရှိရမည်။ တင်ပို့မှုကို လက်ခံသော နိုင်ငံမှ လိုအပ် ချက်အရ ကူးစက်ရောဂါများ ကင်းရှင်းမှု အခြေအနေ ဖော်ပြသော ဓာတ်ခွဲခန်း စစ်ဆေးမှုထောက်ခံချက်တို့ ပူးတွဲပါရှိရမယ်လို့ အဆိုပါ စည်းကမ်း သတ်မှတ်ချက်မှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် တင်ပို့သော အကြိမ်တိုင်း ကျွဲ ၊နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဝက်၊ ကြက်၊ ခွေး၊ ကြောင် တိရစ္ဆာန်များအတွက် သတ်မှတ်နှုန်းထားများ အတိုင်း အခကြေးငွေ ပေးဆောင်ရမှာဖြစ်ပါတယ်။

အလားတူ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းနဲ့ တိရစ္ဆာန်အစာ တင်ပို့ခြင်းအတွက် ကုန်သွယ်ရေးဦးစီးဌာနရဲ့ ပို့ကုန်လိုင်စင်၊ တင်ပို့မယ့် တိရစ္ဆာန်ထွက်ပစ္စည်းနဲ့ တိရစ္ဆာန်အစာများကို နမူနာရယူပြီး ဓာတ်ခွဲခန်း စစ်ဆေးမှုများ ပြုလုပ်ခြင်း၊ ပြည်ပသို့ တင်ပို့တဲ့ အကြိမ်တိုင်းဌာနမှ သတ်မှတ်ထားတဲ့ အခကြေးငွေများ ပေးဆောင်ရမယ်လို့ ဖော်ပြပါရှိပါတယ်။

လိုအပ်တဲ့ စာရွက်စာတမ်းများ၊ ဓာတ်ခွဲခန်းစစ်ဆေးမှုများ ပြည့်စုံပါက ဌာနမှ ထောက်ခံချက်လက်မှတ် ထုတ်ပေးမယ်လို့ အဆိုပါ ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ ထုတ်ပြန်ထားတဲ့ စည်းမျဉ်း စည်းကမ်း အသေးစိတ်ကို သိရှိလိုပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပုသိမ်မြို့ ARCCI ရုံးတွင် Personal Skill Development သင်တန်းဖွင့်လှစ်

ပုသိမ်မြို့ ARCCI ရုံးတွင် Personal Skill Development သင်တန်းကို ဇွန်လမှစတင်၍ ဇူလိုင်လ ဒုတိယပတ်အထိ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တို့တွင် ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါသင်တန်းသို့ စီးပွားရေးလုပ်ငန်းရှင်များ ၊ ကုမ္ပဏီများ ၊ အသင်းအဖွဲ့များ၊ ပညာရေးနှင့် စီးပွားရေးလေ့လာသူများ၊ ခေတ်ပညာတတ်လူငယ်များ၊ စုစုပေါင်း ၅၀ခန့် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

စီးပွားရေးလုပ်ငန်းများအား အောင်မြင်အောင် ဆောင်ရွက်ရာမှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိက လိုအပ်ပါကြောင်း၊ ပြောင်းလဲလာသော ခေတ်နဲ့အညီ လုပ်ငန်းရှင်များ လိုက်ပါနိုင်ရေး၊ ကိုယ်ရည် ကိုယ်သွေးမြင့်မားပြီး ထူးချွန်သောစီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာရေး၊ မကြာခင် ကာလအတွင်းမှာ ဖြစ်ပေါ်လာတော့မယ့် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပါဝင်၍ အာဆီယံရဲ့ ရှေ့လုပ်ငန်းစဉ်များနဲ့ ရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဖြစ်ပေါ်လာနိုင်တဲ့ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ဖို့ ဒီနေ့သင်တန်းကို ဖွင့်လှစ်ရတာဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ARCCI အသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောကြားခဲ့ပါသည်။

**မင်းမင်းဦး-ပုသိမ်**

# ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲ ၄၀၀ ပြည့် အထိမ်းအမှတ် ကျင်းပ




မြန်မာနိုင်ငံ၏ အကြီးဆုံးဘဏ်တစ်ခုဖြစ်သည့် ကမ္ဘောဇဘဏ်သည် ၎င်း၏ ဘဏ်ခွဲလေးရာခုမြောက်ဘဏ်ခွဲဖွင့်လှစ်သည့် အခမ်းအနားကို အဆိုပါဘဏ်ခွဲတည်ရှိရာ အနောက်ရွှေဂုံတိုင်လမ်းတွင် ဇူလိုင်၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဘဏ်ခွဲ အသစ်ဖွင့်လှစ်သည့်နေ့သည် တောင်ကြီးမြို့ရှိ ကမ္ဘောဇဘဏ်၏ ပထမဦးဆုံးဘဏ်ခွဲဖွင့်လှစ်သည့် ၂၂နှစ်ပြည့်သည့်နေ့ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုတွေကို အသုံးပြုနေကြတဲ့ မိဘပြည်သူတွေက ဒီအောင်မြင်တဲ့ သမိုင်းကြောင်းမှာ အရေးကြီးတဲ့ အစိတ်အပိုင်းကနေ ပါဝင်နေပါတယ်။ မြန်မာနိုင်ငံ တိုးတက်လာတာနဲ့အမျှ ကမ္ဘောဇဘဏ်အနေနဲ့လည်း ဘဏ်ခွဲတွေ ပိုမိုဖွင့်လှစ်နိုင်ရေးအတွက် ကမ္ဘောဇအုပ်စုတစ်ခုလုံးရဲ့ ကြိုးစားအားထုတ်မှုနဲ့အတူ နှစ်ရှည်လများ ကြိုးပမ်းခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုတွေကို အသုံးပြုနေကြတဲ့ မိဘပြည်သူများကိုလည်း ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးအပ်နိုင်ဖို့ အခွင့်အလမ်းတွေ ရရှိအောင် လုပ်ဆောင်နေပါတယ်။ ပိုမိုမြန်ဆန်ပြီး ယုံကြည်စိတ်ချရတဲ့ ဆက်သွယ်ရေးကိုဖြန့်ဝေနိုင်ရန် အဆင့်မြင့်တဲ့ အိုင်တီကွန်ရက်တစ်ခုကို ရင်းနှီးမြှုပ်နှံကာ ငွေကြေးပိုင်းဆိုင်ရာလုပ်ငန်းများနဲ့ပတ်သက်ပြီး ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို အသုံးပြုသူမိဘပြည်သူများရရှိရန်အတွက် ခိုင်မာတဲ့ဝန်ဆောင်မှုတွေ ပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာ့ဘဏ် လုပ်ငန်းလောကတွင် ဦးဆောင်ဘဏ်တစ်ခုအဖြစ် ရပ်တည်ခဲ့ပြီး ယခုအချိန်တွင် ဘဏ်ခွဲများကို နိုင်ငံတစ်ဝန်းတွင် ဖြန့်ကြက်နိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘောဇဘဏ် လီမိတက်သည် မြို့ပြကြီးများတွင်သာမဟုတ်ဘဲ ဝေးလံခေါင်ဖျားသည့် ဒေသများတွင်ပါ ဘဏ်ခွဲများ သွားရောက်ဖွင့်လှစ်ကာ ရှေးယခင်က မဖွံ့ဖြိုးခဲ့သည့်ဒေသများကို ခေတ်မီဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများနှင့်မိတ်ဆက်ပေးနိုင်ခဲ့သည်။

ဆက်လက်ပြီးလည်း အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလျက်ရှိသည့် မြန်မာနိုင်ငံ၏ အခြေအနေများနှင့်အညီ ဘဏ်ခွဲများကို တိုးချဲ့ရင်း ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ရုံးခွဲပေါင်း ၃၀၀ မြောက်ဖွင့်လှစ်ကာ နောက်ဆုံးမှတ်ကျောက်တင်နိုင်ခဲ့သည်။

ကမ္ဘောဇဘဏ်သည် နိုင်ငံတကာတွင် ပထမဦးဆုံးခြေလှမ်းအနေဖြင့် ထိုင်းနှင့်စင်ကာပူနိုင်ငံတို့တွင် ကိုယ်စား လှယ်ရုံးခွဲဖွင့်လှစ်ခွင့်လိုင်စင်ရရှိထားပြီးဖြစ်ကြောင်း မကြာသေးမီကပင် ကြေညာခဲ့သည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် ရုံးခွဲပေါင်း ၄၀၀ ကို ဝန်ထမ်းဦးရေ ၁၆၀၀၀ ကျော်ဖြင့် လည်ပတ်လျက်ရှိပြီး ငွေကြေးနှင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**MTD**




# OPPO က ထူးခြားကောင်းမွန်သည့် 4G စနစ်သုံး A37 ဖုန်းကို ကျပ်နှစ်သိန်းကျော်ဖြင့် ရောင်းချပေးလျက်ရှိ

OPPO က ထူးခြားကောင်းမွန်သည့် 4G စနစ်သုံး A37 ဖုန်းအမျိုးအစားကို ကျပ် ၂၂၉၀၀၀ဖြင့် ရောင်းချပေးလျက်ရှိကြောင်း OPPO ၏ သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

OPPO သည် အဆိုပါစမတ်ဖုန်းအမျိုးအစားသစ်တစ်ခုဖြစ်သည့် A37 ဖြင့် မြန်မာနိုင်ငံ၏မိုဘိုင်းဖုန်းဈေးကွက်ကို ဦးဆောင်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါစမတ်ဖုန်း A37 အမျိုးအစားသည် ၂၀၁၆ ခုနှစ်အတွင်းမြန်မာပြည်ဈေးကွက်နှင့်အထူးသင့်လျော်မှု ရှိစေမည့်စမတ်ဖုန်းဖြစ်ပြီး ဇူလိုင် ၁ ရက်မှစတင်ကာ ဈေးကွက်အတွင်း စတင်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

ယင်းဖုန်းအမျိုးအစားသည် 4G ကွန်ရက်စနစ်ကို အသုံးပြုထားပြီး ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်သည့် Dual Sim Card အမျိုးအစားဖြစ်သည်။ ထို့ပြင် အဆိုပါ Dual Sim Card တွင် မည်သည့် Slot တွင် ကတ် စိုက်ထားသည်ဖြစ်စေ 4G စနစ်ကို အပြည့်အဝအသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် သီးသန့် SD Card ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် တတိယမြောက် Slot ကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

ယခု ထုတ်လုပ်လိုက်သည့် OPPO A37 ဖုန်းအမျိုးအစား၏ ဒီဇိုင်းကို လှပသေသပ်စွာ ထုတ်လုပ်ထားပြီး ကိုယ်ထည်မှာ သတ္တုကိုယ်ထည်ဖြစ်ရာ စမတ်ဖုန်းကို ဖက်ရှင် Gadget တစ်ခု အဖြစ်ပါ ကိုင်ဆောင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖုန်း၏မျက်နှာပြင်မှာ ငါးလက်မအရွယ်အစားရှိပြီး မျက်နှာပြင် ပိုမိုလှပမှုရှိစေရန်နှင့် အကြမ်းခံနိုင်စေရန် 2.5D Arc Edge Screen နှင့် Gorilla Glass 4 ကို အသုံးပြုပေးထားသည်။ ကင်မရာပိုင်းတွင်လည်း 8MP ရှိ သည့် နောက်ကင်မရာနှင့် 5MP ရှိသည့်ရှေ့ကင်မရာတို့ကို အသုံးပြုပေးထားပြီး အလင်းဝင်အားပိုမိုကောင်းမွန်သည့် Aperture တို့ကြောင့်သစ်လွင်တောက်ပသည့် ကင်မရာပုံရိပ် အလှကို ဖမ်းယူရရှိစေနိုင်မည်ဖြစ်ကြောင်း သိရ သည်။

ယင်းဖုန်းတွင် System Memory မှာ 2GB RAM ရှိပြီး Internal Memory မှာ 16 GB ရှိ ကြောင်း သိရသည်။ ထို့ပြင် SD Card တစ်ဆင့်တိုးမြှင့်အသုံးပြုလိုပါက 128GB အထိ ရရှိနိုင်ကြောင်း သိရသည်။

ဘက်ထရီ အမျိုးအစားမှာ 2630 mAhအမျိုးအစားကို အသုံးပြုထားပြီး ဖုန်းအရောင်ရွေးချယ်မှုအနေဖြင့် Gold နှင့် Rose Gold အရောင် နှစ်မျိုးကို ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**MTD**

## Hitachi Home Electronics Myanmar Co., Ltd. ဖွင့်လှစ်

Hitachi Asia Co., Ltd. သည် Hitachi Home Electronics Myanmar Co., Ltd. ကိုဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း Hitachi ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါHitachi Home Electronics Myanmar Co., Ltd. ကို ပြီးခဲ့သည့် ဧပြီ ၁ ရက်ကတည်းက စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အလုံမြို့နယ် ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်တွင် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်း Hitachi Home Electronics Myanmar Co., Ltd. သည် Hitachi Home Electronics Asia Singapore က ရာနှုန်းပြည့်ပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံတွင် ဒုတိယမြောက်ဖွင့်လှစ်သည့် ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီ၏ ပထမဆုံးဖွင့်လှစ်သည့်ကုမ္ပဏီကို ဗီယက်နမ်နိုင်ငံတွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"Hitachi အိမ်သုံး အီလက်ထရောနစ်ပစ္စည်းများကို အင်ဒိုချိုင်းနားဈေးကွက်မှာ ပိုမိုကျယ်ပြန့်စွာ ဖြန့်ချိနိုင်ရန်ရည်ရွယ်ပြီး အခုလိုဖွင့်လှစ်ရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဖွင့်လှစ်တဲ့ ကုမ္ပဏီက ဒုတိယမြောက်ဖွင့်လှစ်တဲ့ကုမ္ပဏီပါ။ ပထမဦးဆုံးကုမ္ပဏီကို ဗီယက်နမ်နိုင်ငံမှာ ဖွင့်လှစ်ခဲ့တာပါ"ဟု Hitachi Home Electronics Asia Singapore နှင့် မြန်မာကုမ္ပဏီတို့၏ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာ ဟီရိုကီနာကာနိုကပြောကြားခဲ့သည်။

Hitachi Home Electronics Myanmar Co., Ltd. သည် မြန်မာ့အီလက်ထရောနစ်ဈေးကွက်တွင် ပိုမိုနေရာရရှိစေရန်ရည်ရွယ်၍ ၎င်းတို့၏ ပြည်တွင်းဖြန့်ချိရေးကုမ္ပဏီများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Hitachi Home Electronics Asia(Singapore) Ptd., Ltd. အနေဖြင့်လည်း လုပ်ငန်းချဲ့ထွင်ရေး စီမံကိန်းများအတိုင်း အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများကို အင်ဒိုချိုင်းနားဈေးကွက်တွင် ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

**MTD**

# Hitachi နှင့် JP Media Direct တို့ပူးပေါင်း၍ မြန်မာ့စာတိုက်လုပ်ငန်း၏ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းကို အီလက်ထရောနစ်စနစ်သို့ ပြောင်းလဲမည်

Hitachi နှင့် JP Media Direct တို့ပူးပေါင်း၍ မြန်မာ့စာတိုက်လုပ်ငန်း၏ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းကို အီလက်ထရောနစ်စနစ်သို့ ပြောင်းလဲမည်ဖြစ်ကြောင်း ဟီတာချီက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၅ခုနှစ် မေလအတွင်းက ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဆိုအာဘေး မြန်မာနိုင်ငံသို့ လာရောက်စဉ်က မြန်မာ့စာပို့တိုက်လုပ်ငန်းကို အီလက်ထရောနစ်စနစ်သို့ ပြောင်းလဲရန် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီးနောက် မြန်မာနိုင်ငံ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန (ယခင်ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန)နှင့် JP Media Direct တို့ပူးပေါင်း၍ အဆိုပါလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ကြမည်ဖြစ်သည်။

JP Media Direct သည် ဂျပန်နိုင်ငံ ပြည်ထဲရေးရာဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြင့် မြန်မာ့စာတိုက်လုပ်ငန်း၏ အဆင့်မြှင့်တင်မှုစီမံချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

ဟီတာချီကုမ္ပဏီအနေဖြင့် JP Media Direct နှင့် ချိတ်ဆက်၍ မြန်မာ့စာပို့တိုက်လုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများကို အီလက်ထရောနစ်စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဟီတာချီက သတင်းထုတ်ပြန်ခဲ့သည်။




ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာတိုက်ရုံးပေါင်း ၁၅၀ ခန့်တွင် ယခုအချိန်အထိ စာရွက်စာတမ်းများဖြင့် ရေးသားလုပ်ဆောင်လာခဲ့သည့် လုပ်ငန်းများကို အီလက်ထရောနစ်စနစ်အဖြစ် ပြောင်းလဲတော့မည်ဖြစ်သည်။

ယင်းကဲ့သို့ အီလက်ထရောနစ်စနစ်အဖြစ် ပြောင်းလဲရာတွင် အဓိက လိုအပ်ချက်တစ်ခုဖြစ်သည့် အိုင်တီလုပ်ငန်းများတွင် JP Media Direct နှင့် ဟီတာချီတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

ဟီတာချီနှင့် JP Media Direct တို့သည်၂၀၁၅ ခုနှစ်အတွင်း မြန်မာ့စာတိုက်လုပ်ငန်းမှ စာတိုက်ရုံးပေါင်း ၁၈ရုံးအတွက် ငွေလွှဲဝန်ဆောင်မှုစနစ်သစ်ဖြစ်သည့် အီလက်ထရွန်နစ်စနစ်ကို ပြောင်းလဲအသုံးပြုသည့်စနစ်ကို စမ်းသပ်လုပ်ဆောင်ပေးခဲ့သည်။

အဆိုပါစမ်းသပ်လုပ်ဆောင်ခဲ့သည့် ရလဒ်များကို အခြေခံ၍ ယခုအခါတွင် ယင်းစနစ်ကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ခြင်းနှင့် အသုံးပြုမည့်စာတိုက်အရေအတွက်ပိုမိုများပြားလာစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟီတာချီက သတင်းထုတ်ပြန်ထားသည်။

ယင်းအီလက်ထရောနစ် ငွေပို့လွှာစနစ်တွင် စာရင်းစာရွက်များကို အိုင်တီစနစ်ဖြင့် ရေးသားပြီး ရိုက်ထုတ်ပေးမည်ဖြစ်ရာ စာတိုက်ဝန်ထမ်းများ၏ လက်ဖြင့် ရေးသွင်းနေရသောလုပ်ငန်း ပမာဏလျော့နည်းသွားပြီး လုပ်ဆောင်ချက်မှတ်တမ်းများ ပိုမိုတိကျလာမည်ဖြစ်သည်။ ထို့ပြင် ထိရောက်သည့် အကျိုးသက်ရောက်မှုရှိပြီး လုံခြုံသော ငွေပို့လွှာဝန်ဆောင်မှုကို အကောင်အထည်ပေါ်လာစေရန် ဦးတည် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**မယ်သီတာ**

# Pyay Garden Residence စတင်ဖွင့်လှစ်ခြင်းအတွက် အကြိုမိတ်ဆက်ပွဲကျင်းပမည်

Pyay Garden Residence စတင်ဖွင့်လှစ်ခြင်းအတွက် အကြိုမိတ်ဆက်ပွဲကို ဇူလိုင်လ ၁၆၊ ၁၇၊ ၂၃နှင့် ၂၄ ရက်တို့တွင် အဆိုပါ Pyay Garden Residence တည်ရှိရာ စမ်းချောင်းမြို့နယ်၊ ပြည်လမ်းတွင်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိတ်ဆက်ပွဲကို Noon High Tea View and Book Promotion ဟု အမည်ပေးထားပြီး ပွဲကာလအတွင်း လာရောက်ကြည့်ရှုလေ့လာကာ သုံးလအတွင်း ငှားရမ်းဝယ်ယူရန် စာရင်းသွင်းထားရုံဖြင့် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျှော့စျေးများဖြင့် ရောင်းချပေးမည့်အထူးနှုန်းထားများကို ခံစားရရှိနိုင်မည်ဖြစ်သည့် အပြင် အပိုဆောင်း လက်ဆောင်များလည်းရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Pyay Garden စီမံကိန်းကို ဇေကမ္ဘာအုပ်စုက မြေဧက ၂ ဒသမ ၇၉ ဧကပေါ်တွင် ကိုးထပ်အဆောက်အဦ Office Tower နှင့် ၂၅ ထပ်အမြင့်ရှိ အဆင့်မြင့်လူနေအိမ် ယာတိုက်ခန်းများကို တည်ဆောက်၍ မြို့ပြတည်ဆောက်ရေးလုပ်ငန်းကဏ္ဍ အတွက် နိုင်ငံတကာ အဆင့်အတန်းမီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



Office Tower ကို ၂၀၁၃ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းတာဝါ၌ ရုံးခန်းတစ်ခန်းတွင် လိုအပ်သည့်ဝန်ဆောင်မှုနှင့်ခေတ်မီအထောက်အပံ့ပစ္စည်းများဖြင့်ဖြည့်စွမ်းပေးနိုင်ခဲ့မှုတို့ကြောင့် Office Tower ၏ ၇၀ ရာခိုင်နှုန်းကို ငှားရမ်းနိုင်ခဲ့ပြီ ဖြစ်ကြောင်း Pyay Garden Office မှ အရောင်းမန်နေဂျာ ကိုစိုင်းစစ်မိုး သော်က ပြောကြားသည်။

ယခုအခါ ဝန်ဆောင်မှုအသစ်အနေ ဖြင့် Pyay Garden Office Toweမ နှင့် မြေတစ်ဆက်တစ်စပ်တည်းတွင် တည်ရှိသော Pyay Garden Residence ကိုလည်း စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပြီး အဆိုပါ အဆင့်မြင့်အိမ်ယာ၏ အခန်းများ ဖွဲ့စည်းတည်ဆောက်ပြင် ဆင်ထားရှိမှုများနှင့် ရရှိနိုင်သော ဝန်ဆောင်မှုများအကြောင်းကို မိတ်ဆက်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် အတွက်ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ တစ်စထက်တစ်စဝင်ရောက်လာခဲ့ရာတွင် ယနေ့ခေတ်အိမ်ယာငှားရမ်းဝယ်ယူလိုသူများအနေဖြင့် တည်နေရာ အချက်အခြာကျမှု၊ လုံခြုံမှု၊ ပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်မှုစသည့် အချက်များပေါ်တွင် အဓိကထား ရွေးချယ်လာကြပြီး စျေးကွက်ပြိုင်ဆိုင်မှုများလာသည်နှင့်အမျှ ကောင်းမွန်သော ဝန်ဆောင်မှုပိုင်းကလည်း မြို့ပြလူနေမှုစနစ်ကို ပုံဖော်ရာတွင် များစွာ မူတည်နေကြောင်း Pyay Garden Rersidence မှ အထွေထွေမန်နေဂျာ ဒေါ်သင်းသင်းလှိုင်က ပြောကြားခဲ့သည်။

အဆိုပါ အဆင့်မြင့် အိမ်ယာသည် ၂၅ ထပ်အမြင့်ရှိအဆောက်အဦးတခုဖြစ်ပြီး အခန်းပေါင်း၁၇၃ ခန်းဖြင့် ဖွဲ့စည်းထားသည်။ အိပ်ခန်းအမျိုးအစားမှာ လူနေအိပ်ခန်းသုံးခန်းပါ အမျိုးအစားဖြစ်ပြီး ငှားရမ်းသူများ၏ ရွေးချယ်မှုအပေါ် မူတည်၍ ပရိဘောဂဖြည့်ဆည်းပြီးအခန်းနှင့် အခန်းလွတ်ဟုဆိုကာ နှစ်မျိုးခွဲခြား၍ ငှားရမ်းပေးလျက်ရှိကြောင်းလည်း သိရသည်

အငှားခနှုန်းထားမှာ အခန်းလွတ်တစ်စတုရန်းပေလျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀ နှုန်းရှိပြီး ပရိဘောဂပါဝင်သည့် အခန်းတစ်ခန်းကို တစ်စတုရန်းပေလျှင် အမေရိကန် ဒေါ်လာ ၃ ဒသမ ၇၀နှုန်းဖြင့် ငှားရမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက ပြပွဲပြသမည့်နေ့ရက်များတွင် လာရောက်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## Worldcom Public Relations အဖွဲ့က Zagar Communication ကို ၎င်းတို့၏ မိတ်ဖက်အဖွဲ့အစည်းအဖြစ် ရွေးချယ်

Worldcom Public Relations အဖွဲ့က မြန်မာနိုင်ငံတွင် မီဒီယာဆက်သွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် Zagar Communication ကို ၎င်းတို့၏ မိတ်ဖက်အဖွဲ့အစည်းအဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ရွေးချယ်ခံရခြင်းကြောင့် Zagar Communication သည် ကမ္ဘာလုံးဆိုင်ရာ Public Relations အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်လာခဲ့ကြောင်း သိရသည်။

Worldcom Public Relations Group သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပခဲ့သည့် ၎င်းတို့၏ တစ်ကမ္ဘာလုံးဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးတွင် Zagar အား အဖွဲ့ဝင်သစ်အဖြစ် ပါဝင်ရန် ဆုံးဖြတ်ခဲ့ကြပြီး Zagar Communications နည်းတူ ဗင်ကူးပါးမှ Curve Communications ၊ ဘရပ်ဆဲလ်မြို့အခြေစိုက် European Service Network (ESN) နှင့် အိန္ဒိယနိုင်ငံမှ SPAG အဖွဲ့တို့ကို အဖွဲ့ဝင်သစ်များအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။

Worldcom Public Relations Group သည် ကမ္ဘာအနှံ့ရှိ လွတ်လပ်သောထိပ်တန်း PR အေဂျင်စီများအနက်မှ နာမည်ကျော်စျေးကွက်ဦးဆောင်နေသည့် အေဂျင်စီများဖြင့် ပေါင်းစည်းတည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

“ဒီအောင်မြင်မှုက Zagar ရဲ့ အောင်မြင်မှုမျှသာမဟုတ်ပါဘူး။ မြန်မာနိုင်ငံ သားအားလုံးအတွက်လည်း ကြီးမားတဲ့ အကျိုးအမြတ်ရရှိနိုင်မှာဖြစ်ပါတယ်။ Zagar Communication က Worldcom Public Relations အဖွဲ့ကြီးရဲ့ မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ရှိနေတဲ့အတွက် ကျွန်တော်တို့နဲ့အတူလက်တွဲလုပ်ဆောင်နေတဲ့ မြန်မာနိုင်ငံက အဖွဲ့အစည်းတွေလည်း တစ်ကမ္ဘာလုံးက PR အေဂျင်စီတွေနဲ့ ချိတ်ဆက်ပြီး သူတို့ရဲ့လုပ်ငန်းတွေကို ပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်မယ့်အပြင် ကျွန်တော်တို့ရဲ့ မြန်မာဝန်ထမ်းတွေလည်း နိုင်ငံတကာအဆက်အသွယ်တွေရရှိမယ့် အကျိုးကျေးဇူးတွေ ရှိနေပါတယ်” ဟု Zagar Communications ၏ မန်နေဂျင်းဒါရိုက်တာ Jerome Richard က ပြောကြားခဲ့သည်။

Zagar Communications သည် PR Week Asia 2016 မှ ချီးမြှင့်သည့် New PR Consultancy of the Year ဆု၏ စကာတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်းခံခဲ့ရကြောင်း သိရသည်။ **မယ်သီတာ**

SUPPLEMENT
Vol: 16, No.25 Monday July 11 2016

# ဆက်သွယ်ရေးလောကတွင် အရေးပါလာမည့် Myanmar Connect 2016 ဖိုရမ်ကို စက်တင်ဘာလအတွင်း ကျင်းပမည်

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလောကတွင် အရေးအပါဆုံးသော ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လာမည့် Myanmar Connect 2016 ဖိုရမ်ကို လာမည့်စက်တင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ယူရိုငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းကြီး၏ဌာနခွဲ တစ်ခုဖြစ်သည့် Capacity Media ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Capacity Media သည် အဆိုပါ Myanmar Connect 2016 ဖိုရမ်ကို စက် တင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး ယင်းဖိုရမ်သည် စတုတ္ထ အကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖိုရမ်ကို ဆက်သွယ်ရေးနယ်ပယ်များတွင် နိုင်ငံတကာ၌အောင်မြင်မှုရရှိခဲ့သည်များကို စံနမူနာထားပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးပွဲတွင် ပြည် တွင်းစီးပွားရေး လုပ်ငန်းများကို အရှိန်မြှင့်တင်ပြီး နိုင်ငံတကာဈေးကွက်နှင့် ရင်ဘောင်တန်းနိုင်စေရန်အတွက် ကမ္ဘာ့ အဆင့်မီ စီးပွားရေးမော်ဒယ်ပုံစံများ ရွေးချယ်ကျင့်သုံးကာ အနာဂတ်တွင် မြန်မာ့စီးပွားရေး ပိုမိုတိုးတက်လာစေရန် အဓိက ဆွေးနွေးသွားမည်ဖြစ်သည်။

အမှုဆောင်အရာရှိပေါင်း ၄၀၀ ကျော်ကလည်း မြန်မာနိုင်ငံ၏ စည်းမျဉ်းအသစ်၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုနှင့် စီးပွားရေးလုပ်ငန်းများအချင်းချင်း ဆက်သွယ်မှုအစရှိသည့် ခေါင်းစဉ်ကြီးများကို ဟောပြောသွားမည်ဖြစ်သည်။ ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလောကမှ အဓိကပုဂ္ဂိုလ်များ ဖြစ်ကြသည့် MPT/KSGM Joint Operations မှ အမှုဆောင်အရာရှိချုပ် Takash Nagashima၊ Ooredoo Myanmar မှ အမှုဆောင်အရာရှိချုပ် Rene Meza နှင့် Telenor Myanmar မှ အမှုဆောင်အရာရှိချုပ် Petter Furberg တို့လည်း တက်ရောက်ပါဝင်မည် ဖြစ်သည်။

"ဒီ Myanmar Connect ပွဲမှာ ကုမ္ပဏီတွေ၊ ထောက်ပံ့သူတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ ဥပဒေလုပ်ငန်းလုပ်ဆောင်သူများ၊ အစိုးရဘက်က အကြီးအကဲတွေအစရှိတဲ့ အားလုံးကို တစ်စုတစ်စည်းတည်းနဲ့ ပေါင်းစည်းပေးပြီး အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ မြန်မာ့စီးပွားရေးနယ်ပယ်ထဲကို စိတ်ပါဝင်စားလာစေဖို့ ပေါင်းစည်းပေးလိုက် တဲ့ပွဲဖြစ်ပါတယ်။ ဒီလိုကျွမ်းကျင်တဲ့ ပညာရှင်တွေကို တစ်စုတစ်စည်းတည်း တွေ့ဆုံခွင့်ရတာ တကယ်ကောင်းပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာဗြိတိန် သံအမတ်ဟောင်း၊ ယခု Myanmar Centre for Responsible Business ၏ ဒါရိုက်တာ Vicky Bowman Myanmar Connect က ယခင်နှစ် Myanmar Connect ၏ အောင်မြင်မှုအပေါ် မှတ်ချက်ပေးခဲ့သည်။ **MTD**



## မြန်မာနိုင်ငံတွင် သီးနှံအာမခံစနစ် ပေါ်ထွက်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ လုပ်ဆောင်လျက်ရှိ

မြန်မာနိုင်ငံတွင် သီးနှံအာမခံစနစ် ပေါ်ပေါက်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ လုပ်ဆောင်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO) နှင့် အမေရိကန် နိုင်ငံအခြေစိုက် Syngenta Foundation for Sustainable Agriculture (SFSA) တို့သည် မြန်မာနိုင်ငံတွင် သီးနှံအာမခံစနစ် (Crop Insurance) ပေါ်ပေါက်စေရန်အတွက် လိုအပ်သော အခြေခံဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များနှင့်နည်းပညာဆိုင်ရာအကြံပြုချက်များကို စုစည်းပြုစုရန် နှစ်ဦးနှစ်ဖက်သဘောတူညီမှုလက်မှတ် ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအား စမ်းသပ် ဆောင်ရွက်မှု Dry Run အဖြစ် ကဥ္စန ကျွန်းသာကုမ္ပဏီ၏ပူးပေါင်းပါဝင်မှုဖြင့် ဓနုဖြူမြို့နယ်တွင် လည်းကောင်း၊ ခေတ္တ ရာဟသ်ာကုမ္ပဏီ၏ပူးပေါင်းပါဝင်မှုဖြင့် ပြည်၊ ရွှေတောင်မြို့နယ်တို့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တို့တွင်လည်းကောင်း၊ စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းစဉ်များအရ မိုးလေ ဝသမှတ်တမ်းများ နေ့စဉ်ကောက်ယူ ခြင်း၊ လယ်ယာလုပ်ငန်းခွင်၏အပတ်စဉ် လုပ်ငန်းစဉ်များအား မှတ်တမ်းကောက် ယူခြင်း၊ လုပ်ငန်းခွင်ဓာတ်ပုံမှတ်တမ်း များ ရိုက်ကူးခြင်း၊ မှတ်တမ်းများအား ပြည်တွင်းပြည်ပရှိ Syngenta Foundation သို့ ပေးပို့ခြင်း၊ ပြည်တွင်းပြည်ပ ပညာရှင်များက သုံးလတစ်ကြိမ် ကွင်းဆင်းကြည့်ရှုဆွေးနွေးခြင်းနှင့် တစ်နှစ်စီမံကိန်းအရ သီးနှံနှစ်ရာသီ ပြီးစီးချိန်တွင် ပညာရှင်များ ပူးပေါင်းလျက်သင်္ချာ နည်းအရ စိစစ်သုံးသပ်ခြင်း၊ အစီရင်ခံ စာရေးသားမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် အစိုးရအဖွဲ့အစည်းများ၊ အသင်းဝင်ကုမ္ပဏီများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် သီးနှံအာမခံစနစ်၊ ရာသီဥတု အခြေခံအာမခံစနစ်တစ်ရပ် အမြန်ဆုံး ထူထောင်နိုင်ရန်အတွက်ကြိုးပမ်းဆောင် ရွက်လျက်ရှိကြောင်း အဆိုပါသတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**MTD**

# ယခုဘဏ္ဍာရေးနှစ်တွင် FMI ကုမ္ပဏီ ဝင်ငွေ ကျပ် ဘီလီယံ ၁၁၀ ကျော်ရရှိ

ယခုဘဏ္ဍာရေးနှစ်တွင် FMI ကုမ္ပဏီသည် ဝင်ငွေ ကျပ် ဘီလီယံ ၁၁၀ ကျော်ရရှိခဲ့ကြောင်း FMI ကုမ္ပဏီ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။




FMI ကုမ္ပဏီသည် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍနှင့် ကျန်းမာရေး ဝန်ဆောင်မှုကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံလျက်ရှိရာ ယင်းကဏ္ဍကြီးသုံးခုအနက် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတစ်ရပ်ဖြစ်သည့် ရိုးမဘဏ်နှင့် ကျန်းမာရေး ဝန်ဆောင်မှုကဏ္ဍတစ်ရပ်ဖြစ်သည့် ပန်းလှိုင်စီလုံဆေးရုံတို့မှ ခိုင်မာသော ဝင်ငွေတိုးတက်မှုများ ရရှိခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ် အိမ်ခြံမြေဈေးကွက်သည် ယေဘူယျအားဖြင့် ငြိမ်သက်နေသော်လည်း FMI ၏ အစုစပ်ကုမ္ပဏီဖြစ်သည့် ကြယ်စင်မြို့တော် (Star City) စီမံကိန်းအား တည်ဆောက်လျက်ရှိသည့် ကုမ္ပဏီဖြစ်သည့် Thanlyin Estate Development သည် ၎င်း၏ လုပ်ငန်းများကို ဆက်လက်လုပ်ဆောင် လျက်ရှိကြောင်း သိရသည်။ အဆိုပါ အိမ်ရာတည်ဆောက်ရေး စီမံကိန်းမှ အမြတ်ဝေစု ၃ ဒသမ ၃ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

အိမ်ခြံမြေဈေးကွက်တွင် တိုးတက်မှုရရှိနေသည်ဟူသည့် ခံယူချက်အရ Star City နှင့် Kris Plaza တည်ဆောက်ရေးလုပ်ငန်းများသည် လာမည့် နှစ်တွင် ပိုမိုရောင်းချနိုင်မည်ဟု မျှော်လင့်လျက် ရှိပြီး အိမ်ရာဖော်ထုတ်တည်ဆောက်ရေးစီမံကိန်းများအား ထပ်မံ၍ ရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရိုးမဘဏ်အား ဆက်လက်တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး ယင်းသို့ တိုးချဲ့ခြင်းဖြင့် ရေရှည်တိုးတက်မှုအား ဖန်တီးနိုင်ရန် ဘဏ်၏စီမံခန့်ခွဲမှုနှင့် နည်းပညာတို့အပေါ်တွင် စူးစိုက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရိုးမဘဏ်အနေဖြင့် တယ်လီနောမြန်မာနှင့် ဖက်စပ်ဆောင်ရွက်မှုအဖြစ် Wave Money ငွေလွှဲလုပ်ငန်းတစ်ရပ်ကို ထူထောင်ရန် စီစဉ်ထားပြီး မြန်မာနိုင်ငံ၏မိုဘိုင်းဖုန်းဖြင့် ငွေလွှဲပြောင်းပေးပို့မှုကဏ္ဍတွင် အင်အားတစ်ခုဖြစ်လာရန် အသင့် အနေအထားတွင် ရှိနေကြောင်း သိရသည်။

FMI ကုမ္ပဏီသည် ယခုနှစ် အမြတ်ဝေစုအဖြစ် အစုရှယ်ယာတစ်စုလျှင် ၁၃၅ ကျပ် ခွဲဝေပေးမည်ဖြစ်ကြောင်း သိရသည်။

FMI အနေဖြင့် လာမည့်နှစ်များတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် အမြတ်ထုတ်ရန်အကောင်းဆုံး အနေအထားတွင်ရှိနေကြောင်း၊ ယခုဘဏ္ဍာရေးအကျိုးဖြစ်ထွန်းမှုများသည် ကျွန်တော်တို့၏အနာဂတ် အလားအလာ များကိုမီးမောင်းထိုးပြလျက်ရှိပါကြောင်း၊ မိမိတို့တွင် မဏ္ဍိုင်သုံးရပ်အပေါ် အာရုံစိုက်သော ရှင်းလင်းပြတ်သားသည့် စီးပွားရေးမဟာဗျူဟာ တစ်ရပ်ရှိပါကြောင်း ၊ မိမိတို့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းတိုးချဲ့ရန် အားကိုးတကြီး မျှော်လင့်နေကြသော နိုင်ငံတကာကုမ္ပဏီများအတွက် ရွေးချယ်ရမည့် စီးပွားဖက်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတိုးတက်မှုအတွက် ခိုင်မာသောအခြေခံအုတ်မြစ်တစ်ရပ်အား မိမိတို့ ဖန်တီးထားပြီးဖြစ်ကြောင်း၊ FMI အတွက် အနာဂတ်ကာလသည် လွန်စွာ အလားအလာ ကောင်းမွန်လျက်ရှိပါကြောင်း ဖြင့် FMI ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ဦးသိမ်းဝေက ပြောကြားခဲ့သည်။

**MTD**